

www.burmeseclassic.com



www.burmeseclassic.com



ခိုင်ဇင်သက်

# “ခြေလှမ်းကျွံနှစ် နွံ့ဖြစ်ပါစေ”

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၄၉၀၈၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၂၈၀၄၀၈
တန်ဖိုး - ၂၃၀ ကျပ်
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်
ထုတ်ဝေသည့်ကာလ - ၂၀၀၈ ခုနှစ်၊ မေလ

မျက်နှာဖုံး ——— ဦးတိုးဝင်း(နေလရောင်အော့ဖ်ဆက်)
(၀၂၄၃၁) အမှတ်(၉၆/ခ)၊ (၁၁)လမ်း၊ ရန်ကုန်မြို့


အတွင်းပုံနှိပ် ——— ဦးဝင်းအောင် (သန်းထိုက်ရတနာပုံနှိပ်တိုက်)
(၀၅၁၃၁) အမှတ်(ဂ၄/ဂ၆)၊ လမ်း(၅၀)၊
၁ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ ------- ဦးတိုးဝင်း (မြဲ ၈၉၃) ရန်ပိုင်ဦးစာပေ၊
(၉၃/၁၁)လမ်း။



### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

# ခိုင်ဇင်သက်

## ခြေလှမ်းကျွံနစ် နွံဖြစ်ပါစေ

ရန်ပိုင်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုမှန်းသိရင် မျက်မှန်ချွတ်ထားလိုက်တယ်။

အဝေးမှုန်နေတာဆိုတော့ မျက်မှန်ချွတ်ရင် တော်တော် လှမ်းလှမ်းဆီ မမြင်ရတော့ဘူး။ ဒါဆိုရင် ဒီအပေါ်ဆုံး ဝရန်တာကနေ အောက်ငုံ့ကြည့်လို့ မမြင်နိုင်တော့ဘူးပေါ့... ဒါဆိုရင် အဘွားနဲ့ နုနုတို့ ညီမာတို့ ချိုသဲတို့တွေ အပြင်သွားကြမှာကို မမြင်ရတော့ဘူး။

" ဆမ်းမား... ဝရန်တာကနေ ဘာကြည့်နေလဲ... မေမေ ဈေးသွားတာ ကြာလိုက်တာ... လိုက်သွားပါလား..."

" မမခက်... အဘွားနဲ့ နုနုတို့ ဘယ်သွားကြတာလဲ မသိဘူး... ကားသုံးစီးနဲ့ကို သွားကြတာ... ညီမာတို့ ချိုသဲတို့တွေ လည်း ပါတယ်... မြေးဆိုတာ မြေးပါပဲ မဟုတ်လား မမခက်ရယ်..."

" ဆမ်းမားရယ်... ငါ့ညီမလည်း တစ်နေ့တစ်နေ့ ဒါပဲ... သွားပါ... မမခက် ခြေထောက်နာနေလို့ပါ..."

မေမေကလည်းလေ... အမြဲလို ကိုယ်တိုင် ဈေးသွားရမှ ကျေနပ်တယ်။ ဝလွန်းသော ကိုယ်ခန္ဓာကလည်း ဘွားဘွားနှင့် တဟူတူလောက်ကို ဖြစ်နေပါပြီ။ ပြီးတော့ မေမေက အံ့ဩဖွယ် ကောင်းလောက်အောင် အေးဆေးလွန်းပါတယ်။ ညီအစ်ကို မောင်နှမ တွေ ဘယ်လိုပြောပြော... ဘာပြောပြော... ပြောချင်ရာပြော နားထောင် နေလိုက်တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



လှေကားတွေအတိုင်း ပြေးဆင်းလာခဲ့ပါတယ်။ စတုတ္ထဝ ဘေး လှေကားလည်းရောက်ရော လှေကားထစ်လေးမှာ ထိုင်နေ မေမေ့ကို တွေ့ရပါပြီ။

" မေမေ... ဘာဖြစ်လို့လဲ... နေမကောင်းလို့လား "

" ဒူးနာတယ် . သမီးရယ်..."

" ဒူးနာရင်လည်း ဈေးမသွားပါနဲ့လား မေမေရယ် လိုတာကို ဆမ်းမား ဝယ်ပေးမှာပေါ့..."

" ခက်ခက်ပဲ ဝယ်ဝယ်... ဆမ်းမားပဲ ဝယ်ဝယ်... မေ စိတ်တိုင်း မကျပါဘူး..."

" ဒီသားအမိ ဘာလုပ်နေကြလဲ..."

စတုတ္ထထပ်ရဲ့ အခန်းတံခါး ပွင့်သွားပြီးတော့ အန်ကယ် ချောရဲ့အသံ ကြားရပါတယ်။

" ဈေးပြန်လာတာပါ အစ်ကိုချောရယ်... မမသင်းရော

" သင်းသင်းနဲ့ လင်းလင်းက ထုံးစံအတိုင်း ဈေးဝယ်ထွ တယ်... အိမ်စောင့်ရှိတယ် မဟုတ်လား နှင်းနှင်းရဲ့... မမဝင်းတို့ တော့ မာမီနဲ့ သန်လျင် ဘုရားဖူးဆိုလား ထွက်သွားကြတယ် ချိုသဲတောင် လိုက်သွားတယ်... ဒီတစ်ခါ ပေါ်ကြော်ရင် ငါ့ကိုကျွေးဦး နှင်းနှင်း..."

အန်ကယ်လ်ချောကတော့ မေမေ့အစ်မ အန်တီသင်း ဝင်ပွန်းပါ။ ပင်စင်ယူပြီးကတည်းက အိမ်မှာပဲ အမြဲရှိနေပါတ ဟင်းချက်ကောင်းတဲ့ မေမေ့ဆီမှာ ဟင်းလာလာယူစားတတ်ပေ သူတို့အိမ်က ဟင်းကိုတော့ ဆမ်းမားတို့အိမ်အတွက် ပေးလေ့မရှိပါ

" နောက်ထပ်... ခြောက်ထပ် တက်ရတော့မှာ မေမေရဲ



အသွားက တစ်ခါတစ်ခါ ရက်စက်သလိုပဲနော်... ဒီတိုက်ကြီးက ဆယ်ထပ်ရှိတယ်... လေးထပ်အထိပဲ မိသားစုတွေ ရှိကြတယ်... ငါးထပ်က ကိုးထပ်ထိကို ပိတ်ထားနိုင်အောင် အသွား ပြည့်စုံပါလျက် သမီးအရင်းဖြစ်တဲ့ မေမေ့ကိုကျ ဘာလို့ ဆယ်ထပ်မြောက် အခန်းကိုမှ ပေးရသလဲ..."

" ဆမ်းမား... အပေါ်ရောက်ရင် မေမေ့ဒူးကို ဆေးလိမ်းပေး ဦးနော် "

" မေမေ..."

" ဆမ်းမား... မေမေတို့ ဒီအထပ်ကလေးမှာ နေခွင့်ရတာ တောင် ကံကောင်းလို့လို့ မှတ်ပါ... ဒီလောက်နဲ့တောင် မာမီ့ကျေးဇူး များလှပါပြီ..."

မေမေက ပြောလိုက်ရင် ဒီလိုချည်း ပြန်ပြောတတ်ပါတယ်။ ဘွားဘွား အကြောင်းကို ဆမ်းမားပြောရင် မကြိုက်ပါဘူး။ ဘွားဘွားက သားသမီးတွေမှာ မေမေ့ကို ဘာလို့ ဂရုမစိုက် အလိုမလိုက်ရတယ် ဆိုတာ သိပေမယ့်... မေးရင်လည်း စကားတွေသာ လွဲပစ်တတ်ပြီးတော့ ဖြေပေးလို့မရပါဘူး။

" မေမေ သိပ်ကြာနေလို့ ခက်စိတ်ပူတာနဲ့... ဆမ်းမားကို လွှတ်လိုက်တာ "

" မပူပါနဲ့... မေမေ နေကောင်းနေတာကိုများ..."

မမခက်က မေမေဝယ်လာတဲ့ ဈေးခြင်းကို ယူပြီးတော့ ဖိုထဲ ဝင်သွားပါပြီ။ မမခက် အလုပ်နားရက်ဆိုရင်တော့ မီးဖိုကိစ္စ ဆမ်းမား ကူစရာမလိုပါဘူး...။ ဒါကြောင့်လည်း ဆမ်းမား ပျင်းရင် ...ဖို့တာက အောက်ငုံ့ကြည့်နေတာပါပဲလေ...။

www.burmeseclassic.com

www.burmeseclassic.com



ချိုသဲတို့ နုနုတို့လို အဘွားက ဆမ်းမားကို ဘယ်တော့မှ မခေါ်ကာပဲ...။

◈

" ဆမ်းမား အိပ်နေတုန်းလား ခက်ခက်... ဒီကောင်မလေးက ညညဆို မအိပ်ပဲ စာတွေဖတ်နေတာ... မနက်ဆို နိုးရပြီ..."

" မေမေ... ဆမ်းမားကို ဒီအတိုင်းနေခိုင်းမလို့လား... အလုပ်ကလေး ဘာလေးမလုပ်ခိုင်းတော့ဘူးလား... သူ့ကို ဘွဲ့ရသည် အထိလည်း မေမေလိုက် စောင့်ရှောက်နေတာ... အခု သူလည်း ဘွဲ့ရပြီး နားလည်သိတတ်တဲ့ အရွယ် ရောက်နေပါပြီ... လွတ်လွတ် လပ်လပ် အလုပ်လုပ်ပါစေလား..."

မျက်နှာသစ်ဖို့ ရေချိုးခန်းဆီအသွား မေမေနှင့် မမခက် တိုင်ပင်နေသံကြောင့် အခန်းပြင်ကနေ ငြိမ်နားထောင်နေလိုက်ပါတယ်။ ဘွဲ့ရပြီး ဘာအလုပ်မှ မလုပ်ရတော့ ပျင်းနေတာ အမှန်ပါပဲ။ မေမေကတော့ ဆမ်းမားရဲ့ အလုပ်ကို မေမေ စီစဉ်ပေးမှာပါလို့ ပြောထားပြီးသားပဲလေ...။

" ဆမ်းမားကို မေမေ ဘာတွေ စိတ်ပူတယ်ဆိုတာ ခက် သိပါတယ်... ဒါပေမယ့် သူ့ကို ရင်ခွင်ထဲထည့်ထားလို့ အမြဲ မရနိုင်ပါဘူး မေမေ... ခက်တို့က ဘေးကနေ သူလျှောက်တဲ့လမ်း တည့်မတ်ဖို့ပဲ ကြိုးစားပေးရမှာပါ..."

" ခက်ပြောတာ မှန်ပါတယ်... မေမေကိုက စိတ်ပူနေ တာပါ... မေမေ့စိတ်မှာကိုက မမသင်းတို့ မမလင်းတို့ ဝမ်းနည်းတို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ရင် အားငယ်နေသလို ခံစားရတယ်... ဆမ်းမားကိုလည်း မေမေ့လို ခံစားရမှာ စိုးရိမ်တယ်... နုနုတို့ ချိုသဲတို့ထက် မသာရင်တောင်မှ မနိမ့်ကျစေချင်ဘူးလေ... အခုဆို အရွယ်လေးတွေက အတူရောက်လာကြတယ်... အိမ်ထောင်ရေးချင်း ယှဉ်ရင် ဆမ်းမား နိမ့်ကျ ဒုက္ခရောက်သွားမလား မေမေ စိတ်ပူတယ်..."

" ဆမ်းမားက လိမ္မာပါတယ် "

" အိမ်ထောင်ရေးကျရင်တော့ ပြောရခက်ပါတယ်... အပြင်မှာ အလုပ်တစ်ခုခု ခိုင်းလိုက်ရော... မဟုတ်တဲ့လူနဲ့ တွေ့လို့ ရှိရင် မေမေ ရင်ကျိုးရမယ်... ခုမှ မေမေလည်း မာမီ့ဝင့်တွေ လိုက်နေပါပြီ ခက်ခက်ရယ်..."

မေမေ့အသံက စိတ်ညစ်နေတာမျိုးလား...။

" လူတစ်ယောက်အတွက် အိမ်ထောင်ရေးဆိုတာ ပြောနိုင်တာ မဟုတ်ပါဘူး မေမေ... ခက်ကိုပဲ ကြည့်လေ... ကိုလွင့်ကို ဘယ်လောက်ချစ်ချစ် ကိုလွင်က ဘယ်လောက်ချစ်ချစ် ကံမှ မကောင်းတာ.... ခက်တို့ မေမေတို့ အိမ်ထောင်ရေး ကံမကောင်းတာနဲ့ပဲ ဆမ်းမားက ကံမကောင်းဘူး ပြောမရပါဘူး... သူ့ဘဝနဲ့ သူပါ..."

မမခက်ကတော့ မေမေ့ကို သေချာရှင်းပြနေပါတယ်။ မေမေတို့ မမခက်တို့က အိမ်ထောင်ရေး ကံမကောင်းဘူးတဲ့လား။ ဖေဖေဆိုတာ ဘယ်လိုပါလိမ့်လို့ ဆမ်းမားက သေချာမသိခဲ့လေတော့... မေမေ ဘာကြောင့် အိမ်ထောင်ရေး ကံမကောင်းတယ် ပြောရခက်ပါ ...။ မမခက်ကတော့ တကယ်ဆို ဆမ်းမားရဲ့ အစ်ကို ကိုကိုလွင့်ရဲ့ ...။ ကိုကိုလွင်ကလည်း ချစ် မမခက်ကလည်း ချစ်ပါလျက်... ...ကြားမှာ ဆုံးသွားတဲ့အခါ မမခက်က သူ့အိမ်ကို



မပြန်တော့ပါပဲ နေလက်စအတိုင်း ယောက္ခမဖြစ်တဲ့ မေမေနဲ့ပဲ နေပါတော့တယ်။

" ဆမ်းမား နိုးပြီလား... ရေချိုးပြီးရင် ထမင်းကြော်စား..."

" မမခက် တနင်္ဂနွေနေ့ အိမ်မပြန်ဘူးလား "

" အမေက မိသက်နဲ့ ကျိုက်ထီးရိုးသွားတယ်... အိမ်မှာ မောင်မောင်ပဲ ရှိတယ်..."

" ဆမ်းမားတို့ဖြင့် ဘယ်မှမသွားရတာ ကြာပြီနော်..."

" ခရီးထွက်တယ်ဆိုတာ ငွေပေါပေါပါမှ ကောင်းတာ... ငွေကို ချွေတာနေရရင် မပျော်တော့ဘူး "

" ခက်ခက် အိမ်ရှေ့မှာ တံခါးခေါက်နေတယ်... သွားကြည့်လိုက်ဦး..."

ဆမ်းမားကတော့ မျက်နှာသစ်ပြီး တစ်ခါတည်း ရေချိုးပစ်လိုက်ပါတယ်။ အခန်းထဲ ပြန်ဝင်ခဲ့တော့မှ အိမ်ရှေ့ဧည့်ခန်းမှာ အသံကျယ်ကျယ်ကို ကြားရတာ။ အန်တီလင်း အသံပါပဲ။ အန်တီလင်းက သူကိုယ်တိုင် နားနည်းနည်းထိုင်းတော့ အသံအကျယ်ကြီး ပြောတော့တာပါ။

" ငါလည်း အရမ်းအံ့သြပြီး နှုတ်တောင် နှုတ်မဆက်နိုင်ပါဘူး နှင်းရယ်... သူကစပြီး မမလင်း နေကောင်းကြလား... မာမီ့ဆီလာခဲ့ဦးမယ် ဆိုတော့မှ ငါလည်း ပြန်ပြောနိုင်တာ... သူ့သားလေးတဲ့ဟယ်... ကောင်လေးက ချောလိုက်တာ... ငါလည်း မနေနိုင်ဘူး ညီမှာအတွက် ခင်ပွန်းကောင်းတစ်ယောက် ရနိုင်ပါ... လေ... ဒါနဲ့ အိမ်ကို ဖိတ်ခဲ့တယ်... သူ့မိန်းမအကြောင်းတော့ မမေးလိုက်ရဘူး... နှုတ်ဆက်ပြီး ခြေလှမ်းကျော်သွားကတည်း နှင်းရေ...

www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေလားတဲ့…၊ နင့်ကို မမေ့နိုင်သေးဘူး…"

"တော်ပါတော့ မမလင်းရယ်… အဲဒီအကြောင်း သတိကို မရချင်တော့ပါဘူး…"

"သူ့ခမျာ အခုထိ နှင်းအဆင်ပြေရဲ့လားဆိုတည်းက နင့်အပေါ် စိတ်မပြတ်ဘူး ထင်ပါရဲ့"

"မမလင်းကလည်း…"

အန်တီလင်းက ဘာတွေ ပြောနေပါလိမ့်။

မေမေ့အကြောင်းများလား…။ ဆမ်းမား အပြင်ထွက်လာတာ မြင်တော့ အန်တီလင်းက ပြောပါပြီ။

"ဆမ်းမားရေ… ညီမြာ ကြာဇံချက် ချက်နေတယ်… သွားစားချေ…"

"ဟုတ်ကဲ့…"

ဆမ်းမားအတွက်တော့ အန်တီလင်းတို့ အိမ်တစ်အိမ်ပဲ တံခါးမရှိ ဓားမရှိ ဝင်လို့ရပါတယ်။ ညီမြာကလည်း ပေါင်းသင်းလို့ ရပါတယ်။ အန်တီဝင်းရဲ့ သမီး နုနုတို့ စုစုတို့က စကားပြောရင် ဆမ်းမားကို နှိမ်ချင်တဲ့ လေသံတွေ များလွန်းလို့ ပြီးတော့ အန်တီဝင်းရော… အန်ကယ်စိုးရောက လူကို အထင်သေးသလို မသင်္ကာသလိုနဲ့… ဒါကြောင့် အန်တီဝင်းတို့ တိုက်ခန်းထဲဆို ဆမ်းမား ဘယ်တော့မှ မဝင်တော့ပါဘူး။

အန်ကယ်ချောနှင့် အန်တီသင်းကျတော့ တစ်မျိုး…။

ကမ္ဘာလောကကြီးတစ်ခုလုံး သူတို့သမီး ချိုသဲကလွဲပြီး ချောတဲ့လှတဲ့ တော်တဲ့သူ မရှိတော့ပါဘူး… ပြီးတော့ ဆမ်းမားမို့ အခန်းထဲရောက်ရင် ပစ္စည်းတွေ သိမ်းလိုသိမ်းနဲ့… ပစ္စည်းလာခိုးတဲ့



လူလို ဖြစ်နေတော့တာမို့ အဲဒီ အခန်းထဲလည်း မဝင်တော့ပါဘူး။

ဒါဖြင့်ရင် ဦးဦးမောင် အခန်းကျတော့ကော…။ ဦးဦးမောင်က တော့ မေမေ့ မောင်အငယ်ဆုံး… ဦးဦးမောင်အခန်းမှာ အဘွားလည်း ရှိသလို ဦးဦးမောင် မိန်းမ အန်တီဇာခြည်က ပိုတောင်မှ အထင်သေး တတ်သလိုပါပဲ…။ သူတို့သားလေး ဇော်ကိုကိုမောင်ကသာ ဆမ်းမား အပေါ် အစ်မတစ်ယောက်လို မြင်ရှာတာပါ…။

"ညီမြာ… ကြာဇံချက်ချက်နေတယ်ဆို…"

"ဟော… ဆမ်းမား… မာမီတော့ အန်ဖာနှင်းဆီကို ရောက်နေပြီ· မဟုတ်လား…"

"အင်းပေါ့… ဘာတွေပြောနေမှန်း မသိဘူး…"

"အန်တီနှင်းရဲ့လူလို့ပြောတဲ့ အန်ကယ်ကြီးတစ်ယောက်နဲ့ ဆုံလာသတဲ့လေ… အဲဒါပဲ ပြောနေတော့တာ… ဘွားဘွားက အဲဒီ အန်ကယ်နဲ့ အန်တီနှင်းကို သဘောကျခဲ့တာ… အန်တီနှင်းက ဆမ်းမား ဒက်ဒီကိုပဲ ကြိုက်လို့ ယူခဲ့တယ် ပြောတာပဲ"

"ဟုတ်လား…"

ညီမြာ့လက်ရာ ကြာဇံချက်ကတော့ မွှေးကြိုင်နေတာပါလား။ အန်တီလင်းနှင့်ညီမြာ ချက်စားသရွေ့ကို ဆမ်းမားတို့ကို အမြဲကျွေး တယ်ပါတယ်။

"ဆမ်းမားကိုတောင် အင်္ကျီတစ်ထည်ပေးမလို့… ညီမြာ့ ယူနီဖောင်းအင်္ကျီလေ… ချုပ်လိုက်တာ ဘယ်လိုချုပ်တယ် မသိပါဘူး… ကျပ်နေတာပဲ…"

"ညီမြာ ဝလာတာကိုး…"

"ဝ… ဝပါစေဦးတော့ အခုဟာက ဝတ်လို့[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကျပ်နေတာ… ဆမ်းမားက ပိန်ပိန်လေးဆိုတော့ ဝတ်လို့ရမှာပါ… အသစ်ကျပ်ချွတ်နေ၁်… အဟောင်းမဟုတ်ဘူး "

" အေးပါ…"

" ချိုသဲကတောင် ပေးပါ ပြောထားတာ… ငါက သူတို့ကျ တော့ အမြင်ကပ်လို့မပေးတာ… ချိုသဲက အန်ကယ်ချောလိုပဲ သူများဆီကပဲ လိုချင်တာ သူတို့ပြန်ပေးရမယ်ဆို လုံးဝပဲ…"

ညိုမြာပြောတာ ဟုတ်နေတော့ ရယ်ရတာပေါ့…။

အန်ကယ်ချောကလည်း မေမေ့လက်ရာကြိုက်တယ်ဆို ငပိကြော်ကြော်ငါးကြော်တောင်းနဲ့ သူတို့ဖာင်းကျတော့ ဘာချက်မှန်း တောင် မသိလိုက်ရပါဘူး။

" ဆမ်းမားကို အလုပ်ရှာပေးမယ်လို့ မာမီက ပြောနေတယ်… ညိုမြာတို့ဘဏ်ကလည်း ဝန်ထမ်းအသစ်ခေါ်တာ မကြာသေးလို့ ထပ်မခေါ်ပြန်ဘူး… နုနုတို့ ကုမ္ပဏီမှာကော လုပ်ချင်လား…"

" နုနုတို့ စုစုတို့နဲ့ နီးနီး မနေချင်ပါဘူး… ညိုမြာရယ်… သူတို့ မျက်စိရှေ့မှာဆို ပြောနေမှာ…"

" အန်တီနှင်းကတော့ ဆမ်းမားကို အလုပ်ထဲ ဝင်စေချင်ပုံ [illegible]ရဘူး… ဒါပေမယ့် ဘွဲ့ရပြီးပြီပဲ… ကိုယ့်ဘဝလမ်း ကိုယ်ကြိုးစားရမှာ [illegible]ကလား… အိမ်ရှေ့က ဘဲလ်သံပါလား… မာမီ ပြန်လာတာ [illegible]ယ်… ဆမ်းမား… သွားဖွင့်ပေးလိုက်ပါဦး "

[illegible]ကြာဖ်ချက် ပြင်နေပြီလေ…။ ဒါကြောင့် အိမ်ရှေ့ [illegible] ဖွင့်လိုက်တော့ တစ်ခါမှလည်း မမြင်ဖူးတဲ့ လူစိမ်း [illegible]။

" [illegible] ရှိလား…"



" ညိုမြာ… ရှိတယ်… ညိုမြာရေ ဧည့်သည်လာတယ်…"

" ဘယ်သူလဲ "

" ညိုမြာ… ငါပါ "

" ရာပြည့်ကျော်လား ဝင်ခဲ့လေ… ငါထမင်းစားခန်းမှာ…"

အဲဒီကောင်လေး ထမင်းစားခန်းဆီ ဝင်သွားပါပြီ။ မေမေ [illegible]ဆို ဆမ်းမားကို ခုလိုမျိုး ကောင်လေးတွေနှင့် ခင်ခင်မင်မင် [illegible]ခွင့်မပေးပါဘူး။ အန်တီလင်းကတော့ ညိုမြာ့သူငယ်ချင်း [illegible]ကောင်လေးတွေကို အိမ်လာလည် ခင်မင်ခွင့်ပေးပါတယ်။

" ညိုမြာ… ငါပြန်တော့မယ် "

" ဟယ်… ဒီမှာပဲ ကြာဇံချက်သောက်သွားလေ…"

" ဟင့်အင်း ချိုင့်နဲ့ပဲ ထည့်ယူသွားမယ်… မမခက်လည်း [illegible]တယ် "

" ဒါဆိုလည်း သုံးယောက်စာ ထည့်ယူသွား…"

ရာပြည့်ကျော်ဆိုတဲ့ ကောင်လေးရှိပါလျက် ကြာကြာမနေ [illegible]ဘူး။ မေမေက မနှစ်သက်ဘူးဆိုတာ သိနေမှကိုး။ ချိုင့်ကလေးယူပြီး [illegible]ပြန်ပြီဆို ထွက်ခဲ့တာမှာ…။

" အဲဒါ ဘယ်သူလဲ ညိုမြာ… ငါနဲ့ မိတ်ဆက်ပေးပါလား"

" ရာပြည့်တို့က အတော်သိချင်နေပါရော… အဲဒါ ငါတို့ [illegible]စ်ဝမ်းကွဲ ညီမ… အပေါ်ဆုံးထပ်မှာ နေတယ်… ဆမ်းမား… [illegible]ကျောင်းနာမည်က နွေဦးခင်တဲ့…"

" ဆမ်းမား… နွေဦးခင်…"

အပေါ်ထပ်ဆီ ပြန်တက်ခဲ့ပါပြီ။

သူငယ်ချင်းလည်း မဖြစ်ချင်ပါဘူး။ ကျောင်းတက်[illegible]

www.burmeseclassic.com

www.burmeseclassic.com



လည်း ယောက်ျားလေးသူငယ်ချင်း မရှိပါဘူး။ မေမေက မနှစ်သက်ဘူးလို့ တစ်ခါ ပြောဖူးတာနှင့် ကောင်လေးတွေကို မခင်မင်ရဲတော့ဘာပါ။

" ဟဲ့ ဆမ်းမား... ဒါက နှင့်မေမေနဲ့ မခက်ဖို့လား... နှင်ရော သောက်ခဲ့ပြီလား "

" အန်တီလင်း ပြန်တော့လေ... ညီမ္မာ့သူငယ်ချင်း ကောင်လေးတစ်ယောက် အလည်ရောက်နေလို့ "

" သြော် ရာပြည့်နေမှာပါ..."

အန်တီလင်းကတော့ အေးအေးဆေးဆေးပါပဲ...။ မေမေကတော့ မမလင်း ပြန်တော့လေဆို လွှတ်နေပါပြီ...။ ကြားဖို့ချက်တွေ ပန်းကန်ထဲ ထည့်ရင်းမှ မမလင်းကတော့ ညီမာ့ကို အလိုလိုက်လွန်းတယ်ဆိုတဲ့ မေမေ့အသံကို ကြားလိုက်ရပါသေးတယ်။

◈

ဝတ်ရည်နှင့် နှစ်အတော်ကြာခင်ခဲ့ပေမယ့် မေမေက အဲဒီ ကောင်မလေးက ချစ်သူရှိတယ်... မခင်ပါနဲ့ဆိုလို့ မတွေ့ရတော့ပါဘူး။ တကယ်တော့ ဝတ်ရည်က ပေါင်းသင်းလို့ ကောင်းတဲ့ သူငယ်ချင်းပါ... ကူလည်း ကူညီတတ်ပါတယ်...။ ဝတ်ရည့်ရဲ့ချစ်သူ အာကာကလည်း ဖိတ်သဘောကောင်းပေမယ့် မေမေက မနှစ်သက်ဘူးလေ၊

" ဆမ်းမားရေ... နှင်းနှင်းရော... ရှိလား "

" အန်တီလင်း... မေမေနဲ့ မမပက် အပြင်သွားပါတယ်..."

အန်တီလင်းကြီးကတော့ ဘာပြောစရာရှိတယ်မသိ... ရောက်လာပြန်ပါပြီ...။

အန်တီလင်း ပြန်ဆင်းသွားပြီးလို့မှ မကြာသေး။

ဝရန်တာမှ ခေါင်းလောင်းကြိုးဆွဲသံကို ပြင်းပြင်းထန်ထန် ကြားရပါတယ်။ ဘယ်က ဧည့်သည်ပါလိမ့်။ ဝရန်တာမှ ငုံ့ကြည့်မိတော့ ပလက်ဖောင်းပေါ်မှာ လူစုံလှချည်လား...။

" ဆမ်းမား... ဆင်းခဲ့... ဆင်းခဲ့... ဆင်းခဲ့ "

အန်တီသင်းကြီးကိုယ်တိုင်က ဆင်းခဲ့တဲ့။ ဘာလို့ပါလိမ့်။ ဒါကြောင့် အမြန်ဆုံး ဆင်းပြေးခဲ့ရတာ။

" မြန်မြန်ဆင်းခဲ့ပါဆိုမှ ကြာလိုက်တာဟယ်..."

အပေါ်ဆုံးထပ်က ပြေးဆင်းရတာ... ဒီလိုဆိုလည်း...

www.burmeseclassic.com

www.burmeseclassic.com



ပဉ္စမထပ်အခန်း ပိတ်ထားရတာ... အဲဒီအခန်းမှာ ထားပါလား...။

" ဆမ်းမားရေ... ကားတွန်းချင်လို့... ကားတွန်းပေးပါလား"

" ရှင်..."

ကားတွန်းချင်လို့တဲ့။ အံ့သြရပါပြီ။ နုနု စုစု ချို့သဲ... အားလုံး အနားမှာ ရှိပါတယ်။ အဲလိုပါပဲ... အန်တီသင်း အန်တီဝင်း အဘွား အန်ကယ်လ်ချော အားလုံးရှိပါလျက်... ကားတွန်းဖို့အတွက် ဆမ်းမားကို လှမ်းခေါ်သတဲ့။

" ဟာ... နေပါစေ မာမီ... ကလေးကို မတွန်းခိုင်းပါနဲ့... ကျွန်တော်တို့ သားအဖ ကားငှားပြန်လည်း ရပါတယ်..."

" ဒက်ဒီ... ကားက အရှိန်ရရုံတွန်းရင် ကောင်းသွားမှာပါ..."

" ဆမ်းမား... တွန်းပေးလိုက်..."

နုနုတို့တွေက လှစ်ခနဲဆို တစ်ယောက်ပြီးတစ်ယောက် ထွက်သွားကြပါရောလား။ အဘွားကလည်း အဲဒီအန်ကယ်ကို နှုတ်ဆက်ပြီး ဝင်သွားပြီ။ နောက်ဆုံး အန်တီလင်းကြီးတစ်ယောက်ပဲ ကျန်ခဲ့တယ်။

" မောင်ဇော်လတ်... ဆမ်းမားက နှင်းနှင်းသမီးလေးလေ..."

" ဟုတ်လား... သမီးက အချောလေးပဲ..."

" ဒါက ချောတယ်..."

ရုတ်တရက် အဲဒီလူဆီက အသံကြောင့် ဒေါသဖြစ်စွာ ...ပါပြီ။ ဒီလူနှယ် ယောကျ်ားလေးတဲ့... နဖတ်လှုပနေတာပါလား။ ပြီး... ပွူးကြိုင်နေတာပါပဲ။

" ...သားငယ်..."

" ...ဖွန်းမှာဆို တွန်းပါ... သိပ်မတွန်းရပါဘူး... နည်းနည်း



...ား အရှိန်ရတာနဲ့ နိုးပါတယ်..."

" ဖြစ်မလား ဆမ်းမား..."

ဖြစ်ပါတယ်ဆို တွန်းရတာပေါ့လေ။ နိုင်းစရာရှိရင်တော့ ...ိုက်မှာ ဆမ်းမားကို သတိရကြတာပါလား။ အဘွားရဲ့ အလှူ ...ည်း မေမေက ချက်ရတယ်... ဆမ်းမားက ပန်းကန်ဆေးရတယ်။ ...ခါတစ်ခါတော့ စိတ်မှာ အံ့သြ စိတ်ပျက်ရသလိုပါပဲ။ ဆမ်းမား ...းမှာ ချွေးတွေသီးလာအောင်မောတော့မှ ကားစက် နိုးသွား ...တယ်...။

" ကလေး မောသွားပြီ ထင်တယ်... စိတ်မကောင်းလိုက်တာ ...န်ကယ်က ဦးဇော်လတ်ပါ... ကလေးရဲ့ မေမေကို ပြောပြလိုက်နော်... ...န်ကယ် ဖုန်းလည်း ဆက်ဦးမယ်..."

" အချောလေးရေ... ကျေးဇူးပဲနော်..."

စိတ်ဆိုးဆိုးနဲ့ ကားတံခါးကို ခြေထောက်နဲ့ ဆောင့်ကန်လိုက် ...ဟုတ်ပေ့ဖြစ်သွားမယ်။ လူကိုများ အချောလေးတဲ့ ဒါ သက်သက် ...ဟောင်တာ...။ ဆမ်းမားကို ရုပ်ဆိုးတယ်ဆိုပြီး လှောင်ပြောင် ...တာပေါ့...။ ဒေါသထွက်စရာ ကောင်းတယ်။

" အဲဒါ ဘယ်သူလဲ အန်တီလင်း..."

" အဲဒါ နှင့်အမေကို သေလောက်အောင် ကြိုက်ခဲ့တာပေါ့... ...မေက မောင်ဇော်လတ်ကို မကြိုက်လို့ဆို မင်္ဂလာဆောင်ဖို့ ...စီစဉ်ပြီးတော့မှ နှင့်အဖေကို ယူသွားတာလေ... နှင့်အဖေက ...မားပဲ... အရက်တစ်ခွက်သောက် မိန်းမ တစ်ချက်ရိုက်ဆိုတဲ့ ...းပေါ့..."

" ဟင်..."

www.burmeseclassic.com

www.burmeseclassic.com



ဆမ်းမား မကြားဖူးတာတွေပါလား။ အန်တီလင်း ပြေ
တာတွေ တစ်ခါမှ မကြားဖူးလေတော့ အံ့သြရပြီပေါ့။ မေမေ့အကြေ
ဆမ်းမား သိပ်မသိပါဘူး။ ဖေဖေ အရက်သိပ်သောက်တယ်ဆိုတာ
မေမေ့ရဲ့ တချို့ စာ'တွေထဲက သိခဲ့ပါတယ်။ အရက်ကြောင့်လ
ဖေဖေ အသက်တိုခဲ့တယ် ပြောကြတာပါပဲ။

" ဒါဆို ဖေဖေက မေမေ့ကို ရိုက်တယ်ပေါ့..."

" သေမှပဲ အရိုက်ခံရတာ လွတ်တာ... အဲဒါပေါ့
မိဘက သဘောတူတဲ့ မောင်ဖော်လတ်ကို မရွေးပဲ အိမ်ထောင်
အရွေးမှားခဲ့တာလေ... ဆမ်းမားလည်း အိမ်ထောင်ရေးဆို သတိထား
ဘဝတစ်ခုလုံး ဒုက္ခဖြစ်သွားမှာ..."

" ဟုတ်ကဲ့..."

အန်တီလင်းကြီးကတော့ သူ့အခန်းမှာ နေရစ်ခဲ့ပါပြီ။

တစ်ယောက်တည်း ဆက်တက်ခဲ့ရင်းမှ... မေမေ့အကြေ
တွေကို ဆမ်းမား မသိတာ အများကြီးပါလား။ အိမ်ထောင်ရေးတ
ဆမ်းမားဖြင့် တစ်ခါမှ မတွေးခဲ့မိပါဘူး...။

◈

" ဘယ်လိုလဲ သားငယ်... မင်းဒက်ဒီအချစ်ကြီး တွေ့ခဲ့လား"

မာမီ့မေးခွန်းကြောင့် ဘယ်သူ့ကို မေးတာလဲ ဒက်ဒီလို့
ပြန်မေးယူရတယ်။ ညနေ ထမင်းဝိုင်းမှာ ဒက်ဒီ မာမီ ကိုကို
တို့ မိသားစု လေးယောက်စုံတော့မှ မာမီက မေးတာလေ...။

" ဒေါ်နှင်းနှင်းကို မေးတာလေ သားငယ်ရဲ့ "

" ဒေါ်နှင်းနှင်း... သားနဲ့ မိတ်ဆက်ပေးသမျှတော့
ဒေါ်နှင်းနှင်း မပါပါဘူး... ဒေါ်သင်းသင်း... ဒေါ်လင်းလင်း...
ဒေါ်ဝင်းဝင်းပဲ ပါတယ်... ကောင်မလေးတွေကတော့ နုနုတဲ့ စုစုတဲ့
...ပဲတဲ့... အန်ကယ်ချောဆိုတဲ့ အဘိုးကြီးလည်း ပါတယ်...
ဒေါ်နှင်းနှင်းလို့ မပါပါဘူး... မပါပါဘူးနော် ဒက်ဒီ..."

ဒက်ဒီ့ကိုပင် လှမ်းမေးယူရပါတယ်...

ဒက်ဒီက ပြုံးပြုံးကြီး ကြည့်နေပြီးမှ မာမီ့ကို နှင်းနှင်း
ပြောင်ထွက်သွားလို့ မတွေ့ခဲ့ရပါဘူး စောရယ်လို့ ပြန်ဖြေပါတယ်။

" နှင်းနှင်းတို့ကို အဲဒီအိမ်မှာ သိပ်နေရာပေးပုံမရဘူး
...... အင်းလေ... နှင်းနှင်းကလည်း တင်အောင်နိုင်ကိုမှ ရွေးခဲ့တာ
...... တင်အောင်နိုင်ကို မာမီက သိပ်မုန်းတာ... အခု တင်အောင်နိုင်
...တော့မှ နှင်းနှင်းတို့ သားအမိတွေ ဒုက္ခရောက်လွန်းလို့
...ခေါ်ပုံရတယ်... ဒီကြားထဲ သားလေးက နိုင်ငံခြား သဆောင်ပိုက်

www.burmeseclassic.com

www.burmeseclassic.com



နေရာက ဆုံးပြန်သတဲ့... နှင်းနှင်းလည်း ကံမကောင်းရှာပါဘူး..."

" သူ့သမီးလေးရော တွေ့ခဲ့လား "

" ပထမတော့ မတွေ့ရပါဘူး... ဒါပေမယ့် ကိုတို့ကားလည်း ပျက်ရော တွန်းရမယ်ဆိုမှ ကျန်တဲ့ မြေအပျိုမတွေကို မတွန်းခိုင်းပါပဲ.. နှင်းနှင်း သမီးလေးကို အတင်းအော်ခေါ်တော့တာ... ကောင်မလေး ချောပါတယ်ဆိုမှ မင်း သားက သွားစသေးတယ်..."

အချောလေးလို့ ညီ နောက်ခေါ်လိုက်တဲ့ ကောင်မလေး သတိရတော့ ပြုံးရပြီ...။ အဲဒီ ဘွားဘွားကြီးရဲ့ မြေအပျိုမ တစ်ယောက်ပြီး တစ်ယောက် ခေါ်မိတ်ဆက်ပေးတာ အကုန် ချော လှလှလေးတွေပါ... မဆိုးပါဘူး... နောက်ဆုံးမှ ကားတွန်း ခေါ်လာတဲ့ ကောင်မလေးကို တွေ့ရတာ...။

" မျက်လုံးက ဇီးကွက်လို ပြူးတယ် မာမီ... အဲဒါ ပါဝါမျက်မှန်ထူထူ တပ်ထားတယ်... ဆံပင်တွေက ကွေးကော နေတာ... ပြီးတော့ ဘောင်းဘီပွပွကြီးကို ရှပ်အင်္ကျီပွပွကြီး ဝတ်ထားတာ..."

" သားငယ်ကလည်းကွာ... မျက်နှာလေးက မဆိုးပါဘူး မင်းပြောလိုက်မှ ကုန်ရောပဲ... သားကြီးကို ခေါ်မလာလို့တေ ...းနေကြတာ..."

" ဘာလဲ... အဘွားဒေါ်တင်စုက သမီးနဲ့ ဇာတ်လ ... ...းတာနဲ့ပဲ မြေးတွေ ဇာတ်လမ်းဆက်ချင်သတဲ့လား... ကို ... ...တော့ ကြိုပြောထားမယ်နော်... သားနှစ်ယောက် ... ...ယ်ဆိုရင်တောင် စော ကြည့်ဦးမှာ... စေ ချွေးမ... ... ကို့ရဲ့ အားနာမှုတစ်ခုရယ်... နောက်တစ်



အမျိုး ပြန်တော်ဖို့ရယ်... ဒါတွေပဲတော့ ဦးစားမပေးနဲ့ "

" စောရယ်... သားတို့ကို လွတ်လပ်စွာ ချစ်သူရွေးခွင့် ပေးထားတာပဲ... စော သဘော သူတို့သဘောမပါပဲ ကိုက ခေါင်းညိတ်ပါ့မလား..."

ဒက်ဒီနှင့်မာမီလည်း ထွက်သွားရော ကိုကိုကပါ အပြင် ထွက်ဖို့ ပြင်ပြီလေ...။

" ကိုကို... နေပါဦးလား... စကားပြောရအောင် "

" ညီက မာမီ့အလုပ်ပဲကူရတာ... ကိုကို့မှာ အလုပ်ရှိ ကယ်လေ..."

" ညီအစ်ကိုနှစ်ယောက် မျက်နှာချင်းဆိုင်ချိန် စကားပြော ချိန်တောင် မရှိတော့ဘူးလား ကိုကိုရဲ့..."

" ညီတော့ မဟုတ်တော့ဘူး... ဘာဖြစ်နေလဲ..."

ကိုကိုက ပြောမရပါဘူး။ ညီက လက်ဆွဲထားတာတောင် ...ယ်ပြီး ထွက်သွားပြီ...။ သားအမိ သားအဖလေးယောက် ဆုံချိန်က ...ကာင် အလွန်ရှားနေပါရောလား။

◎

www.burmeseclassic.com

www.burmeseclassic.com

" အဲဒီ အန်ကယ်ဦးဇော်လတ်က မေမေ့ကို သိပ်ချစ်ခဲ့တယ်တဲ့ ဟုတ်သလား မေမေ..."

မေမေက ဆမ်းမားကို အံ့ဩစွာ လှမ်းကြည့်လာပါပြီ။ ပန်းကန်တွေ သိမ်းနေတဲ့ မမခက်ကလည်း လှည့်ကြည့်လာတယ်လေ။ အန်တီလင်းကြီးရဲ့ တတွတ်တွတ် ရေရွတ်သံတွေမှာ... မေမေ ငယ်စဉ်ကအကြောင်း အတော်များများ ပါသွားပြီကိုး။ အရင်က ဆမ်းမား မသိခဲ့သလို အခု သိရပြန်တော့လည်း... အန်ကယ် ဦးဇော်လတ်ကိုပါ တစ်ခါတည်း တွေ့ရတာ မဟုတ်လား။ အတော်ကြီး ချောမောခန့်ညားပါတယ်။ ဒါပေမယ့် မေမေက ဖေဖေ့ကို ရွေးခဲ့တာ တဲ့...။

" မေမေ... အဲဒီ အန်ကယ်ဦးဇော်လတ်က အတော်ချော တယ်နော် "

" ဆမ်းမား... ဘာတွေပြောနေလဲ... ကိုဇော်လတ်နဲ့ ဘယ်မှာ တွေ့တာလဲ "

" မေမေနဲ့ မမခက် အပြင်သွားနေတုန်းကပေါ့... အန်ကယ် ဦးဇော်လတ်က အဘွားဆီလာတာပါ...၊ အဘွားက ထုံးစံအတိုင်း မျက်နှာလိုက်ပါတယ် မေမေရယ်... ဆမ်းမားတို့ကို တကူးတကတော့ ခေါ်မတွေ့ပါပဲ... သူတို့ကား တွန်းရမယ်ဆိုတော့မှ... ဆမ်းမား



မ်းမားနဲ့ မြေးအပျိုမတွေ အများကြီးမှာ ဆမ်းမားကိုမှ ရွေးပြီး ားတွန်းခိုင်းတယ် "

" ဟယ်... ဆမ်းမားကို ကားတွန်းခိုင်းတယ်..."

မမခက်တောင်မှ မျက်နှာလေးရှုံ့ပြီး မကြည်လင်သလို ့စ်နေပါပြီ။ မေမေကတော့ ဆမ်းမားကို တွေတွေလေးနဲ့ စိုက်ကြည့် ပါတယ်။

" ဆမ်းမား တွန်းပေးလိုက်သလား "

" ဦးဇော်လတ်ကတော့ ကလေးမတွန်းပါနဲ့လို့ ပြောပါ ယ်... ဒါပေမယ့် ဆမ်းမား တွန်းပေးလိုက်ပါတယ်... ဘယ်သူ့မဆို ကူညီသင့်တယ်လို့ မေမေ ပြောထားတာလေ... ဒါတောင် သူ့သားက ယှာင်သေးတယ်..."

" သူ့သားက လှောင်တယ်..."

" သူ့သားက ယောကျ်ားလေးနဲ့တောင် မတူအောင် ပြင်ဆင် ားတယ်... ရုပ်ကလည်း ချောလွန်းလို့ နဖတ်နေတာပဲ... ဆံပင်ကြီးတွေ န်ချိန်းတွေရော ဘောင်းဘီကလည်း အဖြူ... လှပနေတာများ မြင်ကပ်စရာ..."

" ဆမ်းမား... ယောကျ်ားလေးတွေကို မခင်ရဘူး ပြောထားတယ်လေ..."

" ဆမ်းမားက ခင်တယ် မပြောပါဘူးမေမေရဲ့ ကြည့်မရဘူး ပြောတာ"

" ကောင်လေးတွေအကြောင်း စိတ်ထဲထည့်မနေနဲ့..."

" အန်ကယ်ဦးဇော်လတ်က မေမေ့ကို..."

" ဆန်းမား... ကလေးက ကလေးလို နေလား...

www.burmeseclassic.com

www.burmeseclassic.com



သွား စာဖတ်နေ..."

မေမေက အန်ကယ်ဦးဇော်လတ်အကြောင်းကို ပြောပြချင်ပုံ မရပါလား။ မပြောလည်း အတင်းမမေးတော့ပါဘူး။ အန်တီလင်းကြီးကို တစ်နေ့နည်းနည်း မေးရင်တောင် အများကြီးပြောပြမှာ အသေအချာပါပဲ၊ အခုတောင် အတော် သိရပြီပဲဟာ...။ အခန်းထဲမှာ စာဖတ်မယ်ဆိုပေမယ့် မေမေနဲ့ မမခက်များ ဘာများပြောမလဲ သိချင်တာမို့ ပြန်လာနားထောင်တဲ့ အခါမှာတော့...။

" မေမေ... အဲဒီဦးဇော်လတ်မှာ ခုချိန်ထိ မိန်းမရှိသလားဟင်"

" ရှိတယ် ခက်ခက်... စောသီရိတဲ့... အတော်ချောတယ် ပြောတာပဲ... မေမေတော့ မမြင်ဖူးပါဘူး... မမလင်းပြောလွန်းလို့ သိနေတာပါ... သားလေး နှစ်ယောက် ရှိတယ်တဲ့ "

" ဦးဇော်လတ်ကို မေမေ ဘာလို့ သဘောမကျခဲ့တာလဲ..."

" ကိုဇော်လတ်က ချောလွန်းအားကြီးတယ်... မေမေ့ မျက်လုံးမှာ ယောကျ်ားတစ်ယောက် ဒီလောက် နုနယ်ချောမောနေတာ မနှစ်သက်သလိုပဲ... တွေ့တိုင်း ကြည့်မရဘူး "

" ဟင်... ခုနက ဆမ်းမားလည်း ဦးဇော်လတ်သားကို အဲလိုမျိုး ပြောတယ်... လှပနေတာများ အမြင်ကပ်စရာတဲ့ "

" ဟုတ်တယ်... ကိုဇော်လတ်ကို တွေ့တိုင်း မေမေဒီလို ခံစားရတယ်... ဒါကြောင့် ဆမ်းမားကိုလည်း ကောင်လေးတွေအပေါ် မခံစားစေချင်တာ..."

" ဒါပေမယ့် ဆမ်းမား အရွယ်ရောက်နေပြီလေ မေမေ... သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ရမှာ... မေမေ စိတ်ပူပြီး ဆမ်းမားကို သိပ်ချုပ်ချယ်ရင် ဆမ်းမားဟာ ဘာမှ နားမလည်ပဲ ပိုပြီး အတွေးဂွေ့



လွဲမှာ စိုးရိမ်ရတယ်..."

" ဆမ်းမားကို ဆိုးဝါးတဲ့ အိမ်ထောင်ရေးတစ်ခုနဲ့ မဆုံစေချင်ဘူး..."

မမခက်ကတော့ လူတိုင်းဟာ ဆိုးဝါးတဲ့ အိမ်ထောင်မျိုးနဲ့ မဆုံနိုင်ပါဘူး...။ သူ့အကြောင်းတွေနဲ့ သူလာတာပါလို့ ပြောပါတယ်။ မေမေ ငိုနေတာပါလား။ မေမေငိုနေတာကို ဒီတစ်ခါပဲ ကြားရဖူးတော့... နားထောင်ရင်းမှ ဆမ်းမား စိတ်မကောင်းဖြစ်ရပါတယ်။

" မေမေ့ အိမ်ထောင်ရေးက မကောင်းလေတော့ အမြဲလို စိတ်ဆင်းရဲနေရတယ်... အမြဲမှုနေတဲ့ လူက အမြဲ ရိုက်နှိပ်စက်နေတော့... မေမေ သေတောင် သေချင်နေမိတယ်... ဆမ်းမားရှိနေလို့ သာ ဘဝမှာ ကြံ့ကြံ့ခံ ရင်ဆိုင်ခဲ့ရတာ... ဆမ်းမားကို မေမေ့လို မဖြစ်စေချင်ဘူး ခက်ခက်ရယ်..."

" မေမေ အစိုးရိမ်လွန်နေတာပါ... ဆမ်းမားကို ခုလိုမျိုး ကလေးလို ချုပ်ချယ်မထားပဲ... အိမ်ထောင်တစ်ခုမှာ ရှိတဲ့ အခက်အခဲ ညှိနှိုင်းမှု ဒါတွေကို ရှင်းပြထားရမှာ... မဟုတ်ရင် သူဟာ ဘာမှ နားမလည်ပဲ အမှားတွေ တွေ့မှာပေါ့..."

" ခက်ခက်ပဲ ရှင်းပြ ဆုံးမပါတော့ သမီးရယ်... မေမေ ကတော့ ဆမ်းမားကို အပျိုကြီးပဲ လုပ်စေချင်တာ..."

မေမေ့စကားကြောင့် ဆမ်းမားတောင်မှ ပြုံးရပါပြီ။ အပျိုကြီးလုပ်ရမတဲ့။ ဆမ်းမားကဖြင့် ချစ်သူလည်း မရှိလေတော့ လက်ထပ်ဖို့ဆိုတာလည်း စိတ်မှာ မရှိသလို... အပျိုကြီးလုပ်ဖို့ ဆိုတာလည်း စိတ်ကူးမှာ မရှိပါဘူး...။

" အချစ်ဆိုတာ အချိန်တန်ရင် သူ့ဘာသာ ရောက်လာတာ

www.burmeseclassic.com

www.burmeseclassic.com



မျိုးပါ... ဘောကနေ တည့်မတ်အောင် ထိန်းပေးရုံပါပဲ မေမေရယ်... သိပ်လည်း စိတ်မပူပါနဲ့... ဆမ်းမားက ပေါ့မှာပါတယ်..."

" အချစ်နဲ့တွေ့ရင် မိုက်မဲသွားတတ်ကြတာ... မေမေ ကိုယ်တိုင်ပါပဲလေ... ကိုဇော်လတ်ကို အပြင်ပန်းကြည့် စိတ်ပျက်ခဲ့တာ သူဟာ စိတ်သဘောရင်း ကောင်းရှာပါတယ်... အိမ်ထောင်ရေးဆိုတာ နောင်တ မရှိလေ ကောင်းလေပါ..."

မေမေကတော့ အိမ်ထောင်ရေးမှာ နောင်တတွေရှိခဲ့ပါလား ဆိုတာ ဆမ်းမား ခုမှ သိရတာပါလား။

◈

" ကိုကို..."

" ဟာ... ညီ... ဘယ့်နှယ် အလုပ်ထဲထိ လိုက်လာတာလဲ... ပင်းတော့မဟုတ်တော့ဘူး... ဒီနေ့ မာမီ့အလုပ်တွေ မကူဘူးလား..."

" မာမီက ညီ့ကို ကူချင်ကူ မကူချင်နေ လွှတ်လပ်ခွင့် ပေးထားတာပါ ကိုကိုနဲ့ စကားပြောချင်လို့ပါ "

" ကဲ ဒီလောက် ပြောချင်တဲ့ စကား... ပြော... ဘာပြောမလဲ"

" မမနီလာကို ကိုကို ချစ်သလား "

" ဘာများလဲလို့ ညီရာ..."

ဟုတ်တယ်လေ။ ကိုကိုနှင့် မမနီလာကို ဒက်ဒီ မာမီတို့က ...သဘောတူထားတာပါ။ နှစ်ဘက်မိဘတွေ သဘောတူထားပြီး ...ပ်မကြာခင်မှာ မင်္ဂလာဆောင်ပေးဖို့ ဆုံးဖြတ်ထားကြတာပဲလေ...။

" ပြောပါ ကိုကို "

" ကိုကိုတို့ အရွယ်က အချစ် အချစ်နဲ့ အချစ်ပေါ် မရူး ...တော့ဘူး ညီရဲ့... မင်းပဲ အချစ်အပေါ် ရူးနေတာနေမှာပါ... မာမီ့ ...ပင်နီးတွေက အကုန်လိုလို မိန်းကလေးတွေနဲ့ တွေ့နေရတာ... ...ချစ်တွေရော မတွေ့ဘူးလား..."

မာမီက သူကိုယ်တိုင် [illegible]ကို နှစ်သက်သလို...
...ဖုံတွေ ချုပ်တယ်... ပန်းတွေလည်း ပြင်တယ်... [illegible]

www.burmeseclassic.com

www.burmeseclassic.com



စိုက်တယ်... အလှအပ ပြင်တဲ့ ဆိုင်တွေလည်း ဖွင့်တယ်... အဲဒီ အလုပ်တွေမှာလည်း ညီ့ကို ကူခိုင်းခဲ့တယ်လေ... ကြာတော့ ညီ ကိုယ်တိုင် မျက်ဝန်းမှာ အလှအပရှိမှ နှစ်သက်သလို ဖြစ်လာခဲ့တာပါ...။

" မတွေ့ပါဘူး ကိုကိုရာ "

" ဒက်ဒီရဲ့ မတော်လိုက်ရသော တူမလေးတွေက ချောတယ် ဆို... လာမယ့် တနင်္ဂနွေတောင် အဲဒီအိမ်မှာ အလှူရှိသတဲ့ အဲဒီ အလှူကို မာမီပါ လိုက်ရမယ် ဒက်ဒီ ပူဆာနေတယ်... မာမီကလည်း ဒေါ်နှင်းနှင်းကို မြင်ဖူးချင်လို့ လိုက်သွားမယ်ပြောတယ်... မင်းရော လိုက်သွား... ကောင်မလေးတွေကို ဒုတိယ တစ်ခါ လိုက်ကြည့် လိုက်ဦး..."

ကိုကိုပြောမှ သိရတာ...

ဒီအခါမှာ... အချောလေးလို့ ညီနောက်ပြောင်လိုက်တဲ့ မျက်မှန်အထူကြီးနဲ့ ရုပ်ဆိုးဆိုးကောင်မလေးကို အမှတ်ရမိသွားတယ်လေ... ဒီတော့ ပြုံးရတာပေါ့...။

" ညီ ပြုံးနေပါလား... တကယ်ကို သဘောကျစရာ တွေ့ခဲ့သလား "

" အဲဒီအလှူ ကိုကိုပါလိုက်ခဲ့... အဲဒီမိသားစုမှာ ဘဲကလေး တစ်ကောင် ရှိတယ်... ဘဲရုပ်ဆိုးလေးပေါ့..."

" ဘဲရုပ်ဆိုးလေး ဟုတ်လား... ညီ့အပြောနဲ့တောင် တွေ့ချင်လာသလိုပါပဲ..."

" လိုက်ခဲ့ပါ ကိုကို... ဒါပေမယ့် ဒက်ဒီက ကိုကို့မှာ မမနီလာရှိကြောင်း အဲဒီအိမ်မှာ ပြောထားပြီးပြီ ကိုကို တခြား



ကောင်မလေးတွေကိုတော့ လိုချင်လို့ မရဘူး "

" ဘယ်သူ့မှလည်း မလိုချင်ပါဘူး ညီရယ်... မင်းပဲယူပါ... ဒက်ဒီနဲ့ မတော်လိုက်ရတဲ့ ဆွေမျိုးတွေကို မင်းပဲ ဆက်တော်လိုက်ပါ..."

" ကိုကို... ဘဲရုပ်ဆိုးလေးက သနားပါတယ် ကားတွန်းပေးတော့ မောနေတယ်... သူဟာ အဲဒီဆွေမျိုးစုမှာ တကယ့် ဘဲရုပ်ဆိုး လေးပါပဲ..."

ညီ ဒီလိုပြောတော့ ကိုကိုက ပြုံးပြီး ကြည့်နေတာ။ ဟား... ဘာကြည့်တာလဲ ကိုကိုရာဆိုတော့ ညီက ကိုကို့ကို စကား ပြောချင်တယ်ဆိုတာ အဲဒီ ဘဲရုပ်ဆိုးလေးအကြောင်းမှ ဟုတ်ရဲ့လားတဲ့။

" မာမီ့ရဲ့ အလှအပဆိုင်ရာ လုပ်ငန်းအားလုံးမှာလည်း ကူညီနိုင်တယ်... ပြီးတော့ ကိုယ်တိုင်လည်း အလှအပကို သဘောကျ နှစ်သက်တဲ့ ညီမြင့်မိုရ်ဆိုတဲ့ ကောင်လေးဟာ ဘယ့်နှယ် ဘဲရုပ်ဆိုးလေး အကြောင်း သတိတရ ပြောနေပါလိမ့်..."

ဟုတ်တာပဲ...။ လှပခြင်းတွေမှာ မွေ့လျော်နေခဲ့ပါလျက် ဒီ အချောလေး ဆိုတဲ့ ဘဲရုပ်ဆိုးကိုမှ ဘာလို့ သတိတရ ဖြစ်ဖြစ်နေပါလိမ့်။ ဟုတ်သေးရဲ့လား...။

◈

www.burmeseclassic.com

www.burmeseclassic.com

" ထုံးစံအတိုင်း မေမေက ဒံပေါက်ချက်ရမယ်ပေါ့ "

" အလှူမှာ ဟင်းချက်ပေးရတာ ကုသိုလ်ရတာပဲ သမီးမ
ရယ်… သမီးလည်း ပန်းကန်ဆေးတာပဲ မဟုတ်လား "

" အရင်ကတော့ ဟုတ်ပါတယ်… အခုတစ်ခါ အလှူမှ
ဦးဇော်လတ်နဲ့ ဒေါ်စောသီရိတို့ မိသားစု လာမယ်လို့ ပြောတာကိုး…"

မေမေက ဆမ်းမားကို ဖျတ်ခနဲဆို လှမ်းကြည့်ပါတယ်

မမခက်က ဆမ်းမားကို ဘယ်သူပြောသလဲတဲ့။ အန်တီလ
ပြောပြတာလို့ ပြောပြလိုက်ပါတယ်။

" မေမေက အဲဒီနေ့မှာ လှလှလေးဝတ်ပြီး အိမ်ရှေ့မှာ
အန်တီလင်းတို့ အန်ဘီသင်းတို့လို ဧည့်ခံပါလား "

" မလုပ်ပါဘူး ဆမ်းမားရယ်… မေမေတို့ကို ဟင်းချက်မှု
ပေးတာကို ဘွားဘွားကို ကျေးဇူးတင်လိုက်ပါ… မေမေက ဘွားဘွား
စိတ်ဆင်းရဲစေခဲ့သူပါ…"

" ဆမ်းမားရေ… နေခြည်စတိုးမှာ ကော်ဖီမစ်သွားဝယ်ပေ

မမခက်ကတော့ မေမေနှင့် ဘာမှမပြောရအောင် လွှတ်
နေမှာပါ…။ သွားဆိုသွားရုံပေါ့။ လှေကားထစ်တွေအတိုင်း ပြေးဆ
ပြေးတက်ရတိုင်း ပိတ်ထားတဲ့ အခန်းတွေကို စိတ်မကောင်းစွ
ကြည့်မိမြဲ။



ဆမ်းမားလို ပေါ့ပါးသွက်လက် ကျန်းမာနေတဲ့ လူငယ်
စ်ယောက်အတွက်ကတော့ အထပ်ဘယ်လောက်မြင့်မြင့်ကို တက်ရ
င်းရပါစေ… အရေးမကြီးပါဘူး။ မေမေကတော့ ခုတလော
နာ ခါးနာနဲ့ လှေကားထစ် အမြင့်တွေ ဟက်ရတာ မသက်သာ
ါဘူး။ ဘွားဘွားက ရက်စက်လွန်းသလို ဆမ်းမား ခံစားရ
ါတယ်…။

ကော်ဖီမစ် ဝယ်နေတုန်းမှာ နောက်ကနေ အင်္ကျီလက်ကို
လိုက်တာမို့ ကြည့်လိုက်တော့ ညီမြာပါလား…။ ညီမြာက ဘာ
ဝယ်တာလဲတဲ့… ညီအစ်မ နှစ်ယောက် အတူပြန်လာခဲ့ကြတယ်။

" ဆမ်းမား… ဘာစားမလဲ… ငါဝယ်ကျွေးမှာပါ…"

" တကယ်လား… ဒါဆိုရင်… အုန်းနို့ခေါက်ဆွဲ…"

" တစ်ခါလာ အုန်းနို့ခေါက်ဆွဲ… နောက်တစ်ခါလာလည်း
န်းနို့ခေါက်ဆွဲပဲ စားမနေပါနဲ့ဟာ… လာပါ… ငါတို့ ဆီချက်
ားစားမယ်…"

ညီမြာနှင့်သွားလို့ကတော့ မေမေ မဆူပါဘူးလေ…။
ကြောင့် ညီမြာ ခေါ်တဲ့ ဆီချက်ဆိုင်ကို လိုက်လာခဲ့ပါတယ်…။

" ဘွားဘွားတို့အလှူအတွက် အင်္ကျီအသစ်ဝယ်ရအောင်လား
းမား… နင်နဲ့ငါ ဆင်တူဝတ်မယ်လေ…"

" မဝတ်ပါရစေနဲ့… နင်သာ လှလှပပလေး ဝတ်ပါ
… ငါက ပန်းကန်ဆေးရမယ့်လူပါ…"

" ပန်းကန်ဆေးဆေး ဘာဆေးဆေး မရဘူး ဆင်တူဝတ်
…"

" မေမေ့ဆီက မုန့်ဖိုးမတောင်းချင်ဘူး ညီမြာ… ပန်း[illegible]ဆေး

www.burmeseclassic.com

www.burmeseclassic.com



မှာကို အဝတ်လှလှဝတ်စရာလည်း မလိုလို့ပါ... နင်တို့သာ လှလှလေး ဝတ်ပါ... ဆမ်းမား သိပါတယ်... ဦးဇော်လတ်သား လာမှာကိုလေ..."

" တော်ပါဟာ... ဦးဇော်လတ်တို့ ချမ်းသာတာကို အန်ကယ်ဝင်းက သိပ်သဘောကျနေပြီး နုနုတို့ စုစုတို့နဲ့ သဘောတူနေတာပါ... ချိုသဲကို ကြိုက်တယ်ဆိုလည်း သဘောတူကျပေါ့... ငါကတော့ သဘောမကျပါဘူး... အဲဒီ ညီမြင့်မိုရ် ဆိုတဲ့ လူထက်စာ သူ့အစ်ကိုက ကြည့်လို့ ကောင်းသေးတယ်... ဒါပေမယ့် သူ့အစ်ကိုက စေ့စပ်ထားတဲ့ အမျိုးသမီးရှိတယ် ပြောတာပဲ..."

ညိုမာကတော့ အန်တီလင်းက ပွင့်ပွင့်လင်းလင်းပြောသည့် အကုန်သိနေတာပါပဲလား။ ဆမ်းမားမှာသာ 'မေမေက ဘာမှ မေးမရပါဘူး...။

" ညိုမာ... နင်က ဒီရောက်နေတာကိုး "

" လာ... လာ ရာပြည့်..."

" ညိုမာ... ငါသွားနှင့်မယ် "

ကောင်လေးတစ်ယောက်နှင့်ပါ အတူစားရမယ်ဆို မေ့ဆူတော့မှာမို့ အမြန်ဆုံး ရှုတ်ဆက်ပြန်လာခဲ့ရတာပါ...။ ရှေ့ ရပ်ထားပြီး စက်ဖုံးဖွင့်နေတဲ့ ကားကိုမြင်တော့ ဆမ်းမား ကြည့်နေမိပြီ... သိပ်ချမ်းသာတယ်လည်း ဆိုသေး... ဒီကားစုတ်ကြီး ကြတာပါလား။ ဆမ်းမား ဒီတစ်ခါလည်း တွန်းပေးရဦးမလား... ဦးဇော်လတ်ဆိုရင်တော့ တွန်းပေးမလို့ပါ... ဒါပေမဲ့ ကြည့်နေတဲ့ လူကိုလည်း မြင်ရော...။

ဆမ်းမားလည်း သေသိပါလား...။

ဒီလူက ဟိုနေ့ကလူမဟုတ်ဘူး... ကြည့်



ကောင်းစွာ ရပ်ကြည့်မိတော့... သူကလည်း မျက်ခုံနဲ့ လှမ်းကြည့်ပါတယ်။

" အန်ကယ်ဦးဇော်လတ်ကားမို့ ကြည့်မိတာပါ "

" ဒက်ဒီနဲ့ သိတယ်လား..."

" ဟုတ်ကဲ့... တွန်းပေးရမလား..."

" မင်းက တွန်းပေးမယ်... တွန်းနိုင်လို့လား "

" အဲမယ်... ဟိုနေ့တုန်းက ဆမ်းမား တွန်းပေးလိုက်တာပါနော်... တွန်းနိုင်တာပေါ့..."

" ဒီကားကို မင်းတွန်းပေးလိုက်တယ် ဟုတ်လား..."

" အင်းလေ..."

" မင်းက ဘယ်သူလဲ "

" စပ်စုမနေနဲ့... တွန်းပေးရမလား... တွန်းဆို တွန်းပေးမယ်..."

" နေပါစေကွာ..."

" ဒါဆိုရင်တော့ သွားပြီ "

စေတနာနဲ့ တွန်းပေးမယ်လည်း ပြောရသေးတယ်။ နေပါစေကွာ နေပေါ့။ ဆမ်းမားထွက်ခဲ့ကာမှ... ဟိတ် စတာတဲ့။။ လဲခိုတော့ ဖုန်းဆက်ချင်လို့ ဘယ်နားဆက်လို့ ရမလဲတဲ့လေ။ ချမ်းသာတယ်လည်း ပြောသေး ဟဲန်ဖုန်းလေးတောင် မရှိပါလား။ ကြောင့် ဖုန်းရှိတဲ့ ဆိုင်ကို ပြပေးလိုက်ပြီး ထွက်ခဲ့ပြန်တော့လည်း...။

" ဟိတ် နေပါဦး ဟိတ်..."

" ဘယ်လိုလဲ... လူကို တဟိတ်ဟိတ်နဲ့... နာမည်ရှိတယ်"

" ဒါဆို နာမည်ပြော..."

www.burmeseclassic.com

www.burmeseclassic.com



" ဆမ်းမား... ဆမ်းမားတဲ့ "

" ဆမ်းမားတဲ့လား... ကျေးဇူးပဲ..."

" ရတယ်... သွားတော့မယ်... ဘာကူညီရဦးမလဲ..."

" မလိုတော့ပါဘူးဗျာ... ကိုယ့်နာမည် ကျော်မြင့်မိုရ်ပါ..."

" ဟုတ်ကဲ့..."

ဆမ်းမား အပြေးကလေးလျှောက်လာရင်း နောက်လှည့်မကြည့်တော့ပါဘူး။ ဒါပေမယ့် ဒီလူက ဟိုနေ့ကလူထက် ပိုကြည့်ကောင်းတယ်... ပြင်ဆင်တာကလည်း ယောကျ်ားပီပီသသ ရိုးရိုးသားသားပါပဲ။ ဟိုတစ်ယောက်လိုတော့ တစ်ကိုယ်လုံး အလှအပဆင်တဲ့ ပစ္စည်းတွေနဲ့ ရှုပ်ပွ မနေပါဘူး။ မေမေ့ကိုတော့ ဘယ်ပြန်ပြောရဲပါ့မလဲလေ...။

◈

" လှလိုက်တာ မာမီရယ်... ဒီသစ်ခွပန်းတွေ နှင်းဆီပန်းတွေ ... ရောင်းထားတာလား... ဝယ်တဲ့လူ လာယူမှာလား..."

ကိုကို့လို အလှအပအကြောင်း သိပ်မပြောတဲ့ လူကတောင်မှ ...န်းတွေ လှလွန်းလို့တဲ့ ပြောယူရပြီ။ ဒီပန်းတွေကို ညီ့စိတ်ကြိုက် ...းထားတာလေ...။

" အဘွား ဒေါ်တင်စုတို့အိမ်ကို သွားပို့ပေးမလို့ပါ... ...က် အလှူရှိတယ်... အိမ်မှာ အလှဆင်ရမယ်လေ... ဘုရားပန်းပဲ ...ပ်ကပ်ပေါ့..."

" ဒါဆို ညီသွားပို့မှာပေါ့ ဟုတ်လား "

" ဟုတ်တယ်..."

" ဒါနဲ့ ဒက်ဒီ့ကို မေးရဦးမယ်... ဒက်ဒီ့အသိထဲမှာ ...မ်းမားဆိုတဲ့ ချာတိတ်မလေး ရှိသလားဟင် "

" ဆမ်းမား..."

ညီ လွှတ်ခနဲ အားပါးတရ ခေါ်မိပါပြီ။

" ဆမ်းမား... ဆမ်းမားကို ကိုကို ဘယ်မှာ တွေ့လာခဲ့တာ ... ဆမ်းမားဆိုတာ ဘဲရုပ်ဆိုးလေးပေါ့... ဘဲရုပ်ဆိုးလေးလေ ... "

" ဩော်..."

www.burmeseclassic.com

www.burmeseclassic.com



မာမိပင် စိတ်ဝင်စားစွာနှင့် နားထောင်နေပါပြီ။ ဒက်ဒီက ဆမ်းမားဆိုတဲ့ ကောင်မလေး ကားတွန်းပေးရှာတဲ့အကြောင်း ပြောပါတယ်။

" သားကိုလည်း သူတွန်းပေးမယ် ပြောပါတယ်... နေပါစေ ဖုန်းပဲဆက်မယ်ဆို ဝပ်ရှော့ ဖုန်းဆက်လိုက်တာပါ..."

" အဲဒီ့ကား လဲပါတော့ မာမိရာ..."

" ဟုတ်တယ်... လဲလိုက်ပါတော့ ကိုရယ်... အားလုံး ပျက်တိုင်း တွန်းနေရတာ..."

" မာမိ... ပန်းတွေ သွားပို့လိုက်ရမှာလား... ကိုကို ခေါ်သွားရမှာလား "

" ခေါ်သွားလေ... သားကြီး... သားမှာ နီလာနဲ့ စကား ပြောထားတာတော့ မမေ့နဲ့နော် "

" မမေ့ပါဘူး မေမေရယ်..."

ညီကတော့ ပန်းတွေသွားပို့ဆို ပို့ပေးမှာပါပဲ။ ကိုကိုမပါ တစ်ယောက်တည်း မသွားချင်တာမို့ ကိုကို့ကို ခေါ်လာခဲ့ရတယ်လေ...။ ညီပြင်ထားတာကို ကြည့်ပြီး ကိုကိုက အဲဒီ့အဖြူရောင် ဝတ်စုံတွေ ညီသိပ်ကြိုက်သလားတဲ့။ ဘောင်းဘီဆို အနက်နဲ့အဖြူက ဘယ် ပကျီနဲ့ပဲ ဝတ်ဝတ် ကြည့်ကောင်းတယ် ထင်လို့ ကြိုက်တာပါ...

" ကိုကို့မှာ မမနီလာ မရှိရင်လည်း ကောင်းသား "

" ဘာဖြစ်လို့လဲ "

" အဲဒီ့အိမ်က ကောင်မလေးတွေက အတော်ချော တယ်လေ..."

" အတော်ချောရင်လည်း မင်းပဲ ကြိုက်ပါ ညီရယ်..."



ကိုကို အေးအေး နေပါရစေ..."

အဘွားဒေါ်တင်စုတို့အခန်းကို ဒုတိယတစ်ခါ ရောက်တာမို့ သိပ်မခက်ခဲတော့ပါဘူး။ အန်တီသင်းဆိုတဲ့ အန်တီကြီးကတော့ ပန်းတွေ လှလိုက်တာဆိုပြီး သဘောကျမဆုံးပါ...။

" မာမီ... အချိုပွဲအတွက် ကျောက်ကျောထိုးမှာဆိုတော့ နှင်း သကြား သွားဝယ်ဦးမယ်..."

" လိုတယ် ဝယ်လေ... သင်းသင်း... လိုတာပေးလိုက်... နှင်းနှင်း... ဒါ မောင်ဇော်လတ် သားနှစ်ယောက်လေ..."

" ဟုတ်လား..."

အန်တီဒေါ်နှင်းနှင်းကို ဒီတစ်ခါမှ တွေ့ရတာပါ။ မျက်နှာ ကတော့ ငယ်ငယ်က ချောခဲ့မယ့် ပုံပါပဲ။ အခုအချိန်မှာတော့ အရမ်းဝနေပြီ... ဒီအခါမှာ ခုချိန်ထိ ကိုယ်ခန္ဓာအချိုးအစားပါ ထိန်းထား နိုင်သော မာမိအလှကိုတော့ ဒေါ်နှင်းနှင်း ဘယ်လိုမှ လိုက်မမီတော့ ပါဘူး။ သူ့သမီးလိုချင်ရင် သူ့အမေ အရင်ကြည့်ဆိုတဲ့စကား အမှတ်ရတော့ ညီ ရယ်ချင်မိပါပြီ။ အရုပ်ဆိုးတဲ့ ဘဲကလေးမျာလည်း ကြီးလာရင် ဒီလိုမျိုး ဝတုတ်ကြီး ဖြစ်လာမှာ မဟုတ်လား...။

နုနုတို့ ဖုဖုတို့ ရှိသဲတို့က ခဏနေတော့ ကော်ဖီ လာချပေးပြီး - ညီတို့ကို လာနှုတ်ဆက်ကြပါတယ်...။

" သူက ညိုမာတဲ့... အန်တီလင်း သမီးလေ... ဟိုနေ့က မတွေ့လိုက်ရဘူး မဟုတ်လား..."

ညိုမာဆိုတဲ့ ကောင်မလေးက နာမည်အတိုင်း ညိုညိုလေး ပါပဲ။ သွားတက်ကလေးနဲ့ ရယ်ပြပြီးတော့မှ အဲ့ဘွား ... သွားတော့မယ်... အလှူဖိတ်စရာ ရှိသေးတယ်ဆို ... ဆက်

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားပါပြီ...။

" အန်တီနှင်းက ဘယ်အထပ်မှာ နေတာလဲ "

ဒီလိုမေးမိတော့ အန်တီသင်းက ညီ့ကို ကြည့်နေပါတယ်။ ပြီးတော့မှ အပေါ်ဆုံးထပ်မှာတဲ့လေ၊ ဒါဆို ဆမ်းမားက အပေါ်ဆုံးထပ်မှာ နေတာပေါ့...။ ကော်ဖီနဲ့မုန့်တွေ စားပြီးမှ နှုတ်ဆက်ပြန်ခဲ့ကြတယ်။ ကားပေါ်ရောက်တော့ ကိုကိုက မေးပါတယ်။

" ညီ... ဘယ်သူ့ကို သဘောကျသလဲ " တဲ့၊

ရယ်ရပါပြီ။ ကောင်မလေးတွေကို တွေ့တိုင်း သဘောကျရမလား။

" နနက ပိုမလှဘူးလား "

" မမနီလာနဲ့ တိုင်မယ်..."

" ညီ့အတွက် ပြောတာပါ..."

" ညီ့မျက်လုံးထဲမှာ သူတို့ အလှတွေက လိုအပ်နေသလိုပါပဲ ကိုကိုရာ... သဘောမကျလှပါဘူး..."

" မင်းရဲ့ ဘဲရုပ်ဆိုးလေးတော့ မတွေ့ခဲ့ရဘူး "

" ကျွန်တော့် ဘဲရုပ်ဆိုးလေးမဟုတ်ပါဘူး... လှတဲ့ ကောင်မလေးတွေကိုတောင် သဘောမကျသေးတာ အရုပ်ဆိုးတဲ့ ကောင်မလေးကို ညီ သဘောကျပါ့ မလား... တစ်ခုပဲ ရှိတယ်... မာမီ့ကို ကြောက်တာ... မာမီက မနက်ဖြန် အလှူမှာ အဲဒီ ကောင်မလေးတွေကို ကြည့်တော့မယ်။ မာမီ သဘောကျသွားလို့ကတော့ မလွယ်ဘူး... မမနီလာကို မာမီ သဘောကျသွားတာ ကိုကို မငြင်းရဲဘူး မဟုတ်လား..."

" ဒါတော့ ဟုတ်ပါတယ်..."



" မနက်ဖြန် အလှူတော့ ကိုကို့ကို မခေါ်ဘူး ပြောတယ်"

" ငါလည်း မလိုက်ချင်တော့ပါဘူး..."

ဒေါ်နှင်းနှင်းကို မာမီက လိုက်ကြည့်မတဲ့... မာမီ့အလှနှင့်ကတော့ တခြားစီ ဖြစ်နေပါပြီ။ မာမီက အခုအချိန်ထိ မျက်နှာလေးရော ကိုယ်ခန္ဓာပါ လှနေသဲပါပဲ...။ ဒက်ဒီက ဒေါ်နှင်းနှင်းကို သိပ်ချစ်ခဲ့သတဲ့...။ အဲဒီအရွယ်တုန်းကတော့ လှနေမှာကိုး...။

" ဒေါ်နှင်းနှင်းက ဝနေပြီ..."

" မျက်နှာလေးက လှပါသေးတယ် "

" ဘဲရုပ်ဆိုးလည်း တစ်နေ့ အဲလို ဝလာမှာပဲ..."

" အနာဂတ်ကိုတောင် ညီ မျှော်တတ်ပြီလား..."

ကိုကိုကတော့ ဖြစ်တတ်တာကို ပြောပြတာပါ...။ ညီ့ရင်တွေ မခုန်တတ်သေးဘူးဆိုတာ တကယ်ပြောတာ ကိုကိုရဲ့...။

◈

www.burmeseclassic.com

www.burmeseclassic.com

ပန်းကန်ဆေးတဲ့ နေရာလေးက ဘူမိနက်သန် ဖြစ်နေပါပြီ၊ တစ်နှစ်မှာ အမြဲလို လေးငါးခြောက်ခါမက လှူတတ်တဲ့ ဘွားဘွားရဲ့ အလှူကိုင်းမှာ ဆမ်းမားက ပန်းကန်ဆေးပါပဲ...။ ဂျင်းဘောင်းဘီလေး ရွေးဝတ်တယ်... ပေချင်သလောက်ပေလည်း ပြဿနာမရှိဘူး ရှပ်အကျႌက လက်ပြတ်ကို လွတ်လပ်အောင် ဝတ်တာပါ...၊ ကောက်ကောက်ကွေးကွေး ဆံပင်တွေကို မြှင့်ချီထားလိုက်တယ်၊ သနပ်ခါးတွေ လူးထားလည်း ဆမ်းမားက လှပြီးသားလို့ ကိုပ ဘာသာ အမှတ်ပေးလိုက်တာပေါ့...။

" ဆမ်းမားရေ... လူကျနေတယ်... ပန်းကန်အမြန်ဆေး...

" ဟုတ်ကဲ့ပါ..."

" ကလေး... ရေတစ်ခွက်လောက်ရမလား... အန်ပ လက်ပေနေလို့ပါ..."

" ဟုတ်ကဲ့ ရပါတယ်..."

လက်ဆေးမယ်ဆိုတဲ့ အန်တီ့ကို ရေလောင်းပေးပြီး ဆပ်ပြ ယူပေးနေဆဲမှာ။

" မသီရိ... ဘယ်လိုက ဘယ်လို ရောက် နတာလဲ

" လက်ဆေးချင်လို့ပါ..."

" လက်ဆေးချင်တာများ ဘေဆင်မှာ ဆေးရော



ပန်းကန်ဆေးတဲ့ ဒီနေရာမှာ ဆိတွေလည်းရှိမှာ... ပေကုန်ပါဦးမယ်..."

" ရပါတယ်..."

" လာ လာ မသီရိ..."

ဘယ်သူမို့ အန်တီသင်းကြီး ဒီလောက် ပျာနေတာပါလိမ့်...။ ပန်းကန်တွေ ဆေးနေတုန်း ညီမာက ကျောက်ကျောတစ်တုံး ပါးစပ်ထဲ လာထည့်ပေးလို့ စားရတာ...။ ဗိုက်ဆာနေပါရောလား။ ဒါကြောင့်မို့ ပီးဖိုထဲကို ချောင်းကြည့်မိတယ်...။ အလုပ်ရှုပ်နေကြတာ ဆမ်းမားကို ဘာမှကျွေးဖို့ သတိမရကြပါလား...။

" ဟဲ့ ပန်းကန်မဆေးပဲ ဒီမှာဘာလုပ်နေလဲ "

" ဗိုက်ဆာတယ်လေ အန်တီဝင်းရဲ့..."

" ဧည့်သည်တွေ ပြန်မှ စားပေါ့... အလုပ်က မလုပ်ရသေးဘူး... စားဖို့က အရင်ပါလား..."

ဒီလောက် ပန်းကန်အများကြီး ဆေးပြီးတာတောင် အလုပ်က ပလုပ်ရသေးဘူးတဲ့။ စိတ်ပျက်ပျက်နဲ့ လှည့်ထွက်ခဲ့ရတယ်။ မဆေး တော့ဘူးလို့ ထွက်သွားလိုက်လို့ကတော့ ဒီနေရာထိုင်တဲ့လူတောင် ရှိမှာ မဟုတ်ဘူး...။

" ဆမ်းမား... ခဏ... ခဏ "

မမခက်ပါလား။ မမခက်ကိုမြင်တော့ အံ့သြရပြီ...။ မမခက် က တကယ်ဆို ဒီအိမ်ခန်းတွေကို ဝင်ထွက်လေ့မှ မရှိတာ...။

" ပန်းကန်ဆေးတာ ခဏထားခဲ့... ဒေါက်တာ စိုးနောင် ပြုံးပင့်ပါဦး... မေမေ မူးနေကာ မလာနိုင်ဘူး..."

" ဟင်... ဒါဆို ဒါဆို..."

" နေပါဦး... နင်တို့ ဘာဖြစ်နေကြလဲ "

www.burmeseclassic.com

www.burmeseclassic.com



မမခက်က အန့်တီသင်းကိုပြောပြတော့ ဒံပေါက်တွေစားတာကို ဖြစ်တာတောင် နည်းသေးတဲ့...။ ကျဲပါးလိုက်တဲ့ မေတ္တာတရား... သူတို့ဘာသာ ဘာဖြစ်ဖြစ်ဆို ထားခဲ့ပြီး ပြေးထွက်ခဲ့ပါပြီ။ ဒေါက်တာစိုးနောင် ဆေးခန်းက မျက်နှာချင်းဆိုင် တိုက်မှာပါ...။ ဆရာ့ဇနီးပြောလို့ ခရီးထွက်နေတယ်လည်း ပြောရော ဆမ်းမား အမောဆို့တော့တာပါပဲ...။

ဒါကြောင့် မမခက်ကို ပြန်ပြောပြီး... နောက်ဘက်နှစ်လမ်းကျော်က ဆေးခန်းပြေးဖို့ ထွက်ခဲ့ရာမှာ...

" အမေ့..."

လူတစ်ယောက်ကို ဝင်တိုက်မိပြီ။

မိန်းကလေးနှယ် ပျာယာခပ်ပြီး ပြေးလွှားနေတယ်လို့ အထင်ခံရတော့မှာပါလား။ ဒါကြောင့် မော့ကြည့်ရင်း တောင်းပန်ကာမှ... ဟင်... ဆောရီးပါကန်တော့ပါ... အရေးကြီးလို့ပါ ဆိုပြီး တောင်းပန်ကာမှ... ဟင်... အန့်ကယ်ဦးဇော်လတ်ကြီးပါလား။

" ဘာဖြစ်လို့လဲ ကလေးရဲ့ "

" မေမေ မူးနေလို့ ဆရာဝန် သွားပင့်တာပါ... ဆရာဝန်က ခရီးထွက်နေလို့..."

" နှင်းနှင်း မူးနေတယ်လား..."

" သား ဆေးအိတ်ပါလား..."

" ကားပေါ်မှာ ပါပါတယ် မာမီ "

" သားတို့ ညီအစ်ကို လိုက်ကြည့်ပေးလိုက်ပါ... ကလေး... သူတို့ကို ခေါ်သွား..."

အန့်ကယ်ဦးဇော်လတ်ရဲ့ ဇနီးက ခုနတုန်းက လက်လာဆေး



တဲ့ အန့်တီ လှလှလေးပါလား။ သူ့သားတွေ ခေါ်သွားတဲ့။ ဆေးအိတ်သွားယူတဲ့။ ဟိုနေ့က ဆမ်းမားတွေလိုက်တဲ့ အစ်ကိုကြီးက ဆရာဝန်ထင်ပါရဲ့... လှေကားထစ်တွေအတိုင်း သူတို့ကိုပါ ခေါ်လာရတဲ့အခါ...။

" အားနာလိုက်တာ... ဆမ်းမားတို့က ဟိုးအပေါ်ဆုံးထပ်မှာနေရတယ်..."

" အဘွားဒေါ်တင်စုက သူ့ဌေးပဲ... ခါတ်လှေကား မတပ်ဘူးလား "

" ညီ... ဘာတွေပြောနေလဲ "

အပေါ်ဆုံးထပ်ရောက်တော့ မမခက်က ဆမ်းမားတို့ကိုကြည့်ပြီး အံ့သြနေလေရဲ့...။ ဒေါက်တာစိုးနောင်လည်း မဟုတ်ပါလားလို့ ထင်ပုံရပါတယ်။

" ဆရာဦးစိုးနောင် ခရီးထွက်နေတုန်းမှာ..."

" ကျွန်တော်က ဆရာဝန်ပါ... အန့်တီနှင်းကို ကြည့်ပေးပါ ယ်..."

ဆမ်းမားထင်တာ မှန်ပါရောလား။ ဆမ်းမားစိတ်မှာ ကြည့်လို့ကောင်းတယ်လို့ ထင်တဲ့ အစ်ကိုကြီးက ဆရာဝန်ပဲ...။ ဟို ဘာပုံပေါက်နေမှန်း မသိတဲ့ လူကတော့ ဆရာဝန် ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

" ဘာဖြစ်လဲ ကိုကို "

" သွေးတိုးနေတယ် ညီ "

" အရမ်းတိုးနေလား..."

" နည်းနည်းတော့များတယ်... အန့်တီမှာ သွေးတိုးရှိလား"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတစ်ခါ မူးတယ်လို့တော့ ပြောတယ်... သေချာတော့ ဂရုစိုက် မကုဖူးပါဘူး"

"လူတွေမှာ အဲဒါမျိုးတွေ ခက်တာပေါ့... ကိုယ့်အသက်အရွယ်ကို ကြည့်ပြီး ဘယ်လိုရောဂါတွေ ဖြစ်တတ်တယ်... ဖြစ်နိုင်သလား... ဖြစ်နေသလား... ဂရုစိုက်ရမယ်... ဂရုမစိုက်တော့ မတော်တဆ သွေးဆောင့်တက်သွားရင် လေဖြတ်တတ်တာပေါ့... လေဖြတ်ပြီဆိုရင် သွားပြီပေါ့... အန်တီက ဝလည်းဝလွန်းတယ်... မင်းက ကိုယ့်အမေကို ဂရုစိုက်မှပေါ့... သမီးဖြစ်ပြီး... အမေကို ဂရုစိုက်ရကောင်းမှန်းရော သိရဲ့လား"

ဩော်...

အခြောက်တိုက် လူကိုလာပြီး ကြိမ်းမောင်းနေသေးတယ်... နဂိုရ်ကမှ ကြည့်မရရတဲ့ အထဲမှာ...။ စကားပြောတာက အပေါ်ယံ အထက်စီးက မာရေ ကျောရေနဲ့ပါလား။ ဆေးလာကုပေးလို့များ ကျေးဇူးတင်ရမလား မှတ်ပါတယ်။ ဆေးကုတာက သူ့အစ်ကို... သူက ဆေးကုပေးတာလည်းမဟုတ်ပဲ လေသံကိုက...။

အစ်ကိုကြီးကို ကြည့်လိုက်တော့ ဆာမ်းမားကို ပြုံးပြနေတဲ့ အပြုံးက နှစ်သိမ့်ပြုံးပါလား။ အစ်ကိုကြီး မျက်နှာ ထောက်ထားလို့ သာပေါ့...။

"ကျေးဇူးတင်လိုက်တာ မောင်လေးတို့ရယ်"

"ရပါတယ်... အန်တီ့ကို ဂရုတော့စိုက်ပါ... သွေးတိုးကို [illegible] တစ်ယောက်ယောက်နဲ့ သေချာပြပြီး ကုပါ... အစ်မက [illegible] ကစ်မလား..."

"ပပခက်က ဆမ်းမား ယောက်မပါ..."



မမခက်က ကော်ဖီဖျော်တိုက်မယ်ဆိုပေမယ့် သူတို့က ငြင်းပြီးတော့... ပြန်သွားကြပါတယ်။ ဆမ်းမားကိုလည်း လိုက်မပို့နဲ့ နေခဲ့တော့... အပေါ်ထပ် ပြန်တက်ရတာ မလွယ်ဘူးတဲ့လေ...။ ဆမ်းမားကဖြင့် တစ်နေ့ လေးငါးခေါက် အတက်အဆင်း လုပ်နေတာ ကိုများ...။

◈

www.burmeseclassic.com

www.burmeseclassic.com

" ညီ… မင်းစကားပြောလိုက်ရင် လေသံက ဆုံးမတဲ့ပုံ ပေါက်နေရော… မှန်တယ်ဆိုပေမယ့် တစ်ဘက်လူမှာ အောင့်သွား အောင် ခံရမှာ…"

ကိုကိုကတော့ အားနာသတဲ့…။ စိတ်ကတော့ စေတနာနဲ့ ပြောတာပါ။ ကိုယ့်ကိုယ်ကို ဂရုမစိုက်တဲ့သူတွေမြင်ရင်ကို ညီ့စိတ်မှာ စိတ်ပျက်တာ…။ ကိုကို့ကိုတောင် ဆရာဝန်မို့ မပြောပေမယ့် စားချိန် မမှန် အိပ်ချိန်မမှန် အလုပ်လုပ်တာကို မနှစ်သက်ပါဘူး။ ညီကတော့ ကျန်းမာခြင်းကလည်း အလှအပကို တိုးပွားစေတယ်လို့ ယုံကြည် ယူဆသူပဲလေ…။

" ကို့ကို တိုင်ပင်စရာ ရှိတယ် "

" ပြောလေ စောရဲ့…"

" သားတို့ကိုလည်း တိုင်ပင်တာပါလေ… စော အလုပ်တွေ ..ပ်ရတာ အခုဆို ကိုယ်က ဦးစီးရုံပါပဲ… ဘာမှ အပင်ပန်းခံစရာ ..ပါဘူး… ဒါပေမယ့်… အိမ်မှာတော့ စောရဲ့ အနီးအနား ...ဖော်လိုချင်တာ… ဒါကြောင့်လည်း နီလာ့ကို သားကြီးနဲ့ ...ပြီး အနားခေါ်ထားချင်ခဲ့တယ်…"

" ဒါဆိုလည်း သားကြီးတို့ကို အမြန်လက်ထပ်ပေး လိုက်ပေါ့…"



ကိုကိုတော့ အမြန်ဆုံး လက်ထပ်ရတော့မယ် ထင်ပါရဲ့။

" နီလာ့ကို ဟိုနေ့က သူတို့အိမ်မှာတွေ့တော့… အဖော်လေး တွေကို ဆူပူမာန်မဲပြီး ခိုင်းနေတယ်… အဲဒါမျိုးကျတော့လည်း စောကမနှစ်သက်ပြန်ဘူး… စောတို့အိမ်မှာ ဝင်းစိန် လာနေတာ ..စ်မနည်းတော့ဘူး… မိသားစုလို ဖြစ်နေပြီ… ချိုချိုသာသာ ..ုံးမသင့်တာ… ချွေးမအနေနဲ့ လိုချင်တာထက် အလုပ်လုပ်တဲ့ သဘောမျိုးလေ… စောရဲ့အတွင်းရေးမှူးလိုပေါ့… အဲလိုမျိုး လိုချင် ..တာ…"

မာမီ့ခများလည်း လုပ်ငန်းတွေ တစ်ခုပြီးတစ်ခု တိုးချဲ့သမျှ ..အောင်မြင်နေတော့လည်း မောပြီ ထင်ပါရဲ့…။ မာမီ့မှာ အတွင်းရေးမှူး ..ဖြစ် ညီရှိနေတာပဲ ဆိုတော့… တစ်ခါတလေမှာ မိန်းကလေးချင်း ..စကားပြောချင်တဲ့အခါမျိုးတွေ ရှိသလို သမီးကလေးတစ်ယောက် ..မွေးခဲ့ရကောင်းသား စဉ်းစားမိတာတဲ့လေ…။

" ပဲန်စီကိုရော စော သဘောမကျဘူးလား "

မပဲန်စီက မာမီ့ရဲ့ သတိုးသမီး ဝတ်စုံတွေ ချုပ်တဲ့ ဆိုင်ကို ..ီးစီးရတာလေ။ အဲလိုမျိုး လုပ်ငန်းတွေမှာ ဦးစီးတဲ့လူတွေရှိနေပေမယ့် ..မီ ခုလိုတော့ တစ်ခါမှ မပြောဖူး…။

" စောလိုချင်တာက ဦးစီးမှူးတွေလို မဟုတ်ဘူး… ..ကတိုင်ပင်သမျှ အနီးကပ် သမီးတစ်ယောက်လို စိတ်ခွာတ်ရိုးသား ..ျစင်တာ လိုချင်တယ်…"

" ဒါဆိုလည်း စော စိတ်ကြိုက် ရှာပေါ့ကွာ…"

" ခုချိန်မှာ စောစိတ်ထဲ သင့်မလားလို့ တွေး.. ..ကစ်ယောက်တော့ ရှိပါတယ်… အဲဒီကလေးမဆီမှာ ဈေး..

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာတရား ရှိသလိုပါပဲ... စော လက်သွားဆေးတော့ ဂရုစိုက်သလို သူ့ဆီမှာ ဟန်ဆောင်တာ မရှိဘူး... စော်လက်ကို ဆွဲယူပြီး ကလေးတစ်ယောက်လို ဖျိုးဖျိုးဖျတ်ဖျတ်ဆေးပေးတာ စော သဘောကျရတယ်..."

ဘယ်သူလဲလို့ ဒက်ဒီမေးလိုက်တာမှာ နောက်ဆက်တွဲကြားရတဲ့ မာမီ့အသံကြောင့် ညီ လန့်သွားသလိုပါပဲ။ ဒေါ်နှင်းနှင်းသမီးလေးလေတဲ့။

" ဆမ်းမား... "

" ဟုတ်တယ်... အဲဒီ ဆမ်းမားခို့တဲ့ ကောင်မလေးကို စော သဘောကျတယ် "

" မာမီရယ်... ကျန်တဲ့ ကောင်မလေး လှလှလေးတွေကိုတော့ သဘောမကျပါပဲ ဒီ ဘဲရုပ်ဆိုးလေးမှ သဘောကျရတယ်လို့ပဲ..."

" မာမီက လုပ်ငန်းတွေများလာတာနဲ့အမျှ လူအမျိုးမျိုးတွေ တွေ့ဖူးခဲ့ပြီ... ခုချိန် ရိုးသားဖြူစင်တဲ့ ပကတိအလှကို ရှာဖို့ မလွယ်ဘူးသားငယ်... ကောင်မလေးက ဖြူစင်တာ... လှပတာ မဟုတ်တဲ့ ဖြူစင်မှုအလှ ရှိပါတယ်..."

" စောက သဘောကျတယ်ဆို ဆမ်းမားအကြောင်း မေးရကြိုးရမှာပေါ့... မာမီဒေါ်တင်စုတို့က နှင်းနှင်းရဲ့ ခင်ပွန်းကို မနှစ်သက်လို့ နေရာဖယ်ထားကြပုံပဲ... မြေးတွေကို တစ်ယောက်ချင်းပိုက်သက်ပေးတာတောင်မှ ဆမ်းမားမပါတာကြည့်..."

အလှူမှာလည်း အန်တီသင်းတို့တွေပဲ ဧည့်ခံကြပြီး အန်တီနှင်းကို မတွေ့ရသလို ဆမ်းမားက မာမီ့အဲပြောအရဆို အလှူမှာ ပန်းကန်ဆေးနေရတာပါလား။



" နှင်းနှင်းကို သွားကြည့်ရင်း ဆမ်းမားအကြောင်း စောမေးမလား... "

" ဒေါ်နှင်းနှင်းကို ကို သွားကြည့်ချင်နေတာလား "

မာမီ့အမေးကြောင့် ဒက်ဒီတင်မဟုတ်ပဲ ကိုကိုနှင့်ညီပါ ရယ်ကြရတယ်။ ခုအသက်အရွယ်ရောက်မှတော့ နှင်းနှင်းအပေါ် ခင်မင်မှုပဲ ရှိပါတယ် စောရယ်တဲ့...။

ဒက်ဒီနှင့် မာမီလည်း မရှိရော ကိုကိုက ပြောတယ်လေ...။

" ဘဲရုပ်ဆိုးလေးကို မာမီက သဘောကျပြီး ညီနဲ့ ပေးစားလိုက်ရင်ကော "

" ကိုကို... ကျေးဇူးတင်ပါတယ်..."

ညီ့ရဲ့ ရွှဲမဲ့မဲ့ မျက်နှာကိုကြည့်ပြီး ကိုကိုက ရယ်တော့တာပေါ့လေ...။

◈

www.burmeseclassic.com

www.burmeseclassic.com

မမေ နေကောင်းသွားပေလို့ပေါ့။ အလှူမှာ ဘမ်းမား ပြီးအောင် ပန်းကန်မဆေးရကောင်းလား အန်တီသင်း တိုင်လိုက်တော့ ဘွားဘွားခေါ်ဆူတာ ခံလိုက်ရပါလေရော့။ မမေ မူးနေလို့ပါဆိုတော့ သွေးတိုးလို့ မူးတာ ဘာဆန်းလဲ ဆေးသောက်ပြီး အိပ်နေလိုက် အနားမှာ ခက်ခက်ရှိတာပဲတဲ့လေ...။ ဘွားဘွားက အန်တီသင်း တို့တွေကို ချစ်သလောက် မမေ့ကို ဘာလို့ မချစ်ပါလိမ့်လို့တောင် စဉ်းစားယူရတယ်။

မမခက်က မမေ့အတွက် ဆန်ပြုတ်ပြုတ်မယ် အနားမှာ နေလိုက်ဆို ဈေးထွက်သွားတယ်လေ...။

" ဆမ်းမား... မမေ နေကောင်းပါတယ်... သွားပါ... သမီး အလုပ်လုပ်စရာရှိ လုပ်ချေပါ... ဒါနဲ့ ဟိုနေ့က ဘာလို့ ဆရာဝန်ကောင်လေးတွေကို ခေါ်လာရတာလဲ..."

" အဲဒါ အန်ကယ်ဦးဇော်လတ် သားတွေလေ ဆရာ ဦးစိုးနောင်မရှိလို့ မမခက်ကို လာပြန်ပြောတာမှာ သူတို့သိသွားပြီး သူတို့အမေက လိုက်ကြည့်ပေးလိုက်ဆိုလို့ လိုက်လာတာပါ..."

" သူတို့အမေ..."

" ဟုတ်တယ် မမေ... ဒေါ်စောသီရိက သိပ်ချောတာပဲ... ခုချိန်ထိ ကိုယ်လုံးလေးကလည်း လှသေးတယ်... မမေလည်း



ဝိတ်ချပါလား မမေ... မျက်နှာလေးကျတော့ မမေက ပိုလှတာ... ဒါပေမယ့်..."

" တော်စမ်း ဆန်းမားရယ်... ကိုဇော်လတ်က စိတ် သဘောကောင်းပေမယ့် မမေတို့နဲ့ သူတို့ ဘာမှ ပတ်သက်စရာ မရှိဘူး... ဆမ်းမားလည်း သူ့သား ကောင်လေးတွေနဲ့ ခင်မင် မနေနဲ့တော့ မမေ မကြိုက်ဘူး..."

အိမ်ရှေ့က ဘဲလ်သံကြောင့် တံခါးပြေးဖွင့်ရင်းမှ လာပြီ မမခက်ရေ... မမခက်ဈေးသွားတာ မြန်လိုက်တာဆိုပြီးတော့ တံခါး လည်း ဖွင့်လိုက်မိရော... ပထမ အန်တီသင်းရဲ့ ကိုယ်လုံးဝဝကြီး အရင်မြင်ပြီးမှ... ဟင်ဆိုပြီး ဆမ်းမား ကြည့်နေမိတာ။

အန်ကယ်ဦးဇော်လတ်တို့ လင်မယားပါလား။

အဲဒီ အန်တီစောသီရိကို တွေ့တွေ့ချင်းမှာတောင် ဦးဇော်လတ်ရဲ့ ဇနီးလို့ မထင်ပါပဲ... သိပ်လှတဲ့ အန်တီလို့ပဲ မှတ်ယူခဲ့တာ။

" နှင်းနှင်းရေ..."

အန်တီသင်းကြီးခေါ်တော့ မမေ အခန်းထဲမှ ထွက်လာပါပြီ။

" ဒီမှာလေ... မောင်ဇော်လတ်နဲ့ မသီရိက နေမကောင်းတာ မေးရင်း လာလည်တာတဲ့... ဆမ်းမား... အအေးဖြစ်ဖြစ် ပြင်လေ"

" မပြင်ပါနဲ့... လာထိုင်ပါဦး ဆမ်းမားရဲ့ "

အန်တီစောသီရိက သူ့ဘေးခုံမှာ လာထိုင်ပါတဲ့...။ မမေကတော့ ဆမ်းမား စားစရာတစ်ခုခု စီစဉ်လိုက်တဲ့လေ...။ အအေးဖျော်ပြီးတော့ ကိတ်မုန့် ပြင်ဆင်လို့ ထွက်ပေးမယ်လည်း လုပ်ရော မမခက်ရောက်လာပြီး ယူသွားပါလေရော့။

www.burmeseclassic.com

www.burmeseclassic.com



ကြပါပြီ။ မေမေနှင့် မမခက်တို့တော့ နေရာမှ မထနိုင်ပါပဲ ဆွေးနွေးပွဲကြီး စတော့တာပါပဲ။

" မဖြစ်ပါဘူး ခက်ခက်ရယ်... စောသီရိအနားမှာ တာကောက်ကောက် လိုက်နေရမှာ... သူ့မှာ သားနှစ်ယောက်တောင်ရှိတယ်"

" မေမေ... ဒီအလုပ်ကို အန်တီသင်းတို့ဖြင့် သူတို့သမီးတွေအတွက် အရမ်းလိုချင်နေတယ်... ရေရှည်ကျရင် ဆမ်းမားအတွက် အကျိုးရှိနိုင်တယ်... ဒေါ်စောသီရိရဲ့ လုပ်ငန်းတွေကို ခက်သိတယ်... အရမ်းကောင်းတာ..."

" ရေရှည်... ရေရှည်မှာ အလုပ်လည်း ကောင်းချင် ကောင်းလာနိုင်သလို... ကောင်လေးတွေနဲ့လည်း ရှုပ်ကုန်ပါမယ် ခက်ခက်ရယ် "

" ဘာလို့ရှုပ်ရမလဲ မေမေရယ်... သူတို့ချင်း တကယ့်မေတ္တာစစ်နဲ့ မေတ္တာမျှရင်လည်း မျှပါစေပေါ့... ခက်ကတော့ ကြိုက်တယ်... ဆမ်းမားကို အားလုံးက ညံ့တယ် ပြောနေတာ... အခု အလုပ်က အရမ်းကောင်းတယ်..."

ဆမ်းမားကတော့ တစ်သက်လုံး မေမေ့စိတ်ကြိုက်နေလာရတာ ဆိုတော့ ဝင်မပြောရဲပါဘူး။ မေမေက ဒီအလုပ်လုပ်ဆို လုပ်လိုက်ရုံပါပဲ... မလုပ်နဲ့ဆို မလုပ်ပါဘူး...။ အဲဒါ အကောင်းဆုံးပဲမဟုတ်လား။

" သူ့သားနှစ်ယောက်နဲ့ မချစ်စေချင်ဘူး "

" ဘာလို့လဲ မေမေရယ် "

" မပြောတတ်ပါဘူး..."

" စိတ်ချပါ မေမေ... ဆမ်းမား ကတိပေးတယ်... သူ့သား



" ဆမ်းမားက ညီမဝမ်းကွဲတွေ အားလုံးထဲမှာ အညံ့ဆုံးပါ သိရဲ့ရယ်... လူမှုဆက်ဆံရေးလည်း မရပါဘူး... နှင်းနှင်းက သူ့သမီးကို ဘယ်သူနဲ့မှ စိတ်မချလို့ဆို အပေါင်းအသင်းလည်း မရှိ... အဝေးသင်ကနေ ဘွဲ့ရတာတောင်... အနီးကပ် သင်တန်းတက်ရင် ခက်ခက်ကလိုက်စောင့်ရတာ... အင်္ဂလိပ်စာလည်း ညံ့အကုန်ညံ့တယ်..."

အန်တီသင်းတို့ကတော့ ရက်ရက်စက်စက်ပြောနေပြီ... မေမေ့ကို ချောင်းကြည့်တော့ ထုံးစံအတိုင်း ရယ်ကျဲကျဲလေးနဲ့ပါလေ... ကိုယ့်သမီးလေးကို နှိမ်နေတာ မေမေ နားထောင်နေရလား...။ ဆမ်းမား တော်တာလေးတွေ ပြောဦးမှပေါ့။ အင်းပေါ့လေ ဆမ်းမား တော်တယ်ဆိုတာကလည်း ဘာမှမှကို မရှိတာ...။ ဟုတ်သေးပါဘူး။ ရှိပါသေးတယ်... ဆမ်းမားက အစားကြိုက်လေတော့ ဟင်းကောင်းကောင်းချက်တတ် မုန့်တွေလည်း ကောင်းကောင်းလုပ်စားတတ်ပါတယ်...။

" သီရိလိုချင်တဲ့ အရည်အချင်းက အင်္ဂလိပ်စာတော်ဖို့တို့ ကြားတော်တာတွေ မဟုတ်ပါဘူး... ဖြူစင်မှုတစ်ခုပဲ လိုတာပါ... အနားမှာ အတူနေပေးပြီး အတွင်းရေးမှူးတစ်ယောက်လိုထက် ... လိုထားမှာပါ... တိုးတိုးဖော်လေးပေါ့... ဆမ်းမားရဲ့ ဖြူစင်မှုကို ချစ်လို့ပါ... နောက်တော့ မျက်စိရည်ဝလာရင် သီရိ အလုပ်တွေကို နားလည်လာတော့ အကောင်းဆုံး တစ်နေရာရာလည်း ပေးမှာပါ... ဆမ်းမားကိုပဲ လိုချင်တယ်... နှင်းနှင်း ခွင့်ပြုစေချင်တာပါ..."

အပြင်မှာတော့ ဘာတွေပြောနေကြတယ်မသိ။

နောက်တော့ အန်ကယ်ဦးဇော်လတ်တို့ ရှုတ်ဆက်ပြန်သွား

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်နဲ့ လုံးဝမချစ်ပါဘူး... ကတိ ကတိ... ဆမ်းမား ကတိကို မေမေ သိပါတယ်နော်..."

မေမေနဲ့မမခက်ရဲ့ စကားကို ဆမ်းမား ဝင်ပြီး အတည်ပြု ပေးလိုက်ပါပြီ။ စိတ်ချပါ... ဘယ်သူ့ကိုမှ ဆမ်းမား မချစ်စေရပါဘူး။

" မာမီ့ကို အံ့ဩတယ် ကိုကို... မာမီက ဆမ်းမားကို ဘာသဘောကျတာလဲ... ညီဖြင့် သဘောမပေါက်ပါဘူး... အနားမှာ နေမယ့် တိုးတိုးဖော်ဆိုတာ လိုအပ်လို့လား..."

" မကေသီကို မာမီယုံခဲ့သမျှ မကေသီ လိမ်ညာလိုက်တာ မှာတင် မာမီ အတော်စိတ်ပျက်သွားပုံပါပဲ... လုပ်ငန်းတွေကို စိတ်ချရတဲ့သူနဲ့ ထားချင်ပုံပဲ... ပြီးတော့ မာမီ့ဘေးမှာ ရှိသမျှ သူတွေက အကောင်းတွေပဲ မြှောက်ပင့်ပြောနေတာမျိုးတွေကို ငြီးငွေ့လို့ ဖြစ်မှာပေါ့... ဘဲရုပ်ဆိုးလေးရဲ့ အူကြောင်ကြောင်ပုံစံကို မင်းတောင် ထူးဆန်းပြီး စချင်နေတာ..."

ဒါတော့ ဟုတ်ပါတယ်...

တွေ့တွေ့ချင်းကို ဘာပုံစံလေးမှန်းမသိတဲ့ ကောင်မလေးကို စချင်တာနဲ့ အချောလေးလို့တောင် ခေါ်ခဲ့သေးတာ မဟုတ်လား။

" စကားပြောချင်လို့ ခေါ်တယ်ဆို ခေါ်ပါ... တော်ကြာမှ မနီလာလိုမျိုး..."

ညီ့အပြောကြောင့် ကိုကိုက ရယ်တယ်လေ...

" မာမီသဘောကျရင်တော့ ချွေးမတော်မယ်ဆို မ ခေါင်းညိတ်ရလိမ့်မယ်... မာမီ့စိတ်ကြိုက် ချွေးမဆို မင်းငြင်းရဲ... ဒါကိုတောင်မှ မငြင်းရဲလို့သာ နီလာ့ကို လက်ခံလိုက်ရတာ..."

www.burmeseclassic.com

www.burmeseclassic.com



" မငြင်းရဲလို့သာ မမနီလာကို လက်ခံလိုက်ရတာ ဟုတ်လား ကိုကို..."

" ဟုတ်တယ် ညီ "

" ဒါဆို မမနီလာကို ကိုကိုမချစ်ဘူးလား "

" ကိုကိုက ကောင်မလေးတစ်ယောက်ကို ချစ်တယ်ဆိုတဲ့ အကြောင်း ညီ့ကို ဘယ်နှစ်ခါများ ပြောဖူးလဲ "

" ညီသာဆိုရင်... မာမီ့ကို ငြင်းတော့ ငြင်းမိမယ် ထင်ပါရဲ့ ကိုကို..."

" ငြင်းနိုင်လို့လား ညီ... ကိုကိုလည်း မငြင်းရက်ရာကနေ..."

ကိုကိုပြောတာလည်း ဟုတ်ပါတယ်လေ။ မာမီ့ကို စိတ်ဆင်းရဲ အောင် ညီတို့ ငြင်းဖြစ်ကြမယ် မထင်ပါဘူး။

" ကြိုတင်ပြီး ဘာကိုမှ တွေးမနေပါနဲ့ညီ... ဖူးစာပါတဲ့လူ လက်ထပ်ရမှာပဲ... တက္ကသိုလ်မှာ ဒီလောက် ကောင်မလေးများစွာ တွေ့ခဲ့တာ မင်း ချစ်သူမှ မရခဲ့တာပဲ... ပြီးတော့ မင်းက မာမီ့ လုပ်ငန်းအားလုံးကို လိုက်ကူတယ်... အလှအပနဲ့ ဆိုင်သမျှ လုပ်ငန်း တွေမှာ ကောင်မလေး လှလှလေးတွေမှ အများကြီး... မင်းစိတ်ပါ ချစ်တဲ့သူ တွေ့လား... ဒါကြောင့် ဘာမှကြိုမတွေးပါနဲ့... ဆမ်းမားပဲ မင်းရဲ့ ဖူးစာရှင်ဆိုရင်တော့ အခြေအနေကို လက်ခံလိုက်ပေါ့ ညီရယ်..."

" ဟုတ်ပါပြီလေ... ကဲပါ... ညီ ဒီနေ့ ဆံပင်သွားပြင်မယ် သွားပြီ "

" ညီကတော့လေ... ဒီဆံပင်ပုံတွေကို အရောင်အမျိုးမျိုး ပြင်ဆင်နေရလောက်အောင် လိုလို့လား "

" ဒါကတော့ ညီက လှချင်တယ်လေ ကိုကိုရယ်..."



ကိုကိုနဲ့ ပြောပြီးတော့ ထွက်လာခဲ့ပါပြီ။

မာမီတစ်ယောက်တော့ ဘယ်ဆိုင်ရောက်နေတယ် မသိ။ ဆမ်းမား အလုပ်လုပ်ဖို့ အန်တီနှင်းက လက်ခံလိုက်ပြီလို့တော့ ပြောတာပါပဲ။ အရင်ဆို ညီ့ကို အလွတ်ပေးတာ မဟုတ်ဘူး။ သားငယ် ဘယ်ရောက်နေလဲ။ မာမီတော့ ဘယ်ဆိုင်မှာ လာခဲ့ဦးဆို ဖုန်းအမြဲဆက်နေရာကနေ... အခုတော့ ငြိမ်ချက်သား ကောင်းလို့ပါ လား။

ဆံပင်ပြင်ပြီးတော့... မာမီ့ဆီ ဖုန်းခေါ်လိုက်ပါတယ်။

" သားငယ်... အခု လာနိုင်လား "

" မာမီက ဘယ်မှာလဲ "

" ပဲန်စီဆိုင်မှာ..."

" ဆိုင်မှာလား... လာခဲ့မယ် မာမီ "

မပဲန်စီဆိုင်က သတို့သမီး ဝတ်စုံတွေချည်း သန့်သန့်ချုပ်သလို ချုပ်ပြီးသားတွေပြတဲ့ အရောင်းပြခန်းလည်း ရှိပါတယ်။ ကားကို ရပ်ခဲ့ပြီးမှ ဆိုင်ထဲ ဝင်ခဲ့တာပါ...။ မာမီ့အနားမှာ ထိုင်နေတာပါလား ဘဲရုပ်ဆိုးလေးရေ...။ မာမီက ဒီလောက် အလှအပကို နှစ်သက်တာ။ သူ့အနားမှာ အချိုးမပြေတဲ့ အပြင်အဆင်နဲ့ ကောင်မလေးကို ဘာလို့များ ကြည့်နေပါလိမ့်...။

" သားငယ်... အတော်ပဲ... ခဏနေရင် မာမီနဲ့ ဆမ်းမား ထမင်းသွားစားကြမလို့... သားငယ်ပါလိုက်ခဲ့... အခုတော့ ဆမ်းမားကို ပိုးရှမ်းကို လိုက်ပြလိုက်ပါဦး... ဆမ်းမား လိုက်သွားကြည့်လိုက်နော်"

" ဟုတ်ကဲ့..."

ဘဲရုပ်ဆိုးလေးက နောက်ကနေလိုက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



" အဲဒါ မင်းရဲ့ နဂိုရှိဆံပင်လား "

ဆံပင် ကောက်ကောက်ကွေးကွေးတွေက ကျောလယ်မက ရှည်လျားနေတာကို ကလစ်တစ်ခုနဲ့ ထိန်းထားပါတယ်။ ကောင်မလေး တွေရဲ့ ဆံပင် ဖြောင့်ဖြောင့်လေးတွေ လှနေချိန်မှာ ဒီဆံပင် ရှုပ်ထွေးထွေးကြီးကို ညီဖြင့် မျက်ဝန်းမှာ အဆင်မပြေပါဘူး…။

" ဟုတ်တယ် "

" အခုကောင်မလေးတွေ ဆံပင်ဖြောင့်နေကြတာ ဘယ် လောက်လှလဲ… မင်း ဆံပင်ဖြောင့်မလား…"

" မဖြောင့်ဘူး "

" ဘာ…"

" အမေမွေးကတည်းက ဒီအတိုင်းပဲ ရှိနေတဲ့ဆံပင်ကို ထားထားလိုက်ပါ… ရှင် မျက်စိနောက်ရင် မကြည့်ပဲနေပေါ့…"

" ဟာကွာ "

မျက်စိနောက်ရင် မကြည့်ပဲ နေတဲ့…။

ဒါဆိုရင် သူ့ကို ညီက ကြည့်မိတယ်လို့ ဆိုလိုတာလား… လှလွန်းလို့ ကြည့်မိတယ်များ မှတ်နေလား… ဘဲရုပ်ဆိုးရေ… မျက်စိ အဆင်မပြေလွန်းလို့ မြင်နေရတာ…။

" ဒီဝတ်စုံကြီးတွေက ပိုက်ဆံဈေးကြီးသလောက် မဝတ်ပ တော့ မဖြစ်ဘူးလား…"

" မိန်းကလေးတိုင်း မင်္ဂလာဆောင်တယ်ဆိုတာ တစ်ဘဝ အတွက် တစ်သက်တစ်ခါ မင်္ဂလာယူတာပဲ… ဘယ်လောက် ကုန်ကုန် ကြီးကျယ်ခမ်းနားစွာ မင်္ဂလာဆောင်ချင်ကြတာ သိပ်လှပအဖိုးတန်တဲ့ မင်္ဂလာဝတ်စုံမျိုးကို ဝတ်ချင်ကြတာပဲ…"



" မိန်းကလေးတိုင်းလို့ အကုန်သိမ်းကြုံးမပြောပါနဲ့… မိန်းကလေး တချို့လို့ပဲ ပြောပါ… မိန်းကလေးတွေဆိုတာ စိတ်တူ ကြတာ မဟုတ်ပါဘူး… ဒီဝတ်စုံကြီးဝတ် မင်္ဂလာဆောင်ရမှာ ပျက်စရာ ကောင်းလိုက်တာလို့ တွေးတဲ့ လူလည်း ရှိနိုင်ပါတယ်"

" အဲဒါကတော့ မင်းလို ဖွကျကျ အချိုးမပြေတဲ့… ရုပ်ဆိုးမပဲ ဖြစ်မှာပါ "

" ဘာပြောတယ် "

" စကားကို တစ်ခါပဲ ပြောမယ်… နှစ်ခါမပြောဘူး "

ညီ မသိမသာ ကြည့်မိတာ… ပါးစပ်က ပွစိပွစိနဲ့ ရွတ်နေ တယ်။ ညီကို ဆဲမျှားပဲနေတာလား မသိပါဘူး…။ အဲ့ဒီ ဂျမ်းတောမက ကြနိုင်တာ မဟုတ်ပါဘူး…။ မာမီ ဘာလို့များ သဘောကျပါလိမ့်။ လှအပနဲ့ ပတ်သက်ပြီး အတွေးအခေါ်မှာ ကောင်းကောင်းမွန်မွန် ရှိတဲ့ ဒီကောင်မလေးဟာ မာမီ့ လုပ်ငန်းတွေမှာ တစ်ခုမှ ထူးချွန်လာမှာ မဟုတ်ပါဘူး။ အတွင်းရေးမှူးဆိုတာ မာမီ့လောက် တော်နေမှ ပြိုင်နိုင်တော့မှာပေါ့…။

မာမီနှင့်တော့ တစ်ပတ်ဆယ်ရက်လောက်နေရင် ခွေးခွေး ပို့ရဦးမှာပါပဲ…။

◈

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်စောသီရိနှင့်နေရတာ နောက်တော့ မပြောတတ်... ခုလောလော ဆည်တော့ စိတ်ပင်ပန်းနေသလိုပါပဲ... စကားများများ မပြောပါပဲ ပြုံးပြုံးလေးနှင့် စိုက်ကြည့်နေတာများ ရင်ထဲ ဘာတွေ ရှိနေမယ်ဆိုတာ ဆမ်းမား မသိနိုင်အောင်ပါပဲလား...။

" ဆမ်းမား ကားမောင်းတတ်လား "

" ဟင့်အင်း..."

" သင်ကော သင်ချင်သလား "

" သင်တော့ သင်ချင်ပါတယ်... ဆမ်းမားတို့မှာက ကား မရှိတာ "

" ဟုတ်တာပေါ့..."

ဒေါ်စောသီရိဟာ သူကိုယ်တိုင် ကားမောင်းတာပါလား... ကျော့မော့ လုပနေတာများ... ပွဲနေပွဲထိုင်သွားသလိုကို သေချ ပြင်ဆင်ထားတယ်... မနက် ဘယ်အချိန်ကများ အလှပြင်နေပါလိ ဒီအခါမှာတော့ ဈေးကို ဘီးဆံပတ်ပတ်ပြီး သံနပ်ခါးဘဲကျားန သွားတက်သော မေမေ့ကို အမှတ်ရရပါတယ်။

ပြီးတော့ အနားမှာနေရတာ မွှေးကြိုင်နေတာပါလား။

ဆမ်းမားကဖြင့် စကပ်လုံချည် နက်ပြာပြောင်လေး အဖြူရောင် တီရှပ်လေးနဲ့ပဲ ဝတ်လာမိတာ...။ သိပ်ကိုမှိန်နေမှာပါပဲ...



ပထမဦးဆုံး မင်္ဂလာဝတ်စုံတွေ ချုပ်တဲ့ ဆိုင်ကို ခေါ်သွား ပါတယ်... အဲဒီမှာ ဦးစီးတဲ့ မပဲန်စီဆိုတဲ့ အစ်မနဲ့ မိတ်ဆက်ပေး ပါတယ်။

ဒေါ်စောသီရိရဲ့ အတွင်းရေးမှူးလို့လည်း ပြောရော... ဆမ်းမားကို မျက်လုံးကြီး ပြူးကြည့်ပါတယ်။ အတွင်းရေးမှူးဆိုတော့ အရည်အချင်း ဘယ်လောက် ကောင်းနေလို့လဲ တွေးမှာပေါ့... ခေါင်းခင်တဲ့လားဆိုပြီး ရှေ့ဆက်တော့ ဘာမှ မမေးပါဘူး။

ခဏအကြာမှာ ကြည့်မရတဲ့လူ ရောက်လာပါတယ်။

ဒီလူ့နယ်...။

ဆံပင်တွေကို အမျိုးမျိုး ပြင်ဆင်ထားတာပါလား။ အချိန်ပေး နိုင်လွန်းတယ်... ဆံပင်ပြင်ဆိုင်မှာ အတော်ကြီး အချိန်ယူရ လောက်အောင် အချိန်တွေ နှမြောစရာ...။ စကားပြောတော့လည်း ဆင်မပြေလှပါဘူး...။

" ရှင်ပြောတာ ဆမ်းမား ကြားသားပဲ ဘဲရုပ်ဆိုးလို့ခေါ်တာ ဟုတ်လား..."

" ဟုတ်တယ်လေ မင်းကို မာမီက ဘာသဘောကျတယ် ဆာ့ မသိဘူး... မင်းဟာ ငါတို့ ဝန်းကျင်မှာတော့ ဝါကယ့်ကို ရုပ်ဆိုးလေးပါပဲ... လာ လိုက်ခဲ့..."

လိုက်ခဲ့ဆိုပြီး အခန်းထောင့်စွန်းက မင်္ဂလာဝတ်စုံ ဝတ်ပြီး ကြည့်တဲ့ မှန်ကြီးရှေ့ ခေါ်သွားပါပြီ။

မှန်ရှေ့မှာ ရပ်လိုက်တဲ့အခါမှာတော့။ ဆမ်းမား စိတ်မထိန်း ရှာ ရယ်မိတာပေါ့။ မင်းက ဘာရယ်တာလဲတဲ့... ဟုတ်တယ်လေ... ကလေးဖြစ်တဲ့ ဆမ်းမားက အလှဆိုလို့ ဘာမှမရှိပါဘူး။ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးကိုတော့ လူကြားထဲသွားမှာမို့ ညီနေအောင်သာ လူးခဲ့တာ။ သူကတော့ တစ်ကိုယ်လုံး ပြင်ဆင်ထားလိုက်တာ...။ တစ်ယောက်တစ်ခြားစီ ပုံစံမျိုးပါလား။

" တွေ့ပြီလား... မင်း ဘယ်လောက် ရုပ်ဆိုးတယ်ဆိုတာ... တွေ့တယ်နော်... ဘဲရုပ်ဆိုး..."

" ဟုတ်ပါပြီ ရှင်က ရွှေဟင်္သာလေးပေါ့ "

" ဒါပေါ့..."

ကြည့်မရပါဘူးဆိုတဲ့ လူနှင့်ကတော့ တွေ့နေရလိမ့်ဦးမယ် ထင်ပါရဲ့။ မေမေကဖြင့် ဒေါ်စောသီရိရဲ့ သားတွေနဲ့ ဆမ်းမား ချစ်မှာ စိုးရိမ်သတဲ့လေ...။ ချစ်စရာမှ မကောင်းပဲ ဆမ်းမားက ချစ်မတဲ့လား။

" ထမင်းစားကြရအောင်..."

ဒေါ်စောသီရိက ကားတစ်စီး။ သူက သပ်သပ် ကားတစ်စီးပါလား။ စားသောက်ဆိုင်ထဲရောက်မှ ပြန်ဆုံကြတယ်လေ။ သူတို့ သားအမိတွေ ပြင်လည်း ပြင်နိုင်ကြပါရဲ့။ သူတို့အနားမှ နေရတာ ဆမ်းမားဟာ တကယ့်ကို သူပြောတဲ့ ဘဲရုပ်ဆိုးလေး [illegible]သွားတာ ဟုတ်တော့လည်း ဟုတ်တာပါပဲလား...။

" ဆမ်းမားရော... ဘာမှာမလဲ... မှာလေ..."

" ရပါတယ် အန်တီမှာတာပဲ ဆမ်းမား စားမယ်... [illegible]က အစားမရွေးပါဘူး..."

" မာမီ... ညီကတော့ ညီကြိုက်တာမှာ မှာနော် "

[illegible]တွေက အဆီမကြိုက်ဘူးဆို ဝက်သားလည်း မစား[illegible] တဲ့။ [illegible]ရာ ဝက်သားပဲငပိ အိအိချိုချိုလေးကို လွမ်းလို[illegible]



[illegible]...။ အချဉ်ကဲတဲ့ အစားစာတွေပဲ ကြိုက်တယ်တဲ့လေ...။ [illegible]ကြောင့်လည်း ပိန်ပိန်လေးတွေ ဖြစ်နေတာလား။ အန်ကယ် [illegible]ဇော်လတ်ကတော့ သိပ်မပိန်လှပါဘူး...။

" သားကြီးတော့ ထမင်းစားပြီးပြီလား မသိဘူး "

" ကိုကိုဟား စားမှာ မာမီရယ်... ခုချိန် အလုပ်အလုပ်နဲ့ [illegible]ယုပ်ထဲ ခေါင်းနှစ်နေမှာ..."

" ဒီလိုမှန်းသိ ခေါ်လိုက်ပါတယ် "

" ခေါ်လို့ကော လာမှာလား မာမီ "

" မာမီခေါ်ရင် လာရမှာပေါ့..."

ဒေါ်စောသီရိ ပြောတဲ့စကားလေးတွေကအစ နားထောင် [illegible]... သားနှစ်ယောက်လုံးဟာ ဒေါ်စောသီရိရဲ့ စကားကို [illegible]ပွမတိမ်း နားထောင်ကြတာပါလားလို့ သိလာခဲ့ရတယ်။ [illegible]င်းတာပေါ့လေ။ သားတွေက အမေ့စကား နားထောင်တယ်ဆိုတာ [illegible]င်းတာပဲပေါ့...။

" ဆမ်းမား ဘယ်လို အဝတ်အစား ကြိုက်လဲ "

" လွတ်လပ်ပေါ့ပါးနေရင် ကြိုက်ပါတယ်... ရုပ်အင်္ကျီတွေပဲ [illegible]ရှိတာ လွတ်လပ်လို့ပါ... ကျပ်နေတဲ့ စပို့ရုပ်မျိုးတွေတော့ [illegible] မနှစ်သက်ပါဘူး... ဆမ်းမားက အန်တီနဲ့ လိုက်နေရမှာ [illegible] ယူနီဖောင်း တစ်ခုခု ဝတ်ရမလားဟင် "

" အန်တီလည်း အဲဒါပြောမလို့... ဆမ်းမား နှစ်သက်မယ့် [illegible]လေးပေါ့... ဆမ်းမား ဘယ်လို ဝတ်မလဲ "

" ဟုတ်ကဲ့... အများကြီး ရိုးသားပြီး ခန့်တဲ့ ဝတ်စုံမျိုးပဲ [illegible]ပါတယ် "

www.burmeseclassic.com

www.burmeseclassic.com



" ဒါဆို သားကြီး ချုပ်နေကျ ကုတ်ဆိုင် သွားပါလ... သားကြီးက ရိုးသားတာ ပိုကြိုက်တယ်... သားငယ်နဲ့ ဆိုရင်တေ... အရမ်းအလှလွန်သွားမှာ... "

" ကိုကိုနဲ့ သွားချုပ်လို့ကတော့ ပုံတုံးကြီးတွေ နေမှာပါပဲ... သူကများ ပြောရသေးတယ်။ ဒီလိုပုံစံမျိုးကို ဆမ်းမား... လည်း မျက်စိနောက်လွန်းလို့ပါ...။ ဒေါ်စောသီရိက သူ့သားကြီး... သူ့ဘာသာ ဖုန်းဆက်ပါတယ်။ ဘယ်လိုတွေ အချိန်းအချ... လုပ်ပေးတယ်တော့မသိ။ ဆမ်းမားကို ခဏနေတော့ သူ့သားပေ... ကားနဲ့ လိုက်သွားဖို့ ပြောပါတယ်။ ခုလိုသာ ဒေါ်စောသီ... သားအကြီး အငယ် နှစ်ယောက်လုံးနှင့် လျှောက်သွားနေတာ... သိရင် မေမေ စိတ်ပူမှာ အသေအချာပါပဲ။

◎

ကိုကို့ခမျာ မာမီက အခုလာဆို လာရရှာပါတယ်။ ဆမ်းမား ဆိုတဲ့ ဘဲရုပ်ဆိုးမလေးက နောက်ခန်းမှာ ငြိမ့်လို့... အသုံးက ...ကျသေးဘူး... ကားတောင် မမောင်းတတ်ဘူး... မာမီမောင်းရင်တောင် ...ူက သူဌေးသမီးလို ဇိမ်နဲ့ လိုက်တယ်...

" ကိုကို့ကား မယူခဲ့နဲ့တော့..."

" မင်းကားစီးရတာ ကြောက်ကြောက်ရယ်... တော်ကြာ ...ွန်းနေရဦးမယ် "

" တွန်းရတော့လည်း အရေးမကြီးပါဘူး ကိုကိုရာ... ...ွန်းမယ့်လူ ပါတယ် "

" ဘာပြောတယ် "

" ဟာ အသံကလည်း စူးရှနေတာပါလား... ဘယ့်နှယ် ...ယောက်အော်ရသလဲ..."

" အရင်က ကားတွန်းပေးတာ စေတနာနဲ့ တွန်းပေးတာ... ...ရားခိုင်းတဲ့ ပုံမျိုးနဲ့ လာမခိုင်းနဲ့ လုံးဝပဲ "

" ညီကလည်းကွာ... တဆိတ်ရှိ နွေဦးကိုပဲ စနေတာကိုး..."

အံမယ် တယ်ဟုတ်... ကိုကိုက ဆမ်းမားကို နွေဦးတဲ့... ...းတားပါဆို ဆမ်းမားပေါ့... နွေဦးခင်တွေ ဘာတွေ လာ...လုပ် ...နဲ့...။ ကိုကို မောင်းဆို မောင်းလိုက်ရုံပေါ့...။

www.burmeseclassic.com

www.burmeseclassic.com



" ကိုကိုတို့ပဲ ဆင်းပြီး အပ်လိုက်တော့... ညီ... မလိုက်တော့ဘူး..."

" ဒါဆိုလည်း နေခဲ့လေ... လာ နွေဦး "

" လိုက်မယ် လိုက်မယ်... လိုက်ခဲ့မယ် "

" ဖြစ်ရပြန်ပြီ ညီကတော့လေ... အမျိုးမျိုး "

" အဲဒီ့ဆိုင်မှာ မမနီလာ ညီမတွေ လာချုပ်တတ်တယ်... ကိုကို့ကို အထင်လွဲနေမှာ စိုးလို့ပါ..."

" မာမီကိုယ်တိုင် သွားခိုင်းတာ... ကျန်တဲ့လူကို ဂရုစိုက်စရာ မလိုပါဘူး..."

ဆမ်းမားဆိုတဲ့ ကောင်မလေးက တကယ့်ကို ရိုးသား လွန်းသလိုပါပဲ။ ရွေးလိုက်တဲ့ပုံက ရိုးလွန်းပါတယ်... ကိုကိုကတော့ ခန့်ပါတယ်တဲ့။ အရောင်အနကိုလည်း မဝတ်ရဲဘူးဆို... မီးခိုးရင့်ရဲ နက်ပြာရင့်ရင့် ဝတ်စုံတွေပဲ ရွေးတယ်... ဒီလို ခပ်ညှိုညှိုး ကောင်မလေးတွေ ရှိမယ်လို့ကို ညီထင်မထားခဲ့ပါဘူး...။

" နွေဦး... ဒီဝတ်စုံကို ယူနီဖောင်း ဝတ်မှာလား "

" ဟုတ်တယ်လေ... အန်တီ့အနားမှာ နေရမှာဆိုတော့ ...ပ်သပ်ရပ်ရပ် ရှိအောင်ပါ..."

" ကောင်းပါတယ်..."

" မကောင်းပါဘူး "

" ညီ..."

" အဝတ်အစားပုံစံက ရိုးလွန်းရတဲ့အထဲ အဲဒီ့ဆံ... စုတ်... ...ည်း လုံးဝ ပုံမကျပါဘူး... ဘယ်လိုမှ အဆင်မပြေပါ...

" ...ပီတို့လိုမျိုးတော့ ခေတ်ကို အမီလွန်နေတဲ့ ပုံ...



လှတိုင်း မပြင်ဆင်ရဲပါဘူး..."

ကိုကိုနှင့်ကတော့ အတော်ကြီး သဟဇာတ ဖြစ်နေတဲ့ ပုံပါပဲလား။ ကိုကိုရွေးတဲ့ အရောင်နဲ့ ဆမ်းမားရွေးတဲ့ အရောင်က ...ူညီသတဲ့လေ။ တူညီမနေပါနဲ့...။ ကိုကိုက မမနီလာနှင့် ...က်ထပ်ပြီးရင် ဒီလုပ်ငန်းတွေမှာရော အိမ်မှာပါ ဘာမှ ဝင်မပါ ...တော့ဘူး။

" ကိုကို့ကို အလုပ်တိုက်ကိုပဲ ပြန်ပို့ပေးပါ ညီ... နွေဦးကရော ...ယ်ပြန်ရမလဲ "

" အန်တီ့ဆီ ပြန်မှာပါ... အန်တီက ဒီကပြန်ရင် သစ်ခွပြကို ...ိုက်လာခဲ့လို့ ပြောပါတယ် "

" ခြံထဲသွားမှာလား... ကောင်းတာပေါ့..."

" ဆမ်းမားလည်း ခြံထဲသွားရမယ်ဆိုတော့ ပျော်သလိုပါပဲ ...ကျော်မြင့်မိုရ်ရယ်... ဆမ်းမားတို့နေရတာက တိုက်ခန်းမှာ ...ကျဉ်းကျပ်ကျပ်ကလေးလိုပါပဲ... ဒီတော့ ခြံကျယ်ကျယ်ကြီးတွေဆို ...ဘာကျတယ်..."

" ကိုကို့ကို ညီခေါ်သလို ကိုကိုပဲ ခေါ်ပါလား နွေဦး..."

" ဟုတ်ကဲ့..."

ကိုကို ဒီလိုခေါ်ခိုင်းတာက အရေးမကြီးဘူး။ မမနီလာက ...မျိုး ထင်နေရင် မကောင်းပါဘူး။ ကိုကို့ပုံစံကတော့ ဆမ်းမားနှင့် ...ားမှုရှိရဲ့လား။ မာမီက ကိုကို့ကို မမနီလာနှင့် သဘောတူပြီး ...။ တော်ကြာမှ မာမီ့ စကား နားမထောင်ရင် စိတ်ဆိုးတော့မှာ ...ရဲ့ နောက်ကွယ်ရောက်မှ ကိုကို့ကို သတိပေးထားရဦးမယ်...။

" ကိုကိုနေရစ်တော့မယ်... သွားပြီ နွေဦး..."

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကို လက်ပြနေပါလား။

ကိုကို့ကိုကျတော့ ပျှပ္ပာဖော်ရွေနေသလိုပါပဲ။ လက်ပြနေ တာများ… ကလေးတစ်ယောက်လိုပါပဲလား…။

" ကိုကို့ နှီးလောင်းနာမည်က နီလာတဲ့… သိပ်ချောတာပဲ… နောက်ဆို မင်းတွေ့ဖူးလာမှာပါ…"

ညီ ဒီစကားကို တမင်ပြောလိုက်တာ ကိုကို…

ဆမ်းမား စိတ်ထဲမှာ ကိုကို့ကို စိတ်ဝင်စားနေမှာ စိုးလို့ပါ။

◈

" ဆမ်းမား… ငါကတော့ နင့်အတွက် ဝမ်းသာတယ်… ဒေါ်စောသီရိက နင့်ကိုမှ အလုပ်ခန့်ချင်ပါတယ်ဆို အန်တီသင်း မျက်နှာကြီးက ရှုံ့သွားတာပဲ…"

ညီမာကတော့ ပြောလည်းပြော… ပြန်လည်း မြင်တယ်ဆို ရယ်နေတာပါပဲလေ…။ ဆမ်းမားကဖြင့် မရယ်ချင်ပါဘူး…။ ဒီအလုပ်ကို အလုပ်လုပ်ချင်လွန်းတဲ့ စိတ်ကြောင့်ရယ်… ပြီးတော့ မေမေ့ကို သိပ်ချစ်မိပါတယ်ဆိုတဲ့ အန်ကယ်ဦးဇော်လတ်ကြီးရဲ့ သားစုကို စိတ်ဝင်စားတာကြောင့်ရယ် လက်ခံလိုက်တာ တကယ် ကျတော့ ခက်ခဲမယ်ဆိုတာ သိနေပါပြီ။

" နင်က ဝမ်းသာနေ… ငါကမောနေပြီ ညီမာ… မေမေ့ကို လည်း မပြောရဲဘူး… ငါ အဲဒီအလုပ် မလုပ်ချင်တော့ဘူး… ဘာမှ ယ်မယ်ရရလည်း အလုပ်မရှိဘူး… ဒေါ်စောသီရိဘေးကနေ ကောက်ကောက် လိုက်ရတယ်… ပြီးတော့ အန်တီ့လုပ်ငန်း တော်များများရဲ့ ဦးစီးမှူးတွေက အရမ်းတော်ကြတယ်… အဲဒီလို ကတဲ့လူတွေရဲ့အမြင်မှာ… အန်တီ့အတွင်းရေးမှူးမှာ ဘယ်လို ရည်အချင်း ရှိပါလိမ့်လို့… တွေးကြမှာပဲ… တကယ်တော့ မ်းမားက ဘာမှ အရည်အချင်းမရှိပါဘူး… စိတ်ညစ်လာပြီ…"

တကယ်လည်း အဲလိုမျိုး ခံစားရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ညီမြင့်မိုရ်ဆိုတဲ့ လူနဲ့လည်း ကြာရှည် စကားတွေ မပြောချင်တော့ဘူး။ မနေ့က ပြောလိုက်တဲ့စကားအပေါ်မှာလည်း နားလည် သဘောပေါက်ပါတယ်။ ကိုကို့မှာ သိပ်ချော သိပ်လှတဲ့ မမနီလာရှိသတဲ့လား။ ဒါဟာ ကိုကို့ကို ဆမ်းမား မကြိုက်နဲ့လို့ သွယ်ဝိုက် ပြောတာပါပဲ...။

" အားမငယ်ပါနဲ့... စိတ်ဓာတ်လည်း မကျပါနဲ့... နင်လည်း သူ့လုပ်ငန်းတွေကို ကျွမ်းကျင်အောင် လေ့လာပေါ့..."

" မရနိုင်ပါဘူး... အဲဒီအထဲမှာ ဆမ်းမား ပျော်တာ တစ်ခုပဲ ရှိတယ်... သစ်ခွခြံထဲသွားတာလေ... သစ်ခွတွေ သဇင်တွေ ပွင့်နေတာ... အရမ်းပျော်စရာကောင်းတာပါပဲ... အကုန်ခူးပစ် ချင်တယ်... အဲဒီ ခြံထဲမှာတော့ နေချင်တယ်..."

" ညီမြမာသာဆိုရင်တော့ အလှပြင်ဆိုင်မှာ နေမယ် "

" ဆမ်းမားကမှ အလှပြင်တာ ဝါသနာမပါတာပဲ... ဒေါ်စောသီရိတို့ မိသားစုလေးယောက်မှာ ကိုကိုတစ်ယောက်ပဲ ဆမ်းမားတို့လို ရိုးရိုးသားသား နေတယ်... အန်ကယ်ဦးဇော်လတ်က အစ အမြဲ ကျော့မော့နေအောင် ပြင်ကြတယ်... သူတို့က မွှေးလွန်းတော့ ဆမ်းမားကိုယ် ဆမ်းမားတောင် အနံ့နံနေပြီလား စိုးရိမ်လာတယ်"

ညီမြမာကတော့ ဆမ်းမားပြောသမျှ သဘောတကျကို နားထောင်နေတာပါ။

" အန်တီသင်းကပြောလို့ နုနုကို အလှပြင်ဆိုင်မှာ ခန့်ထားပြီ ပြောပြီးပြီ သိလား "

" အလှပြင်ဆိုင်မှာဆိုရင်တော့ မသဲဝါနဲ့ တွေ့မှာ... နုနုက ကြွားပုံနဲ့တော့... ဒါက အရေးမကြီးဘူး... တော်ကြာမှ ဆမ်းမားရဲ့



အမျိုးတော်တယ်ဆို လျှောက် စကားတွေ ပြောရင် အခက်..."

" နုနုက ကြွားတတ်တော့ ဆမ်းမားကို အမျိုးမို့ တခြား လူကိုတော့ မကောင်းတာ ပြောမှာ မဟုတ်ပါဘူး... ဒါပေမယ့်... ဆမ်းမားက နုနုလောက် မတော်ဘူးလို့တော့ ပြောချင်ပြောလိမ့်မယ်"

ညီမြမာပြောတာတော့ မှန်ပါတယ်။ သူတို့အားလုံးလိုက ဆမ်းမားကို တစ်ဝမ်းကွဲတွေထဲမှာ အညံ့ဆုံးလို့ အမြဲပြောတာပဲလေ။ သူတို့ပြောတာလည်း မှန်နေပြီ ထင်ပါတယ်။ ဆမ်းမားက ညံ့ဖျင်း ပါတယ်။ အခု အလုပ်တောင် အရမ်းကောင်းမွန်ပါလျက် မလုပ်ချင် တော့ပါဘူး။

" ဟဲ့ ဆမ်းမား ရောက်နေတာလား... ညီမြမာ... လက်ဖက်သုပ်မှပေါ့... ဆမ်းမားကို လက်ဖက်သုပ်ကျွေးလေ..."

အန်တီလင်းက အခုမှ အပြင်က ပြန်လာတာ... အစား အသောက်ကတော့ သူ့ရှိသမျှ အကုန်ကျွေးပစ်တတ်တဲ့ စိတ်မျိုး ရှိတာပါပဲ။

" ဒေါ်စောသီရိနဲ့ အလုပ်လုပ်ရတာ အဆင်ပြေလား "

" ဟုတ်ကဲ့ "

ဒီလိုမပြောလို့ ဖြစ်မလား။ အန်တီလင်းသိရင် မေမေ့ကို ...နဲ့ပြောတော့မှာ။ အလုပ်လုပ်တာကဖြင့် တစ်ပတ်တောင် မပြည့်သေး။ ...လုပ်ချင်တော့ဘူးဆိုရင် မေမေ့ကို သေချာရှင်းပြရလိမ့်မယ်။

" ဆမ်းမား... ကိုယ်က ကံကောင်းလို့ ဒီလိုအလုပ်မျိုးနဲ့ ...တွေ့ရတာ... မမသင်းကဖြင့် သူ့သမီးတွေကို ရစေချင်လိုက်တာ... ...စောသီရိက ဆမ်းမားကိုမှ လိုချင်တယ်ဆိုတာ ဘယ်လောက် ...ကောင်းလဲ... အလုပ်ကို ကြိုးစားလုပ်ပါ... ဆမ်းမား ...ရင်

www.burmeseclassic.com

www.burmeseclassic.com



လိမ္မာသလို တစ်နေ့ စောသီရိ အလုပ်တွေကို ရနိုင်တယ်... ကောင်လေးနှစ်ယောက်ကရော ဘယ်လိုလဲ... စိတ်ဓာတ်က အရေးကြီးတယ်... မောင်ဇော်လတ်က စိတ်သဘောကောင်းပါတယ်... စောသီရိကတော့ ချမ်းသာတယ် ဆိုတော့ မာနကတော့ ရှိနိုင်တယ်..."

" အန်တီက မာနမရှိသလိုပါပဲ... စကားပြောရင်လည်း ချိုချိုသာသာပဲ ပြောပါတယ်... စကားကို ကြမ်းကြမ်းတမ်းတမ်း ပြောရင် မကြိုက်ဘူးလို့ ပြောတာပဲ... သူတို့ မိသားစုက ခုချိန်တော့ မဆိုးပါဘူး "

ဆိုးနေတာကတော့ ညီမြင့်မိုရ်ရဲ့ စကားလုံးတွေပါပဲ...။ ကြည့်ရဦးမယ်။ ရေရှည်မှာ အဆင်ပြေမလား။ ခုအလုပ်ဝင် ခုအလုပ်ထွက် မကောင်းပေမယ့် နှစ်လ သုံးလနေလို့မှ အဆင်မပြေဘူး ဆိုရင်တော့ အဆင်ပြေဖို့ မလွယ်နိုင်တော့ပါဘူး။ အကြောင်းပြချက် တစ်ခုခုကို ခိုင်ခိုင်လုံလုံတော့ တွေးထားရဦးမှာပေါ့လေ။

◈

" ကိုကို..."

" ဟင်... ဘာလဲ ညီ... မအိပ်သေးဘူးလား... အိပ်တော့လေ... အိပ်ရေးမဝရင် ကျန်းမာရေး ထိခိုက်တယ်... အလုပျက် နေမယ်..."

ကိုကိုက အိမ်ပြန်ရောက် ခဏတဖြုတ်နား ရေမိုးချိုး ထမင်းစားပြီး ခဏနေရင် ယူလာတဲ့ အလုပ်တွေကို ပြန်လုပ်နေ တော့တာ... မအိပ်ခင်အထိပါပဲ။ ညီ အိပ်သွားတာတောင် ကိုကို မအိပ်သေးပါဘူး။

" ညီတို့အိမ်ကြီး ဒီလောက် ကျယ်ပါလျက် ဒက်ဒီနဲ့ မာမီက ညီတို့ ညီအစ်ကိုဟာ အိမ်ထောင်အသီးသီး ကျရင်... အတူနေရမှာ မဟုတ်ဘူးဆိုပြီး တစ်ခန်းထဲ အတူနေခိုင်းခဲ့တယ်..."

" ညီတော့ ဘာတွေပြောချင်နေတယ် မသိပါလား... ဘာတွေပြောချင်နေလဲ ပြောစမ်းပါဦး..."

" ကိုကို... ဘဲရုပ်ဆိုးလေးကို ကိုကိုသဘောကျနေလားလို့ မေးတာ..."

" မဟုတ်တာ ညီရယ်..."

" ဒါဖြင့် ဘာလို့ ရွှေဦးလို့ ခေါ်ရတာလဲ "

ညီတစ်ယောက်တော့ အတွေးလွန်နေပြီဆို ကို[illegible]ရယ်တယ်

www.burmeseclassic.com

www.burmeseclassic.com



လေ။ ဆမ်းမားနာမည်က နွေဦးခင်မို့လို့ နွေဦးလို့ခေါ်တာ ဘာဖြစ်လဲ...။ မာမို့ အတွင်းရေးမှူး နွေဦးခင်လို့ပဲ အားလုံးနဲ့ မိတ်ဆက်ပေးတာ မဟုတ်လား။ ဒီတော့ ကိုကိုကလည်း နွေဦးခင်လို့ ခေါ်တာ ဘာများ လူးဆန်းလို့လဲလို့ ပြောပါတယ်။

" စိတ်မဝင်စားဘူးဆိုလည်း ပြီးတာပါပဲ... တော်ကြာမှ မာမီနဲ့ ရှင်းနေရမှာ စိုးရိမ်လို့ပါ..."

" မာမီနဲ့ ရှင်းရမှာကို စိုးရိမ်တာလား... ညီ မနာလိုတာလား"

" ကိုကို... မဟုတ်တာ မပြောနဲ့နော်... ညီက ဘာ မနာလိုစရာရှိလဲ... ညီ့ကိုယ်ညီတောင်မှ အလှဒီလောက် ကြိုက်တာ.. ညီက အဲဒီ ဘဲရုပ်ဆိုးကို ကြိုက်မလား "

ဆံပင်ကောက်ကွေးကြီးတွေကို ဖြောင့်ပေးမလို့ စေတနာနဲ့ ပြောတာကိုတောင် ကလန်ကဆန် ပြောတတ်တဲ့ ဘဲရုပ်ဆိုးကို ကြိုက်စရာလား။ စိတ်ပျက်လွန်းလို့။

" ညီက မကြိုက်ဘူး သေချာတယ် ကိုကို... ကိုကိုသာ သေချာပါစေ..."

သေချာပါစေဆိုတာ သေချာပါတယ်လို့ ပြန်ပြောပါလား။ အခုတော့ ပြုံးပြုံးကြီး ကြည့်နေရုံပါပဲ။

ဟုတ်ကော ဟုတ်ပါ့မလား။ ညီက သတိပေးပြီးပြီလေ။ ...ကျပြီ... နောက်မှ မာမီက တစ်ဘုက်... နှလုံးသားက ...... စိတ်ညစ်ရမှာ စိုးရိမ်လို့ ပြောတာ။ ကိုကိုကတော့ ......။

" ...ပ်ပါတော့လား ညီ "

" ...... မမနီလာ တွေကော တွေ့ကြရဲ့လား... ခုတလော



မမနီလာ ရောက်မလာပြန်ပါဘူး..."

" မာမီက နီလာ့ကို စကားပြောရင် ချိုချိုသာသာလေးပြောဖို့ ဟိုတစ်ရက်က ဆုံးမစကားပြောတာကို စိတ်ကောက်သလားမှ မသိတာ... မာမီကတော့ ချွေးမတော်ဖို့ ရည်ရွယ်ပြီး သားသမီးဆိုတာ လိုအပ်ရင် ဆုံးမရမှာပဲတဲ့... ကြိုက်တာ မကြိုက်တာ သူ့အလုပ်လို့ ပြောတာပဲ..."

" မာမို့ကိုကောက်ရင် ကိုကိုက ချော့လိုက်ပေါ့ "

" ငါ့ကြောင့် ကောက်တာမှ မဟုတ်တာ... မချော့နိုင်ပါဘူး... ခေါင်းအေးအေး နေပါရဲ့စေ ညီရယ်... ကိုကို့အလုပ်နဲ့ ကိုကိုတောင် မနိုင်ဘူး..."

" မကေသီ ရန်ကုန်ပြန်ရောက်နေတယ်လို့ ကြားတယ်... မာမို့ဆီက လိမ်ထားတဲ့ ငွေတွေ ကုန်ပြီလား မသိဘူး..."

" မာမီက မပတ်သက်တော့ဘူးလို့ ပြောတာပဲ... သူများ ကြွရောက်အောင်လည်း မလုပ်တော့ဘူးလို့ ပြောတယ်..."

. အိပ်တော့မယ်လို့ အိပ်ရာပေါ်လှဲချလိုက်တဲ့အခါ ဘေးဘက် ...မှာ... ကပ်ထားတဲ့ ပန်းချီကားဆီ မျက်ဝန်းရောက်တယ်... လှပသော ...စ်ခွပွင့်တွေမှ အမျိုးစုံ အရောင်စုံပါပဲ။ ဒီအခါမှာ မာမို့ရဲ့ သစ်ခွခြံကို ...ာပယ်ဘုန်းက ခြံထဲမှာ ဟိုဒီ ပြေးလွှားပြီး ပန်းတွေကို သဘောကျ ...တဲ့ ဘဲရုပ်ဆိုးလေးကို အမှတ်ရပါရော။

" ဘဲရုပ်ဆိုးက လုံးဝ ဣန္ဒြေမရဘူး ကိုကို "

" ညီရေ... လောကကြီးမှာ သိစိတ်နဲ့ မသိစိတ်ဆိုတာ ...ယ်... တစ်ခါတစ်ခါ မသိစိတ်ရဲ့ စွဲလန်းနေမှုကို သိစိ... ...က်မခံတတ်ကြဘူးနော်... ဒါတော့ သတိထား "

www.burmeseclassic.com

www.burmeseclassic.com



တော်ပြီ...

ကိုကိုနဲ့ စကားပြောရတာ မကောင်းတော့ဘူး...။ ညီကတော့ စိတ်မှာ ခံစားရသမျှကို ပြောပြတာပါ...။ သစ်ခွပင်တွေကြား ဟိုဒီပြေးလွှားပြီး ဣန္ဒြေမရတာကို ပြောတာ။ မာမီ့ကို ကြည့်တော့ မာမီကတောင် ကြည့်နေပါတယ်...။

ပြေးလွှားနေတဲ့ လူက မလှလေတော့... အရောင်အသွေး မတောက်ပြောင်သော လိပ်ပြာတစ်ကောင်လို ပန်းပွင့်လှလှတွေကြား လူးလာခေါက်တုံ့ ပျံသန်းနေတဲ့ အတိုင်းပါပဲလားလို့ ညီ တွေးမိခဲ့တာပါ။

◈

" ဒေါက်တာကပြောတော့ သွေးပေါင်လည်း ကောင်းတယ်ဆို ဘယ်လိုဖြစ်ပြီး ဆမ်းမားက ခေါင်းမူးနေရတာလဲ... "

တကယ်ဆို ဆမ်းမား အလုပ်ကို မသွားချင်တော့တာပါ။ ဒေါ်စောသီရိ မိတ်ဆက်ပေးသမျှ လူတွေရဲ့ အတွင်းရေးမှူး ဟုတ်လား... နွေဦးခင်တဲ့လားဆိုပြီး ကြည့်တဲ့ အကြည့်တွေလည်း စိတ်ညစ်လာပြီ။ အန်တီ့အလစ်မှာ ဦးစီးနေတဲ့ အမျိုးသမီးတွေက နွေဦးခင် ဘာနဲ့ ဘွဲ့ရသလဲ... ဘာ သင်တန်းတွေကော အောင်သလဲဆို မေးလိုမေး။ ပြီးတော့ မပဲန်စီကဆို အင်္ဂလိပ်လို လာပြောနေသေးတာ။

ဟုတ်ပါတယ်။

ဆမ်းမား ကိုယ်တိုင်ကလည်း ညံ့ကို ညံ့လွန်းတာပါ။ အန်တီသင်းတို့ ပြောသလို ဒေါ်စောသီရိ လူရွေးမှားပြီ ထင်ပါရဲ့...။ စိတ်ညစ်တာတွေများတော့ မသွားချင်တော့ဘူး... ဒါကြောင့် နေမကောင်းပါဘူးဆို ဒေါ်စောသီရိကို ခွင့်တိုင်လိုက်တော့ ခွင့်သုံးရက် ယူတဲ့... ပြီးရင် အန်တီလာခေါ်မယ်တဲ့လေ...။

" ဆမ်းမား မသက်သာဘူးလား "

" သက်တော့ သက်သာပါတယ်... "

" သက်သာရင် ထွက်တွေ့လိုက် အိမ်ရှေ့ခန်းမှာ ဒေါ်စောသီရိ သား ရောက်နေတယ် "

www.burmeseclassic.com

www.burmeseclassic.com



မမခက်က ပြောတော့ စိတ်ကို ညစ်သွားတာပဲ...

ဟိုတစ်ယောက်ပဲနေမှာ။

" ဟဲ့... ခေါင်းဖြီးလေ... နည်းနည်းပါးပါး ကြည့်ကောင်းအောင်လည်း ပြင်မှပေါ့ ဆမ်းမားရယ် "

" မလှလေ ကောင်းလေပဲ..."

အိမ်နေ အဝတ်နွမ်းနွမ်းနဲ့ အပြင်ထွက်လာတာ...။ ဆမ်းမားကို သေချာစိုက်ကြည့်နေပြီးမှ...

" အဝတ်သွားလဲ... အပြင်သွားမယ် "

ညီမြင့်မိုရ်ဆိုတဲ့ လူရဲ့ လေသံကို မကြိုက်ပါဘူး။ စကားပြောရင် အမိန့်ပေးနေသလိုနဲ့ သူ့သဘောအတိုင်း လုပ်ရမယ် ဆိုတာမျိုး။

" နေမကောင်းဖြစ်နေတာ... မသွားဘူး "

" နေမကောင်းလည်း ဆေးကုပေးနိုင်တယ်... သွားလဲချေ"

" မလိုက်ဘူး "

" ဟာ..."

မလိုက်သေးဘူး။ တခြားလူတွေကို အဲဒီလေသံနဲ့ သွားပြော... [illegible]ကယ်ရော အန်တီပါ စကားပြောတာ အင်မတန် ချိုသာ [illegible]ကျေးသလောက် ဒီလူ့လေသံကို ဆမ်းမား စိတ်ပျက်တယ် [illegible]။

" ဆမ်းမား... အလုပ်အရေးတကြီး ရှိလို့လား မသိဘူး... [illegible]ပြီး လိုက်သွားလိုက်ပါ..."

[illegible]က တိုက်တွန်းနေပြီ...။

[illegible]နေတယ်လေ။

" ကားပေါ်က စောင့်မယ်... အဝတ်လဲပြီး ဆင်းခဲ့...



[illegible]မခက် ပြန်ပါဦးမယ် ခင်ဗျာ..."

မျက်နှာနှစ်မျိုး လေသံနှစ်ခုနဲ့ လူပါလား။ ဆမ်းမားကို ပြောတဲ့အသံက တစ်မျိုး ရုပ်ကတစ်မျိုး။ မမခက်ဘက် လှည့်လိုက်တဲ့ [illegible]ခါမှာတော့ ရုပ်ရော အသံပါ ပြောင်းလဲသွားလိုက်တာ။

" ဟဲ့ ဆမ်းမား... မြန်မြန်ပြင်လေ... ကားပေါ်မှာ စောင့်နေမှာ [illegible]ားနာစရာ..."

မမခက်က အားနာနေပေမယ့် ဆမ်းမားကတော့ တမင် [illegible]ဦးချင်တာနဲ့ ဖြည်းဖြည်းပဲ ပြင်နေမိတယ်... အခုမှစ ယူနီဖောင်း [illegible]တ်ရတာဆိုတော့ ပြင်ဆင်လည်းပြီးရော...။

" ဆမ်းမားရယ်... ကြည့်လို့ကောင်းလိုက်တာ... [illegible]ကလက်ရောင်လေး... ကုတ်အင်္ကျီလေးကလည်း ပုံကျလိုက်တာ... [illegible]ပင်ကရော ဘယ်လိုလုပ်ချင်လဲ..."

" ဆံထုံးလို နောက်မှာ သေချာ ထုံးဖွဲ့ပေးပါလား..."

မမခက်က ဖဲပွင့်လေးနဲ့ သေချာစုထုံးပေးတော့ သပ်ရပ်လှပ [illegible]ပါလား။ လေ့ကားထစ်တွေက ဆင်းတာတောင် တမင် အနှေးဆုံး [illegible]င်းတယ်။ ဆမ်းမားကို အမိန့်ပေးချင်ဦးလေ...။

" ဟယ်... ဆမ်းမားက လှလို့ပါလား..."

အန်တီလင်းကြီးက သဘောကောင်းသလို စပ်စုတဲ့ နေရာ [illegible]လည်း ဝါသနာသေးတာ မဟုတ်။ ဆမ်းမားကို ခြေဆုံးခေါင်းဆုံး [illegible]ပြီး ကြည့် အင်္ကျီကိုလည်း ကိုင်ကြည့်နဲ့...။

" သွားမယ် အန်တီလင်း "

" ဟဲ့... လာကြိုတာလား... ဩော် ဟိုကောင်[illegible] [illegible]ကြိုတယ် "

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ မေမေမရှိလို့ ညီမြင့်မိုရ် လာကြိုတာကို လွတ်သွ ပြီလား မှတ်ပါတယ်... အန်တီလင်း သိလို့ကတော့ မေမေ့ ဝမ်းသာအားရ ပြန်ပြောနေဦးတော့မှာပါလား...။

" ရှေ့မန်းမှာထိုင် "

" မထိုင်ဘူး..."

" မထိုင်ရင် မွေ့ချီပြီး အရှေ့ခန်းထဲ ထည့်ပေးမှာ မလုပ်ဘူး မထင်နဲ့ "

" ခင်ဗျား ဘယ်လိုလူလဲ... အတော်ကြီး စိတ်ပျက်စ ကောင်းတာပါလား..."

ရှေ့ခန်းကို ဝင်ထိုင်လိုက်ကာမှ အောက်ဆုံးထပ်ရဲ့ တံခါး အန်တီသင်းကြီး ခါးထောက်လို့ ရပ်ကြည့်နေတာကို မြင်တ ပြောစရာတွေကတော့ ဖြစ်ကုန်ဦးတော့မှာပါပဲလေ...။

" မင်း နေမကောင်းချင်ယောင် ဆောင်နေတာ မဟု လား... ငါသိတယ်... ငါပြောလို့ စိတ်ဆိုးတာ မဟုတ်လား

" လာပြောမနေနဲ့ "

" ငါက မင်းကို စေတနာနဲ့ ပြောတာ..."

" စေတနာ... တော်ပါတော့... ဒီမှာ ရှင်ပြော ဘယ်ထိ ရောက်သွားတယ်ဆိုတာကို နားမလည်ရလောက်ေ ဆမ်းမား မအသေးပါဘူး... ရှင်သိအောင် ကြိုပြောပြလိုက်မပ ရှင့်အစ်ကိုကို အစ်ကိုတစ်ယောက်လိုပဲ သဘောရှိတယ်... အခုလ မကြိုက်ဘူး... နောက်လည်း မကြိုက်ဘူး... ဘယ်တော့မှ မကြိုက်ဘူး... သဘောပေါက်..."

" ဒီစကားကို ကြားရတာ ဝမ်းသာပါတယ်..."



" အခု ဘယ်သွားမှာလဲ "

" မာမီက ခြံထဲမှာရှိတယ်... ဝရမ်းပြေးကို ဖမ်းပြီး ပို့မလို့..."

ခြံထဲဆိုတော့ ဆမ်းမား ပျော်သွားသလိုပါပဲ။ ခြံကို ကြီးကြပ်နေတဲ့ ဒေါ်လေး ဒေါ်ခင်စန်းကတော့ ရိုးသားအေးဆေးတဲ့ အသက်ငါးဆယ်ကျော် အပျိုကြီးတဲ့လေ...။ တကယ့် ရိုးရိုးကြီးပါပဲ...။ ဆမ်းမားကိုလည်း နွေဦးခင်တဲ့လား... ချစ်စရာလေးဘဲ့...။ ခြံထဲ ဘစ်ခုပဲ ဆမ်းမား စိတ်မှာ ပျော်ရွှင် လွတ်လပ်သလို ခံစားရပါတယ်။

အန်တီ့ကိုတော့ ဆမ်းမား အလုပ်မလုပ်ချင်ရင်တော့ အမှန်အတိုင်း ပြောရမှာပါပဲ...။ ဆမ်းမားဆိုတဲ့ ခပ်ညှိုးညှိုး ကောင်မလေးမှာ ဒေါ်စောသီရိလို ထက်မြက်ပြီး အစစပြည့်စုံတဲ့ သူရဲ့ အတွင်းရေးမှူးလုပ်ဖို့ထိ အရည်အချင်း မရှိသေးပါဘူးလေ။

◈

www.burmeseclassic.com

www.burmeseclassic.com

ဆံပင်ကောက်ကွေးတွေကို ခုလိုမျိုး ဖဲပွင့်နဲ့ ချည်[illegible]
ထုံးနှောင်ထားတော့ မျက်နှာက အတော်ရှင်းသွားပြီး ကြည့်ပျေ[illegible]
ရှုပျော်တော့ ဖြစ်သွားသား...။ နေကောင်းပါလျက် ဟန်ဆောင်[illegible]
လစ်နေတာ။ မာမီကတောင် ဆမ်းမားကြည့်ရတာ အလုပ်[illegible]
မပျော်လို့လား မသိပါဘူးတဲ့။ ဆမ်းမားဆိုကနေ ကိုကို့ကို အခုလ[illegible]
မကြိုက်ဘူး... နောက်လည်း မကြိုက်ဘူး ဘယ်တော့မှလ[illegible]
မကြိုက်ဘူးဆိုတဲ့ စကားကို ကြားရတော့မှ စိတ်မှာ ဘဝင်ကျသ[illegible]
သလိုပါပဲ...။

ခြံထဲရောက်တော့ လှစ်ခနဲဆို အရင် ပြေးဆင်းတယ်[illegible]

" ဟိတ် နေဦး... နေဦး..."

ခြံထဲမှာက ခွေးတွေရှိတယ်...။ ပန်းရောင်းတဲ့ ဆိုင်ဘက်[illegible]
ကိုသာ ခွေးတွေကို မလွှတ်တာ... ဒီဘက်ခြံထဲမှာ လွှတ်ထားတယ်[illegible]

ဟိုနေ့က ဆမ်းမားလာတုန်းက ခွေးတွေကို သိမ်းထား[illegible]
မသိလိုက်မှန်း ညီသိတယ်။ ဒါကြောင့် ဆမ်းမားနောက် အ[illegible]
လိုက်လာခဲ့တယ်။

ထင်တဲ့အတိုင်းပါပဲ။ ခွေးသုံးကောင်က သွားဖွေး[illegible]
ပြေးထွက်လာပါပြီ။

" အမလေး..."



ခုကျတော့လည်း နောက်ကြောင်း လှည့်ပြေးတတ်ပါရော။
ညီ့ကိုလည်း မြင်ရော... ရင်ခွင်ထဲ ကောင်းကောင်းပြေးဝင်ပြီး ဖက်ထား
တော့တာ...။

" ဟာ..."

ခွေးတွေက ညီ့ကိုသိနေတော့ ဆက်လိုက်မလာပဲ ရပ်ကြည့်
နေပေမယ့် ဘဲရုပ်ဆိုးလေးကတော့ ညီ့ရင်ခွင်ထဲမှာ ကျစ်ကျစ်ပါအောင်
ဖက်ထားတော့တာပါလား။

" ခွေးတွေ မရှိတော့ပါဘူး... ဖယ်ပါဦး "

" ဟင်..."

ခုမှပဲ ညီ့ကို ဖက်ထားတာ သတိရပြီး ရင်ခွင်ထဲက
ထွက်လိုက်ပေမယ့် ခွေးတွေ ရှိမရှိတော့ လှည့်ကြည့်ပါသေးတယ်။

" ခြံထဲမှာ ခွေးတွေရှိတယ်ဆိုတာ ရှင်ပြောပါလား...
[illegible]မင် မပြောတာ မဟုတ်လား "

" အသားလွတ်ကြီးပါလား "

" ကားပေါ်မှာထဲက ခွေးတွေရှိတယ်ဆိုတာ ရှင်ပြောလိုက်ရင်
[illegible]လိုမျိုး ဘယ်ဖြစ်ပါ့မလဲ..."

" ဟုတ်တယ်... ဟုတ်တယ်... တမင်မပြောတာ... ငါက
[illegible]ကောင်မလေးလှလှလေးတွေပဲ ဖက်တာခံဖူးတယ်... မင်းလို ဘဲရုပ်ဆိုး
[illegible] ဖက်ရင် ဘယ်လိုနေမလဲ သိချင်လို့ တမင်မပြောတာ... မင်း
[illegible]ခဲ့သလုံးကို ခွေးကိုက်တော့လည်း ငါ့ခွေးတွေ ဘဲရုပ်ဆိုးသား
[illegible]းဖူးတာပေါ့ ဒါကြောင့် တမင်မပြောတာ..."

အရွဲ့တိုက် ပြောလိုက်တော့မှ မျက်စောင်းထိုးပြီး ငြိမ်သွား
[illegible]။ ဒေါ်လေးဒေါ်ခင်စန်းရဲ့ အိမ်ကလေးမှာ မာမီရှိတယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



သွားကြည့်တော့ မာမီက အလုပြင်ခန်းမဆီ ပြန်သွားပြီတဲ့လေ။ ဒါကြောင့် ဖုန်းလှမ်းဆက်ရတယ်... ဘဲရုပ်ဆိုးနဲ့ ခြံထဲရောက်နေတယ်လို့ပေါ့...။

" ဒေါ်လေး အုန်းနို့ခေါက်ဆွဲ ချက်ထားတယ်... စားပြီးမှ ပြန်ကြ... အတော်ပဲ မသီရိက မှာခဲ့တဲ့ ပန်းတွေလည်း မင်းတို့နဲ့ပဲ ထည့်ပေးလိုက်ရုံပေါ့..."

ဒေါ်လေးပြင်ကျွေးတဲ့ အုန်းနို့ခေါက်ဆွဲ စားရတယ်။ ညီကတော့ အစားအသောက်ကို နည်းနည်းပဲ စားလေ့ရှိတာ... အထူးသဖြင့် အုန်းနို့ခေါက်ဆွဲလို အစားအစာကို... ဘယ်တော့မှ အားပါးတရ စားလေ့မရှိ။

" စား... နွေဦးခင်... စား "

ဒေါ်လေးကျွေးတိုင်း စားရသလား... အုန်းနို့ခေါက်ဆွဲကို အားပါးတရ စားတာ။ ဒေါ်လေးရှေ့တင် ပြောလိုက်မိပြီ။

" အဲဒါကြောင့် မင်းအမေ ဘယ်လို ခန္ဓာကိုယ်ကြီး ဖြစ်နေတယ်ဆိုတာ မင်း အမြင်ပဲ... မင်းအမေ မျက်နှာလေးက မင်းနဲ့ တခြားစီပဲ အရမ်းလှပါလျက် ကိုယ်လုံးကြီးက ပုတ်လောက်နီးနီး ဖြစ်နေပြီး သွေးတိုးချင်နေတာ... အခု မင်းစားသလို အဆီအအိမ့်တွေကို အဝစားလို့ ဖြစ်ရမယ်... မင်းသာ အဲလိုမျိုး ခန္ဓာကိုယ်ကြီး ဖြစ်လာရင် ရုပ်ကလည်း မလှနဲ့..."

" ညီညီ "

ဒေါ်လေးစန်း အားနာနေပုံပဲ။ အမှန်တွေ ပြောပြတာ အားနာစရာလား။ ဘဲရုပ်ဆိုးကတော့ သူ့မပြောတဲ့အတိုင်း ထိမထင်ပါပဲ...။ ဝအောင် စားပြီးမှ တော်တော့တာ...။



" မင်း နားတော့ကြားပါတယ်နော်... ရုပ်ဆိုးရတဲ့အထဲ ...းပါလေးရင်တော့ သွားပြီ..."

" ဝရင် ကိုယ့်ဘာသာ ဝမှာ... ရှင်က အစားဝပေးရမှာ ...ဟုတ်ဘူး... ရောဂါဖြစ်လည်း ရှင့်အပူမပါဘူး... ရှင်ကရော ...ယ်လောက်ဖော်နေလို့လဲ... အဖေ အမေရဲ့ အလုပ်တွေမှာ ...းလိုက်ဖြူးနေတဲ့ လူကများ..."

" အဲဒါ မင်းနဲ့ မဆိုင်ဘူး..."

" ရှင့်ကို ပြောတာ မခံနိုင်ရင် ရှင်လည်း ဆမ်းမားကို ...မပြောနဲ့..."

ဒေါ်လေးကတော့ ညီတို့နှစ်ယောက်ကို ကြည့်ပြီး ...းနေပါတယ်။ ပြီးတော့မှ... ပန်းတွေ ကားပေါ်တင်ပေးမယ်... ...းကြစို့တဲ့။ တစ်ခုတော့ ရှိပါတယ်... ဘဲရုပ်ဆိုးကို ရှေ့ခန်းမှာ ...ိဆိုတည်းက ရှေ့ခန်းမှာတော့ ထိုင်သား...။ ဒေါ်လေးပေးလိုက်တဲ့ ...းတွေလည်း ပါလာပြီလေ...။

" ဘဲရုပ်ဆိုး "

" ဆမ်းမားမှာ နာမည်နှစ်ခုတောင် ရှိတာ... သူများကို ...ည်မဖျက်ပါနဲ့... ဖျက်ရင် ခင်ဗျားကိုလည်း နာမည်ဖျက် ...ိမ့်မယ်..."

" ငါတို့က ဘဲရုပ်ဆိုးမှ မဟုတ်တာ "

" လူတိုင်းမှာ အားနည်းချက် ဆိုတာ ရှိတယ်... ခင်ဗျား ...ည်း ရှိမှာပဲ... ခင်ဗျားကို... အားနည်းချက်ကို လှောင်ပြောင်ခေါ်ရင် ...က်မလား...."

" ဘဲရုပ်ဆိုးဆိုတာ ခေါ်လို့ အရမ်းကောင်းတယ် "

www.burmeseclassic.com

www.burmeseclassic.com



" ရတယ်လေ... ကိုယ့်အလှည့်ကျမှ ခံနိုင်ရည်ရှိအောင် ကြိုးစားထား..."

ဘဲရုပ်ဆိုးက ညီ့ကို ခေါ်ရဲမှာမို့လို့လား။ မကောင်းတဲ့ နာမည်ပေးရင် မခံဘူးနော်...။ ဘယ်လိုများ ခေါ်မလဲ ကြည့်ချင်တယ်။ ပြီးတော့မှ မခေါ်နဲ့ဆို ကောင်းကောင်း ပြောပစ်မယ်။ မင်းဟာ တကယ့်ကို အရုပ်ဆိုးတဲ့ ဘဲတစ်ကောင်မို့ ခေါ်တာများ...။

◈

" စောသီရိနဲ့ အဆင်ပြေရဲ့လား... မေမေကတော့ ဆမ်းမားကို အဲဒီ အလုပ်လုပ်နေတာ လုံးဝ စိတ်မချဘူး... ဟိုနေ့က ဆမ်းမားကို ကောင်လေး ကားပေါ်မှာ တွေ့တယ်..."

" ဒေါ်စောသီရိရဲ့ သားငယ်က တစ်ချိန်လုံး သူ့အမေကို ကူတယ် မေမေ... အဲဒီလူနဲ့ သွားစရာရှိ သွားရတယ်လေ..."

" အဲဒါတွေ မေမေ မကြိုက်တာ... အားမနာနဲ့တော့ အလုပ်ထွက်လိုက်..."

" မေမေကလည်း... ဆမ်းမားဟာ ဒီအလုပ်မှာ အဆင်ပြေမှာပါ... ခက်သဘောကတော့... ဆမ်းမား ကလေးမဟုတ်တော့ပါဘူး... တကယ်လို့ အဲဒီကောင်လေးတွေက မေတ္တာစစ်နဲ့ ချစ်တယ်ဆိုလည်း ချစ်ကြပါစေလား..."

ဆမ်းမားကတော့ မချစ်ပါဘူးလို့ပဲ ပြောလိုက်ပါတယ်။ ဟုတ်တယ်လေ... ကိုကိုကျတော့လည်း မချစ်ပါဘူးလို့ ပြောခဲ့ပြီ... သူ့ကိုကတော့ လုံးဝမချစ်သေးပါဘူး။

" စိတ်ချပါမေမေ... သူတို့ကို ဆမ်းမား မချစ်ပါဘူး..."

" ဆမ်းမားကလည်း အဲလိုမျိုး မပြောနဲ့..." အချစ်ဆိုတာ ဘာမှ ပြောလို့ရတဲ့ အရာမဟုတ်ဘူး... ဆမ်းမား အခု လုပ်နေတယ့် အလုပ်က ဒေါ်စောသီရိဆီကနေ ပညာရအောင် ကြိုးစားသင်...

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စောသီရိရဲ့ လုပ်ငန်းတွေထဲမှာ ဘယ်လုပ်ငန်းကို နှစ်သက်သလဲ... ရအောင် ကြိုးစားသင်ပါ... တကယ်လို့ သူသားတွေထဲက ဆမ်းမားကို ချစ်တယ်လို့ ပြောလာခဲ့ရင်လည်း... သူတို့က တကယ်ချစ်မချစ် ဆမ်းမား လေ့လာသင့်တယ်... ဆမ်းမားကကော ချစ်နိုင် မချစ်နိုင် စဉ်းစားရမယ်... ကြုံတွေ့လာမယ့် အခြေအနေတွေပေါ်မှာ အကောင်းဆုံး ဖြစ်အောင် ကြိုးစားပါ... စကားဆိုတာ အကုန်မပြောရဘူး... မေမေကလည်း ဆမ်းမားကို သိပ်မချုပ်ချယ်ပါနဲ့... ခက်ပြောသလို ဘဝဆိုတာ ဘာမှ ကြိုတင် တွက်ဆလို့ မရပါဘူး..."

မမခက် ပြောသော့ မေမေ ငြိမ်သက်နေပါတယ်... မေမေက လက်ခံတယ်ဆိုရင် ခုလို ပုံစံလေးပါပဲ...။ တံခါးခေါက်သံကြောင့် ဖွင့်လိုက်တဲ့အခါ ညိုမှာပါလား။ မုန့်ဝယ်လာလို့ ဆမ်းမားကို ခေါ်သွားပြီ အန်တီနှင်းဆီ လက်ဆွဲခေါ်လာပါတယ်...

"မိုးချုပ်နေမှ ဘာမုန့်ဝယ်လာပြန်တာလဲ ညိုမာရယ်..."

"ညီမြင့်မိုရဲ မုန့်ကလေးလေ"

"ဘာ..."

"ကိုညီမြင့်မိုရ်က ဖုန်းဆက်တယ်... ဆမ်းမားကို ကျေးဇူး ပြုပြီး ခေါ်ပေးလို့ရမလား... မညိုမာတဲ့... အသံလေးက နူးညံ့ချိုသာ ...န်းတော့... ညိုမာလည်း မခေါ်ပေးပဲကို မနေရက်တော့ဘူးလေ..."

ဒီလူနယ်...

ဘာကိစ္စ ဖုန်းဆက်ရလဲ... ဒီတိုက်ကြီး တစ်တိုက်လုံး ...ပေါ်...ပေးတွေရဲ့ အခန်းတိုင်းမှာ တယ်လီဖုန်း ရှိကြပါလျက်... ဆမ်း... တစ်ခန်းမှာပဲ ဖုန်းမရှိတာပါ...။

... စကားပြောရင် အမြင်ကပ်စရာကောင်းတဲ့



...ကိုများ အသံလေးက နူးညံ့ချိုသာလွန်းတော့တဲ့။

"လွတ်လွတ်လပ်လပ် ပြောလို့ရတယ် ဆမ်းမား မာမီက အန်တီစင်းရဲ့ အခန်းမှာ..."

ညိုမာ့ကို မျက်စောင်းထိုးလိုက်တယ်... ဒီလူနှင့် လွတ်လွတ်လပ်လပ် စကားပြောစရာ မရှိဘူး...။

"ဟိတ် ဘဲရုပ်ဆိုး... ခေါင်းမူးနေပြီ မဟုတ်လား"

"ကြံဖန်... ဘာကိစ္စ မူးရမှာလဲ"

"အုန်းနို့ခေါက်ဆွဲတွေ ဒီလောက် အများကြီးစားတာ ခေါင်းမမူးဘူး ဟုတ်လား... အံ့ပါရဲ့..."

"စားနေကျ..."

"အဲလို ,စားနေကျ စားနေကျကနေ ရောဂါတွေ ...င်လာမယ်... ဝတုတ်ပေါ်နေရင် ကြိုက်မယ့်လူမရှိပဲ နေမယ်"

"ဘာဖြစ်လဲ... ကိုယ့်ဘာသာ ဘာဖြစ်ဖြစ် ရှင့်အပူလား... ...ာက်ကို ဖုန်းမဆက်ပါနဲ့..."

"မင်းလို ဘဲရုပ်ဆိုးဆီကို ဖုန်းဆက်ချင်လှချည်ရဲ့လို့ ...င်နဲ့... မာမီက ဆက်ခိုင်းလို့... မနက်ကို လာနေကျအချိန်ထက် ...စ်နာရီစွဲ ကြိုပြင်ထားပါ... မင်းကို ကိုကိုလာကြိုလိမ့်မယ်... ...ကို ကြိုတယ်ဆိုပြီး ငါ့ကို ပြောထားတဲ့ စကားလည်း တည်အောင် ...ပ်ဦး ဘဲရုပ်ဆိုး... ဘိုင့်ဘိုင်..."

သူပြောချင်ရာ ပြောပြီး ဖုန်းချသွားပြီ...

ဘယ်လောက် စိတ်ပျက်စရာ ကောင်းသလဲ။ ကိုကျော်မြင့်မိုရ် ...ကြိုမယ်... လာနေကျ အချိန်ထက် တစ်နာရီစွဲ စောဦးမတဲ့...။ ...ားတည်ဦး ဆိုတာလည်း ဆမ်းမား အမှတ်ရပါတယ်...။

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်မြင့်မိုရ်ကို မကြိုက်ရဘူးတဲ့...။

" ဆမ်းမား... သူတို့ ညီအစ်ကိုမှာ ဘယ်သူ့ကို နှင် သဘောကျလဲ "

" တစ်ယောက်မှ သဘောမကျဘူး..."

" တကယ်..."

" တကယ်ပေါ့... ကိုကျော်မြင့်မိုရ်မှာလည်း လူကြီးတွေ သဘောကျတဲ့ အမျိုးသမီးရှိတယ်... ညီမြင့်မိုရ်ကျတော့လည်း ကြည့်လို့ကို မရဘူး... အမြင်ကပ်စရာ ကောင်းတယ် "

" မတည့်တဲ့လူဆိုတာ အတူနေရတတ်တယ်... ဒါဆို ဆမ်းမားက ညီမြင့်မိုရ်နဲ့ သေချာသွားပြီ..."

" တော်ပါတော့... အေးအေး နေပါရစေ... လူကို သူ့တပည့်လို လေမျိုးနဲ့... စိတ်ပျက်လွန်းလို့ပါ..."

" ကြည့်သေးတာပေါ့... နောက်တော့မှ ညီမာရေ... ငါတော့ ဟိုကြည့်မရလေးကို ကြည့်ရလေး ဖြစ်သွားပြီဆိုတာ ကြားရဦးမှာပါ"

" ဝေး "

" နိုး "

" ဝေးပါဆိုမှ ညီမာ... ငါပြန်ပြီ မေမေနဲ့ မမခက်မေးရင် နှင်က ဘာမုန့်ကျွေးတယ် ပြောရမလဲ "

" အချစ်မုန့်ကျွေးတယ် ပြော "

" ညီမာနော်... နင်က ငါဖို့ ကီးမားဝယ်လာတယ်လို့ ပြောတယ်..."

" ဆမ်းမားအတွက် ကီးမားပေါ့ ဟုတ်လား "

ညီမာကတော့ ရယ်နေပါတယ်...



ထင်တဲ့အတိုင်း အပေါ်ထပ်လည်း ရောက်ရော မေမေက ညီမာ ဘာမုန့်ဝယ်လာတာလဲ မေးတာပေါ့။ ဒါကြောင့် ကီးမားပါ မေမေရယ်ဆိုပြီး စာဖတ်နေလိုက်ပါတယ်။ မမခက်ကိုတော့ မနက် စောစော သွားရမယ့်အကြောင်း ပြောပြလိုက်တယ်လေ။

" ဒီလောက် စောစောသွားရအောင် အလုပ်ကိစ္စ များနေလို့လား ဆမ်းမား "

" အန်တီက တစ်နာရီခွဲစောပြီး ကြိုမယ်ပြောတာပဲ မမခက်ရယ်... ဘာကိစ္စလဲတော့ ဆမ်းမားလည်း မသိရပါဘူး..."

အိပ်ရာပေါ်မှာ စာဖတ်နေတာကို မေမေ လာချောင်းကြည့်တာလည်း သိပါတယ်။ မမခက်ကတော့ ဘာကိုမှ ကြိုမတွက်ပဲ အကောင်းဆုံး အခြေအနေ ဖြစ်အောင် ကြိုးစားတဲ့...။ တော်ပါပြီ... ဘာကိုမှ မတွေးတာ တကယ် အကောင်းဆုံး နေမှာ။ စိတ်ညစ်လွန်း လာရင် ဒီအလုပ်ကို မလုပ်ပဲ ထွက်လိုက်ရုံပေါ့...။

မမခက် ပြောသမျှမှာ ဒေါ်စောသီရိရဲ့ လုပ်ငန်းတွေထဲမှာ ဘယ်လုပ်ငန်းကို နှစ်သက်သလဲတဲ့...

အဲဒီ မေးခွန်းလေးကိုတော့ သဘောကျမိပါတယ်။

ဘယ်လုပ်ငန်းကို နှစ်သက်သလဲဆိုတော့ ဆမ်းမားစိတ်မှာ ချက်ချင်းပဲ ကြီးမားကျယ်ဝန်းသော သစ်ခွနဲ့ သဇင်ခြံကြီးကို ပြေးမြင်ပါတယ်...

အဲဒီခြံထဲရောက်ရင်ကို စိတ်မှာ အလိုလို ပျော်ရွှင်စွာ ပြန်ချင်တော့ဘူး မဟုတ်လား။

◈

www.burmeseclassic.com

www.burmeseclassic.com

“ မာမီ... ဆန်းမားကို ကိုကိုက အစောကြီး သွားကြိုပြီး ဘယ်သွားရမှာလဲ...”

လက်ဖက်ရည်ဝိုင်းမှာတောင် ကိုကိုရှိမနေပါပဲ... ဒက်ဒီ မာမီနဲ့ ညီပဲ ရှိပါတယ်... ကိုကို အစောကြီးတည်းက ဆမ်းမားကို သွားကြိုပြီလေ။

“ ကို... ဒီတစ်ခါ သားငယ်လေး အတော်သိချင်ပုံရတယ်”

“ ပြောလိုက်ပါ စောရယ်... သိပ်သိချင်နေရောပေါ့ ”

“ ဟာ... သားက ရိုးရိုးမေးတာ ”

“ အေးပါ... ဘယ်သူကရော ဆန်းဆန်းမေးတယ်လို့ ပြောလို့လဲ...”

ဒက်ဒီနှင့် မာမီက မဟုတ်ဘူး။ ညီကို စချင်နေသလိုပါ ရိုးသားစွာ သိချင်လို့ အကောင်းမေးကာပါ။

“ သားက စိုးရိမ်လို့ပါ ”

“ စိုးရိမ်တယ်... ဆိုစမ်းပါဦး... ဘာကို စိုးရိမ်တာလဲ...”

“ ကိုကိုနဲ့ ဆမ်းမား အတူသွား အတူလာရှိရင် မမနီလာ နားလည်ပါ့မလား...”

“ ဒါဆို ကိုကိုနဲ့ မသွားရဘူး .. သားနဲ့ပဲ သွားရမှာလား”

“ အဲဒီလိုပြောတာ မဟုတ်ပါဘူး ဒက်ဒီရယ် ”



“ ကဲပါ သားငယ်ရယ်... ဆမ်းမားကို မာမီက ကား မောင်းသင်ပေးမလို့... အဲဒါ သားကိုကိုက စိတ်ရှည်တယ်... သားက စိတ်တိုတယ်လေ... အနည်းဆုံး ကားမောင်းတော့ တတ်မှ နောက်ဆို မာမီက လိုက်စီးနိုင်မှာပေါ့...”

ဆမ်းမားက မာမီပဲ မောင်းမောင်း... ညီပဲ မောင်းမောင်း... အခန့်သား ဇိမ်နဲ့ လိုက်စီးနေတာတော့ ဟုတ်ပါတယ်။ ကားမောင်း သင်ပေးတာ မှန်တယ်လို့ ညီသိတာပေါ့။ ဒါပေမယ့် ကိုကို့ကိုမှ သင်ခိုင်းရတယ်လို့....။ မမနီလာ သိရင် ကောင်းပါ့မလား..။

“ ကားမောင်းသင်တော့ မမနီလာက နားလည်ပါ့မလား...”

“ ငါ့သားငယ်လေးက ကိုကို့အတွက် အတော်စိတ်ပူတတ် ပါရောလား... မပူပါနဲ့ မာမီခိုင်းတာပဲကွယ်...”

အင်းလေ... ဒါတော့လည်း ဟုတ်ပါတယ်...။

မာမီ ကျေနပ်မယ်ဆိုရင် အကုန်ရှင်းလို့ ရမှာပါပဲ။

“ စောက အမှန်တော့ ဆမ်းမားကို ကားမောင်းသင်ဖို့ ကိစ္စကို သားနှစ်ယောက်ရှေ့မှာ ဘယ်သူသင်ချင်သလဲ မေးပြီးမှ ဆုံးဖြတ်ရမှာ...”

ဒက်ဒီက ပြောရင်း ပြုံးနေတာ...။

“ ဟုတ်သားပဲ... သားငယ်ကိုရော သင်ချင် မသင်ချင် မေးသင့်တာ... စောစိတ်လောသွားတယ်... ဘယ်လိုလဲ သားငယ်က သိပ်သင်ချင်နေလို့လား... သင်ချင်ရင်တော့ နောက်ရက် ကိုကို့ကို မသွားခိုင်းတော့ဘူးလေ...”

“ ဟာ မဟုတ်ပါဘူး... အဲဒီ ဘဲရုပ်ဆိုးကိုများ မသင်ချင် ပါဘူး... ကိုကိုနဲ့သာ စိတ်မချတာ...”

www.burmeseclassic.com

www.burmeseclassic.com



" ဘာလို့ စိတ်မချတာလဲ..."

" ကိုကို့မှာ မမနီလာရှိတော့ မကောင်းဘူးလေ... မတော်တဆ... အိုးချင်းထားရင်း ထိသွားရင်... မာမီ မျက်နှာပျက်ရမှာစိုးလို့ပါ..."

" ငါ့သားလေး သတိပေးတာ မာမီ လက်ခံပါတယ်... နီလာ့ကို သားကြီးနဲ့ ရည်ရွယ်ထားတာလည်း မှန်ပါတယ်... ဒါပေမယ့် ကဲပါ သားရယ်... စိတ်မပူပါနဲ့... မာမီရှင်းတတ်ပါတယ်..."

" ဟုတ်ကဲ့ "

မာမီ့သဘောပါပဲ။

ဒါပေမယ့် စိတ်မှာတော့ ဘဝမကျပါဘူး။ မမနီလာအမေတို့ မမနီလာတို့ကို မာမီ ဘယ်လိုများ အကြောင်းပြပါ့မလဲ။ ရင်ထဲမှာ... ဘဲရုပ်ဆိုးနှင့် ကိုကို့ကို မနီးစပ်စေချင်ဘူး။

ဒါတော့ သေချာပါတယ်...

ကိုကိုကလည်း ခေါ်တာတောင် နှေးဦးတဲ့။ ခုလိုမျိုး အတူသွားကားမောင်းနေရရင် မနီးစပ်ဘူး မပြောနိုင်...။ မာမီ့ကို ပွင့်ပွင့်လင်းလင်းပြောပြီး ဆမ်းမားကို ညီပဲ ကားမောင်းသင်ပေးလိုက်ပါမယ်လို့ ပြောရရင် ကောင်းမလား...။ မကောင်းဘူး ထင်တယ်။ မာမီတို့ ဒက်ဒီတို့အမြင်မှာ ဆမ်းမားကို ညီ သဘောကျနေတယ် ထင်သွားလို့ကတော့ လုံးဝမကောင်းတော့ဘူး...။ ဆမ်းမားကိုလည်း ညီလည်း လုံးဝသဘောကျတာ မဟုတ်ပါပဲ စိုးရိမ် မနေတော့ပါဘူး...။

ကိုကို့ကိုလည်း မေးပြီးပြီ... ဆမ်းမားကိုလည်း သတိပေးပြီးပြီ။

ဒီထက် ဘာပူစရာမှ မလိုပါဘူး...။



" သားငယ်... မာမီ့ကို ပဲန်စီဆိုင် လိုက်ပို့ပါဦး... မာမီ့ကားကို ဆမ်းမားအတွက် ထည့်ပေးလိုက်လို့ပါ "

မာမီက နှစ်သက်လွန်းလို့ ဝယ်ထားတယ်လည်း ဆိုသေး... ကားကိုမှ ဆမ်းမား အမောင်းသင်ဖို့ ပေးလိုက်ရသတဲ့လား။ ဆမ်းမားကို မာမီ အလိုလိုက်လွန်းသလိုပါပဲ။ တကယ်ဆို အန်တီနှင်းကို ဒက်ဒီ သိပ်ချစ်ခဲ့ဖူးတာ သိပါလျက် အန်တီနှင်းသမီး ဆမ်းမားအပေါ် ဘာလို့ ဒီမျှ ကောင်းနေပါသလဲ...။

မာမီ့ကို ခုတစ်ခါ ဆမ်းမား ကိစ္စနှင့် ပတ်သက်လာတော့ ညီ နည်းနည်းမှ နားမလည်တော့ပါဘူး...။

◈

www.burmeseclassic.com

www.burmeseclassic.com

နီညိုရောင် ဝတ်စုံလေးနှင့်လည်း ဆမ်းမားကသာသပ်ရဲ့ မမစက်က ပြောပါတယ်... ဆမ်းမားကတော့ နှင်းရိုတည်းက သပ်သပ်ရပ်ရပ်ဖြစ်ရင် တော်ပြီ... အဝတ်အစားပေါ်မှာ ဒီလောက် နှစ်သက်စွာ ပြင်ဆင်လေ့ မရှိတော့ ခုလောက် လှနေရင်း ကျေနပ်နေပါပြီ။

လာကြိုမယ်ဆိုလို့ ဆင်းလာတဲ့အခါ... အိမ်ရှေ့လမ်းမှာ ရပ်ထားတာ အန်တီ့ကားပါလား။ အန်တီကိုယ်တိုင်များ ပါလာသလားလို့ ကားမောင်းတဲ့ သူနေရာကို ကြည့်ပြီး အံ့ဩ လမ်းကူးရတယ်။

" ဘာလို့ ဒီလောက်လောပြီး လမ်းကို ဖြတ်ကူးရတာ နွေဦးရယ်... ကိုကိုက ထွက်ပြေးမှာမို့လား... ဖြည်းဖြည်းပေါ့

" ကိုကျော်မြင့်မိုရ်... "

ကိုကျော်မြင့်မိုရ်ကို တွေ့ရတဲ့အခါ ဆမ်းမား မောသွားသလိုပါပဲ။

ညီမြင့်မိုရ်ရဲ့ သူ့အစ်ကိုကို တွန့်တိုနေတဲ့ ပုံစံကိုလည်း သတိရပါတယ်။

" ကဲ... မနွေဦးခင်... ကိုကျော်မြင့်မိုရ်ဆိုရင်တော့ မနွေဦး လို့ပဲ ခေါ်ရလိမ့်မယ်... ဘယ်လိုလဲ "



" ညီမြင့်မိုရ်ကိုလည်း ညီမြင့်မိုရ်ပဲ ခေါ်တာပါ... ကိုကျော်မြင့်မိုရ်လို့ပဲ ခေါ်ပါရစေ... ဆမ်းမားကို နားလည်ပါ... "

" ဟုတ်ပါပြီ နားလည်ပါမယ် မနွေဦးခင် "

မနွေဦးခင်ပဲခေါ်ခေါ်... ခေါ်နွေဦးခင်ပဲခေါ်ခေါ် ခေါ်ချင်သလိုသာ ခေါ်ပါတော့...။ မနီလာဆိုတဲ့ ရှင့်ဇနီးလောင်းနဲ့လည်း ကားမပြေးချင်သယ် ရှင့်ညီနဲ့ကလည်း အစလည်းမကြိုက် အဆက်လည်း မကြိုက် ဘယ်တော့မှ မကြိုက်ပါဘူး ပြောပြီးသားဆိုတော့ ပြဿနာ မရှိအောင် နေရလိမ့်မယ်။

" အန်တီ ဘယ်ဆိုင်မှာ စောင့်မှာလဲ "

" မာမီက အခုလိုစောလွှတ်လိုက်တာ မနွေဦးခင်ကို ကားမောင်းသင်ဖို့ပါ... "

" ရှင်... "

ကားမောင်းသင်ရမယ်...

ကားမောင်းသင်ရမယ် ဆိုပါလား။ ကားမောင်းသင်ရမှာကတော့ ဆမ်းမားစိတ်မှာ နှစ်သက်ပါတယ်။ အန်တီမောင်းတဲ့ ကားကိုပဲ အားကျနေရတာ စိတ်မှာ မဝံ့ရဲသလိုဖြစ်နေတာပါ...။

ကားမောင်းသင်ချင်ပေမယ့်... ကိုကျော်မြင့်မိုရ်နှင့်ကတော့ ... ...ပါပဲ။ ဟို အဆင်မပြေ ကြည့်မရတဲ့ ကိုလှချင်နဲ့ ... ရန်ဖြစ်ရင်း သင်ရတာ လွတ်လပ်မယ် ထင်တယ်။

" ဘာဖြစ်လို့လဲ နွေဦး "

" ဘာမှ မဖြစ်ပါဘူး... "

ကိုကျော်မြင့်မိုရ်က ကားမောင်းဖို့ ဂိယာအဆင့်ဆင့်ရွေ့က ... ... တစ်ခုရှင်းပြနေတာ နားထောင်နေရပေမယ့် စိတ်မှာတော့

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုက ခုခံနေသလိုနဲ့ စိတ်ညစ်နေသလိုပါလား။

" နွေဦး "

" ရှင်... "

" ကား ဒမောင်းမသင်ချင်ပါပဲနဲ့ မာမီ့ကို ကြောက်လို့ သင်မယ်လို့ ပြောတာလား "

" ဟာ မဟုတ်ပါဘူး... ဆမ်းမား ကိုယ်တိုင် သင်ချင်ပါတယ်... "

" ဒါဆို နောက်မှ ဆက်သင်မယ်... အခု ဗိုက်ဆာနေပြီ... တစ်ခုခု သွားစားမယ်... ဘာကြိုက်လဲ... မနက်စောစော ဘာစားတတ်သလဲ... "

" ဆမ်းမား ဗိုက်အင့်နေတယ် "

" နွေဦး ဗိုက်အင့်လည်း ကိုကို ဗိုက်ဆာတယ်... "

ပြောလို့လည်း မရပါပဲ မုန့်သွားစားပြန်ပါတယ်။ ကို ကျော်မြင့်မိုရ် အနားမှာ ရှိတာဟာ တကယ့်ကို စိတ်ကျဉ်းကျ ရပါတယ်။

" ကိုကို မနက်စောစောဆို မုန့်ဟင်းခါး စားချင်တယ်... နွေဦးက အုန်းနို့ခေါက်ဆွဲ အရမ်း ကြိုက်တယ်ဆို... ညီပြောတယ်... မကြည့်တဲ့ အစားတွေဆို အဝစားတာပဲတဲ့... အခုရော အုန်းနို့ခေါက် စားပါလား "

" ဆမ်းမား တကယ့်ကို ဗိုက်အင့်နေလို့ပါ... ကော် သောက်ပါမယ်... "

ဆမ်းမားတို့ မုန့်စားနေတုန်း ကိုကျော်မြင့်မိုရ်ပါလား အသိက လာနှုတ်ဆက်တယ်... ပြီးတော့ ဆမ်းမားကိုလည်



ပျက်စီလေးစွေကြည့်ဖြစ်အောင် ကြည့်သေးတာ။

" တိုင်လိုက်ရမှာလား ကိုကျော်မြင့်မိုရ်... "

နှုတ်ဆက်ပြီး ပြန်အထွက်မှာ ကိုးတိုးပြောတာ ဆိုပေမယ့် ဆမ်းမား ကြားပါတယ်...။ တိုင်လိုက်ရမှာလားတဲ့... ဘယ်သူ့ကိုလဲ... ပနီလာဆိုတဲ့ အမျိုးသမီးကို ပြောတာနေမှာပေါ့...။

" မာမီက တဖွဖွပြောတယ်... ဆမ်းမားက ပွင့်လင်း ဖြူစင်တယ်... မလိမ်ညာတတ်တာလေးက သိပ်သဘောကျစရာ ကောင်းသတဲ့... အခု နွေဦး ဘာဖြစ်နေလဲ... "

" စိတ်ညစ်နေတယ် "

" စိတ်ညစ်တယ်... ဘာလို့လဲ "

" ခုနက ပြောသွားသလိုပေါ့... ပြန်တိုင်စရာရှိတဲ့လူနဲ့ သွားချင်ဘူး... စိတ်ကျဉ်းကျပ်တယ်... အန်တီ့ကို ပြန်ပြောရမယ်... ကိုကျော်မြင့်မိုရ်နဲ့ ကားမောင်းမသင်ချင်ဘူး... ညီမြင့်မိုရ်နဲ့ပဲ သင်မယ်လို့လေ... "

" ဪ... ကိုကိုသိပါပြီ... နွေဦးက ညီနဲ့ သင်ချင်တာလား "

" ညီမြင့်မိုရ်နဲ့က ရန်ဖြစ်ရတာ... အပြန်အလှန်ဆိုပေမယ့် ပဲ့ရဲတာ ဘာမှ မရှိပါဘူး... ရန်ဖြစ်ပြီး သူတစ်ခွန်း ကိုယ်တစ်ခွန်း ဖြစ်လို့ရတယ်... လွတ်လပ်ပေါ့ပါးတယ်... ကိုကျော်မြင့်မိုရ်နဲ့ နေရတာ အသက်ရှူကျပ်တယ် "

ဆမ်းမား ရင်ထဲမှာ ရှိတဲ့အတိုင်း ပြောလိုက်တာပါ...။

ဟုတ်တယ်လေ...။ ကိုကျော်မြင့်မိုရ်နဲ့ ဆမ်းမားရဲ့ ကြားမှာ ...ည်တစ်ခု အခုအခံရှိနေလေတော့ ဘယ်လိုမှ မဝံ့ရဲနိုင်တော့ပါဘူး... ...နားမှာနေရတာ... စိတ်မွန်းကျပ်ပြီး ဘယ်လိုမှ... နေရ

www.burmeseclassic.com

www.burmeseclassic.com



မပျော်ရွှင်ပါဘူး...။

" ညီ့အပေါ် ပိုတယ် ကိုကိုသိပါပြီ "

သူကတစ်မျိုး။ ဆမ်းမား ခံစားရတာက တစ်မျိုးပါ။ ညီမြင့်မိုရ်အပေါ် ပိုစရာ တစ်ကွက်ကလေးမှ မရှိပါဘူး။ ရှင်းပြ မနေချင်တော့ဘူးလေ။

◈

BURMESE CLASSIC .com

" ဘယ်လို ပြောတယ် သားကြီး... မာမိက ခိုင်းတဲ့အလုပ်ကို သားကြီးက ငြင်းတယ် ဘာလို့လဲ "

ညနေ ထမင်းဝိုင်းမှာတော့ ဖြစ်ချင်သမျှလေးတွေကို ဒက်ဒီနဲ့ မာမီ့ဆီ ညီတို့ ညီအစ်ကို ပြောပြလေ့ရှိတဲ့အတိုင်း ကိုကိုက မာမီ့ကို ဖွင့်ပြောခဲ့တာကတော့ ဆမ်းမားကို ကားမောင်းမသင်ချင်တော့ဘူး... ညီ့ကိုပဲ သင်ခိုင်းလိုက်ပါတဲ့...။

" အမှန်အတိုင်းပြောပါ သားကြီး "

" နွေဦးက ညီနဲ့ပဲ သင်ချင်တယ်လို့ ပြောတယ် မာမီ "

" ဆမ်းမားက... ဟုတ်လား "

" ဟုတ်ကဲ့... "

မာမီ ငြိမ်ပြီး ဒက်ဒီ့ကို ဖျတ်ခနဲ လှမ်းကြည့်တာ တွေ့ပါတယ်...။

" ကောင်းပြီလေ... ဒါဆို ဆမ်းမားကို မာမီပဲ မေးကြည့်လိုက်ပါမယ်... "

ထမင်းစားနေရင်း ရင်ထဲမှာတော့ ဆမ်းမားရဲ့အပြောကို ညီ သဘောကျသွားတယ်... ဘဲရုပ်ဆိုးလေးက မဆိုးဘူးပဲ။ စကားကို ပြောရင် ပြောတဲ့အတိုင်း တည်သားပဲ။ ကိုကို့ကို ခုလည်း မကြိုက်ဘူး... နောက်လည်း မကြိုက်ဘူး ဘယ်တော့မှလည်း

www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ဘူးတဲ့။ ကိုကိုနှင့် ကားမောင်းသင်ရတဲ့အခါ ရင်းနှီးကျွမ်းဝင်သွားပြီး ချစ်မိမှာ စိုးလို့လား။ ဒါကြောင့် ခုကတည်းက ဆင်ခြင်တာနေမှာပါ။ ဒါဆိုရင်တော့ ဘဲရုပ်ဆိုးလေးတစ်ယောက် တော်တာပါလား။

" ဆမ်းမားကို မာမီ မေးကြည့်မယ်..."

မာမီကတော့ ဒီလိုပဲ ပြောပါတယ်...။ အခန်းထဲ ပြန်ရောက်တော့ ကိုကိုက သူ့ထုံးစံအတိုင်း ခပ်အေးအေးနှင့် အလုပ်စားပွဲဝင်ထိုင်ပြီး အလုပ်လုပ်တော့မယ်လေ။

" ကိုကို "

" ဟင်..."

" ဆမ်းမားက ကိုကိုနဲ့ မသင်ချင်ဘူးလို့ ပြောသလား "

" အဲဒီအကြောင်း မပြောရင် ကောင်းမယ်... ညီ "

" ကိုကိုကလည်း ဘာဖြစ်တာလဲ..."

" မင်းတို့နှစ်ယောက် စိတ်ဝင်စားနေတာ မသိလို့ပါ "

ကိုကို အဲဒီလိုပြောတော့လည်း ညီမခံနိုင်ဘူး။

ဘဲရုပ်ဆိုးကို ညီက စိတ်မဝင်စားပါပဲ ခုလိုမျိုး ပြောတာတော့ မခံနိုင်ဘူး။

" ကိုကို အဲလိုတော့ မပြောနဲ့... ဘဲရုပ်ဆိုးကို ညီ လုံးဝစိတ်မဝင်စားဘူး..."

" ဒါဆို နွေဦးက မင်းကို စိတ်ဝင်စားနေတာပါလို့ ဆိုလိုတာလား "

" အဲလိုလည်း မဟုတ်ပါဘူး ကိုကို... ညီတို့နှစ်ယောက်လုံး တစ်ယောက်က တစ်ယောက်ကို စိတ်မဝင်စားပါဘူး..."



" တော်ပါတော့... ကိုကို အလုပ်လုပ်မယ် "

ကိုကို့ကြည့်ရတာ ဘာဖြစ်နေတာလဲ... စိတ်မကောင်းဖြစ်နေတာမျိုးလား...။ မျက်နှာကြီးက မကြည်မလင်လိုပါပဲ။ ဘဲရုပ်ဆိုးက သူနဲ့မသင်ချင်ဘူးလို့ ပြောတာကို စိတ်ဆိုးတယ်ထင်ပါရဲ့...။

" ကိုကို "

" ညီ... မင်းပါးစပ်ပိတ်ချင်ပိတ်... မပိတ်ရင် အလုပ်တွေကုန်ပစ်ပြီး ငါအပြင်သွားမှာနော် "

" ကိုကိုကလည်းဗျာ..."

ကိုကိုက အရင်က ဒီလို မဟုတ်ပါဘူး။

အခုကျတော့ စိတ်တိုလွယ်လိုက်တာ။ အရင်က ညီ့အပေါ်စိတ်ရှည်တဲ့ ကိုကိုက အခု ဘာဖြစ်တာလဲ...။ ဘဲရုပ်ဆိုးကို ကားမောင်းသင်ရတဲ့ ကိစ္စက ဒီလောက် စိတ်ဆိုးစရာလား။ ကိုကို ရှိုးသားသေးမှုလား။ နောက်ထပ်ပြောရရင်... စကားများကုန်ကြမှာ စိုးရိမ်ရသေးတယ်...

ဒါကြောင့် ခွတ်နှစ်အိပ်ပစ်ဖို့ပဲ စဉ်းစားရပြီ။ ဘဲရုပ်ဆိုးနဲ့တွေ့တော့မှ မေးကြည့်ရဦးမယ်။

◈

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို… ပြောစမ်းပါဦး ဆမ်းမား… ကိုကျော်မြင့်မိုရ်ရဲ့ သင်ရတာ အသက်ရှုကျပ်တယ် ဟုတ်လား"

ညိုမာ ကျွေးတဲ့ မြေပဲပြုတ်ကို သေချာကျန ထိုင်စားရင်း ကားမောင်းသင်ရတဲ့ အကြောင်း ညီအစ်မနှစ်ယောက် ပြောမိကြတယ်။

"ဒါဆိုရင် အဲဒီ ကျော်မြင့်မိုရ်ကို ဆမ်းမား စိတ်ဝင်စားနေ ထင်တယ်"

"ဟင်… ပေါက်ကရ… မဟုတ်တာ… လုံးဝပါပဲ…"

"အနေရကျဉ်းကျပ်တယ်ဆိုတာ… နည်းနည်းလေး မရှိးသားပါဘူးဟာ"

"မဟုတ်ပါဘူး ညိုမာရယ်… သူ့မှာက မနီလာဆိုတဲ့ အမျိုးသမီး ရှိတယ်… အဲဒီ မိန်းမက အန်တီ ကိုယ်တိုင် ရွေးထားတာလို့ ပြောတော့… အန်တီနဲ့ မျက်နှာပျက်ရရင်လည်း မကောင်းပါဘူး… အဲဒီတော့ စိတ်မှာ မွန်းကျပ်ရတယ်"

"အင်း ဒါတော့လည်း ဟုတ်ပါတယ်… ညီမြင့်မိုရ်နဲ့လည်း မဆိုးပါဘူး"

"ဘာလဲ ညိုမာရာ… ငါက ကားမောင်းသင်တဲ့ကိစ္စ ပြောနေတာ"

ညိုမာကတော့ ရယ်ပြီး ကားမောင်းသင်တာလည်း အ…



ကြီးသလို ဘဝခရီးလမ်းမှာ လျှောက်လှမ်းဖို့ကလည်း အရေးကြီး တယ်တဲ့။ ဆမ်းမားကတော့ သူတို့တွေးသလို အဲဒီ ညီအစ်ကိုကို တစ်ယောက်နဲ့မှ ချစ်မယ် မတွေးမိပါဘူး…။ မေမေ့ကိုလည်း ဘယ်သူ့ကိုမှ မချစ်ပါဘူးလို့ ကတိပေးထားတာ…။

"ညီမြင့်မိုရ်က…"

"တော်ပါတော့ ညိုမာရာ… မြေပဲပြုတ်လည်းကုန် ငါလည်းပြန်ချင်…"

"ခဏာ ခဏာ… ဖုန်းကိုင်လိုက်ဦးမယ်… ပြီးမှ တံခါးပိတ် မယ်… ဟုတ်လား… ရှိတယ် ရှိတယ်… ဆမ်းမား… အခုပဲပြော အခုဖုန်းလာပြီ… ညီမြင့်မိုရ်တဲ့… နင် အသက်ရှုချောင်တာလေးလေ…"

"အသံကျယ်ကြီးနဲ့ အော်မနေနဲ့ ကြားသွားဦးမယ်"

ညိုမာတို့က စိတ်မဝင်စားရှာဘူး။ အနား ကပ်ရပ်ပြီး နားထောင်နေတယ်။

"ဆမ်းမားလား… အခု အပြင်ထွက်လို့ ရမလား… ကော်ဖီတစ်ခွက် တိုက်မယ်… စကားပြောချင်လို့…"

"မရဘူး ငါ့အမေက အိမ်ပြန်ရောက်ပြီးရင် အပြင်ထွက်တာ မကြိုက်ဘူး…"

"ဒါဆို ငါ အိမ်လာခဲ့မှာ"

"မလာနဲ့… မလာနဲ့"

"လာမှာပဲ…"

မေမေ ရှိတယ်။ မမခက်ကလည်း ရှိတယ်။ ခုချိန်ကြီး …မြင့်မိုရ် လာလည်မယ်… ပြီးတော့ ဘာတွေ ပြောမှာမှန်းလည်း …ပါဘူး။ ညီမြင့်မိုရ်ရဲ့ လေသံကလည်း နှုန်းမြင့်လွန်းတော့ မေမေ့ရှေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်ကြရရင်လည်း မကောင်း။

" မလာပါနဲ့... ဆမ်းမားတို့ နောက်လမ်းက ကော်ဖီဆိုင်ပဲ လာခဲ့... ညိုမြာနဲ့ လာခဲ့မယ် "

ညိုမြာကတော့ လိုက်ရချေသေးရဲ့ဆို သဘောတွေကျလို့ မမခက်ကို ပြောရသေးတယ်... ညိုမြာ နို့ဆီ သကြားသွားဝယ်တာ... မီနီမတ်ကို အဖော်လိုက်ပေးရမယ်လို့လေ...။ ညီအစ်မနှစ်ယောက် ထွက်လာခဲ့တော့ ဘွားဘွား အပြင်က အပြန်နဲ့ တိုးတာမှာ...။

" ညိုမြာတို့ ဘယ်လဲ "

" နို့ဆီ သကြားကုန်နေလို့ သွားဝယ်မလို့ပါ အဘွား "

မြေးချင်းအတူတူတောင် ညိုမြာ့နာမည်သာ ခေါ်တယ်... ဆမ်းမားကို စိမ်းလွန်းပါ့ရဲ့... ခိုင်းစရာ အကြောင်းပေါ်လာရင်တော့ ဆမ်းမားရေဆို့ ခေါ်ဖို့ကို သတိရကြမှာပါ...။

" ဟောတော့... တယ်မြန်... ရောက်နှင့်နေပြီ..."

ညီမြင့်မိုရ်တို့များ ဒီအချိန် အပြင်ထွက်တာတောင် အလုပြင်ထားတာ... ယောကျ်ားလေးတဲ့... ဆမ်းမားသာ ယောကျ်ားလေးဆို... ကိုကျော်မြင့်မိုရ်ရဲ့ ဝတ်စားဆင်ယင်မှုကို သဘောကျပါတယ်... အဲလိုပဲ ဝတ်မိမယ် သေချာပါတယ်။

" ဘာလဲ..."

" ဘဲရုပ်ဆိုး... နင်က ဘာဖြစ်တာလဲ... ကိုကို့ ကားမောင်းမသင်ချင်ဘူး ပြောတယ်ဆို..."

" ဟုတ်တယ် ပြောတယ်..."

" ဘာလို့လဲ "

" နင်က အမျိုးမျိုးပါလား ညီမြင့်မိုရ်... နင်ပဲ နင့်အစ်ကို



ငါနဲ့ စိတ်မချဘူးဆို... အခု ဖြစ်ရပြန်ပြီ... အခု စိတ်ချသွားပြီလား"

" စိတ်မချပါဘူး "

" ဒါဆို ဘာလို့ လာပြောနေလဲ "

ဟုက်တယ်... ဒါဆို ဘာလို့ ပြောနေရသလဲ။ မသင်ဘူး ဆိုတော့ ပိုမကောင်းပေဘူးလား။ ကားစတီယာရင်ပေါ်မှာ ဆမ်းမားလက်ကို ကိုကျော်မြင့်မိုရ်က ကိုင်လိုက်တဲ့အချိန်... တကယ် တကယ်... တကုယ့်ကို ချွေးပျံနေတာပါ... အဲလိုနဲ့ မသင်ချင် တော့တာ။

" ကိုကို စိတ်မကောင်းဖြစ်နေတယ် ဒီလိုဆိုတော့လည်း ငါမနေတတ်ဘူး "

" ဘာစိတ်မကောင်းစရာမှ မရှိဘူး... သူ့ရည်းစားနဲ့လည်း ငါမတွေ့ချင်ဘူး... တစ်မျိုး အမြင်မခံနိုင်ဘူး..."

" သူ့ရည်းစား မဟုတ်ပါဘူး... မာမီက သဘောကျတာ... ကိုကိုက မာမီ့ကြောင့်သာ ခေါ်င်းညိတ်တာ..."

" ဟုတ်လား..."

" အင်းလေ... မာမီက နင့်ကိုမေးမယ် ပြောတာပဲ... ငါကတော့ စိတ်ရှည်တာ မဟုတ်ဘူး... ငါနဲ့သင်ရင်တော့ ငါက ပြောမရရင် နင့်ကို ခေါင်းခေါက်မယ်..."

" သင်မသင်ရသေးဘူး... ခေါင်းခေါက်ဖို့က အရင်... စတော်သင်ချင်စရာပဲ..."

ညိုမြာကတော့ ညီမြင့်မိုရ်နဲ့ ဆမ်းမား ပြောသမျှ မျိုးလို့နားထောင်ရင်း ကော်ဖီတစ်ခွက် သောက်နေပါတယ်။

" နင်က ဘာလို့ ငါနဲ့မှ သင်ချင်ရတာလဲ... ငါက

www.burmeseclassic.com

www.burmeseclassic.com



စိတ်မရှည်ဘူးဆိုတာ တကယ် လက်တွေ့ နှင်းသိရက်နဲ့ ဘဲ ရှုပ်ဆိုးရယ်...”

“ နှင်းနဲ့ သင်ချင်လွန်းလို့လို့ မထင်ပါနဲ့... ကိုကျော်မြင့်မိုရ်ရဲ့ မသင်ချင်လို့သာ...”

“ ဒါဆိုလည်း မာမိုကို ပြောလိုက်... သင်တန်းမှာ သင်ပါလား...”

“ အန်တီသဘော...ပါ... ငါပြန်မယ်... အိမ်မှာ မေမေ ရှိတယ်...”

ညိုမြာက လမ်းရောက်တော့ ပြောပါတယ်။ သိပ်ချောမော ပါတယ်ဆိုမှ အရမ်းပြင်ဆင်စရာ မလိုပါဘူး... ချောရတဲ့အထဲ ပြင်ထားလွန်းတော့ မျက်စိနောက်စရာ ကောင်းသွားတာတဲ့... ဟုတ်တယ် ဟုတ်တယ်လို့ ညိုမြာ့စကားကို သဘောတကျ အားပေး ရတာပေါ့။

“ တကယ်ဆို ကိုကျော်မြင့်မိုရ်ရဲ့ အပြင်အဆင်ကမှ ကြည့်ကောင်းတာ...”

“ နှင်း... စိတ်တော့မပင်စားနဲ့နော်... နှင့်မှာ တစ်ခါမှလည်း ချစ်သူမရှိပါပဲနဲ့... တော်ကြာ နှင်က အဲဒီလူကို အသည်းစွဲချစ်နေပြီး၊ သူက သူ့မမေ သဘောကျတာ ယူသွားရင် နှင်အသည်းကွဲရမှ ငါစိုးရိမ်တယ်... အဲဒီလူနဲ့ ကားမောင်းမသင်တော့တာ ငါ အရင်းဝမ်းသာတယ်ကွာ...”

“ ငါ ဘယ်သူ့မှ မချစ်ဘူး...”

“ အဲဒါပဲ ကောင်းတယ်...”

ညိုမြာခမျာ နို့ဆီနဲ့သကြားဖိုးပါသေးလျှက် ဝင်ဝယ်ရ...



...တယ်လေ။ ညီအစ်မနှစ်ယောက် စကားတပြောပြော ပြန်လာခဲ့ကြတော့ အောက်ထပ်အခန်းရှေ့မှ ဘွားဘွား အန်တီလင်းနဲ့ မေမေတို့ ရပ်နေတာ ...ြင်ရလို့ လန့်တောင်လန့်တယ်။

“ မရွှေနှင်းတို့က သူ့သမီးကျတော့ စိတ်ပူတတ်ပါရော... ...ပတိသာထားပါ ညည်းက ငါ့ဝဋ်တွေ လည်ရဦးမှာပါ ”

ဘွားဘွားက ဒီလို ပြောပြီး တိုက်ခန်းထဲ ပြန်ဝင်သွားပါပြီ။

“ ညိုမြာ... နှင့်အန်တီနှင်းက သမီးတို့ အပြင်သွားတာ ...ိတ်ပူလို့တဲ့... မာမီကတော့ မပူပါဘူး... ကလေး မဟုတ်တာ... ...ိုယ့်ကိုယ်ကို ထိန်းကြပေါ့...”

အန်တီလင်းကတော့ သည်သို့ ပြောပြီး လှေကားထစ်တွေ ...တိုင်း ရှေကတက်နှင့်ပါတယ်။ ဘွားဘွားကတော့ မေမေ့ကို ...ူတာပါပဲလား။ မေမေက ဆမ်းမားကိုတော့ မဆူရှာပါဘူး...။

ညီမြင့်မိုရ်နှင့် ကော်ဖီသောက်တာများ မေမေသိရင်တော့ ...ူလေမလား။



◈

www.burmeseclassic.com

www.burmeseclassic.com

" သားကြီး... ဒါက ဘယ်လဲ "
" အလုပ်ထဲ သွားမယ်လေ မာမီ "
" မင်း ဆမ်းမားကို ကားမောင်းသင်ပေးရမယ် မာမီပြောထားတယ်လေ..."
" မာမီ... ဆမ်းမားက..."
" တော်တော့ သားကြီး... ဆမ်းမားနဲ့ မာမီ စကားပြောပြီးပြီ... မင်း သွားသင်လိုက်..."
အံ့သြဖွယ်ရာပါ...။
မာမီ ဘာဖြစ်ပါလိမ့်။ ကိုကိုကတော့ တွေတွေဝေဝေလေး ငြိမ်ရပ်နေဆဲ။ ညီတော့ တကယ် အံ့သြပါတယ်။ ဆမ်းမားကလည်း ကိုကိုနှင့် မသင်ချင်ဘူးလို့ ပြောတယ်။ ကိုကိုကလည်း မသင်တော့ဘူးလို့ ပြောတယ်။ မာမီက ဗွတ်အတင်းပါပဲလား...။
" သွားလိုက်..."
ကိုကိုကတော့ သွားပြီ။ ဒက်ဒီက သတင်းစာ တစ်စောင်ကို မသိချင်ယောင် ဆောင်နေတာလား။ တော်ပါပြီ ဆမ်းမားနှင့် တွေ့မှ မေးကြည့်ရမယ်...။
" သားငယ် "
" ဟုတ်ကဲ့..."



" မင်း... ဆမ်းမားကို သဘောကျသလား "
" ဗျာ..."
" ဟဲ့... မာမီမေးနေတာ... နားမလည်စရာ တစ်ခွန်းမှ မပါဘူး... ဆမ်းမားကို သဘောကျလားလို့ မေးနေတာ "
" ဟာ... ဘာများလဲလို့ မာမီရာ... သဘောမကျပါဘူး... ဟဲရုပ်ဆိုးက နာမည်နဲ့ လိုက်အောင် အရုပ်ဆိုးတယ် သားမကြိုက်ဘူး"
" သေချာလား "
" ဟုတ်ကဲ့ သေချာပါတယ် "
" အေးပါ... ဒါဆိုလည်း ပြီးရော... နောက်မှ မာမီ ရက်စက်လိုက်တာ... သားငယ်ကိုတော့ မပြောဘူး မပြောနဲ့..."
" စောရယ်... စောသား ဒီလောက် အလုကြိုက်နေတာ... ဆမ်းမားကို သဘောကျပါ့မလား... ထားလိုက်..."
ဒက်ဒီကမှ သိသေးတာ...။ မာမီ့ကို အလုပြင်ခန်းပကို ...ကိုက်ပို့ဆိုလို့ ပို့ရင်းမှ မပန်စီနှင့် တွေ့တိုင်း သားငယ်သဘောကျလားလို့ ...တာ ဘယ်တော့မှ မမေ့နိုင်...။ မာမီက သူ့ရဲ့ အလုပ်ဦးစီးမှူးတွေရဲ့ ...ရည်အချင်းကို သဘောကျရင် သားတွေ သဘောကျလား ...သလို... သူပါ သဘောကျခဲ့ရင်တော့ အတင်း ပေးစားမယ် ...င်ပါရဲ့...။
" ပန်စီက ခုတလော မာမီ့ကို ပြန်မပြောသာလို့သာ... ...ျနပ်ပုံမရဘူး... သူ့ဘာသာ ဆိုင်ခွဲဖွင့်ဖို့ ပြင်နေတာ မာမီ ...ပါတယ်... အစကက ဆမ်းမားကို အတွင်းရေးမှူးပါလို့ ...တာကိုလည်း ခံစားပုံပါပဲ... သူ့ကို မာမီက ဝတ်စုံဆိုင်မှာ ...ထားပါတယ်... တစ်နေ့... သူ့ကိုပဲ တတ်နိုင်သရွေ့ အပိုင်

www.burmeseclassic.com

www.burmeseclassic.com



လွဲပေးဖို့ထိ ညှိပေးမလို့ပါ... သူက သူ့ဘာသာ မကျေနပ်ပဲ ခွဲမယ်ဆိုလည်း မာမီ စိတ်မကောင်းရုံပေါ့..."

" ဆမ်းမားလို ဘာအရည်အချင်းမှ မရှိတဲ့ ကောင်မလေးကို မာမီ နေရာပေးလိုက်တာပေါ်မှာ တချို့ကတော့ ခံစားရမှာပေါ့... မာမီ့အနား နီးနီးကပ်ကပ် နေရဖို့ရယ်... မာမီ့ဦးနှောက်ကို လိုက်မီဖို့ရယ် မလွယ်ဘူးလေ..."

" ကိုယ့်အမေကိုယ် တယ်ညွှန်းနေပါလား..."

ဆိုင်ရောက်တော့ မာမီနဲ့ မပဲန်စီပဲ စကားတွေ ပြောနေကြ တာမို့ ဝတ်စုံတွေ ရောင်းတဲ့ ပြခန်းဘက်လျှောက်ခဲ့တယ်...။ မှန်ထဲမှ သတို့သမီးလောင်းက လှပစွာ ဝတ်ဆင်ကြည့်နေတာ... ချစ်သူက လည်း ပြုံးလို့ သဘောကျနေကြတယ်။

လက်ထပ်မယ့် ကောင်မလေးက အသားဖြူဖြူလေး သွယ်သွယ်လျလျလေး ကြည့်ကောင်းသား။

ဘဲရုပ်ဆိုးသာဆို ခုလောက်လှမယ် မထင်...

ဘယ့်နှယ်... ဒီ ဘဲရုပ်ဆိုးက အတွေးထဲ ပါလာရပါလိ

ဘဲရုပ်ဆိုး မလှတာကို... သူ့သတို့သား ပူပန်လိမ့်မယ် ညီနဲ့ ဘာဆိုင်တာလိုက်လို့...။

" ဟဲ့... ညီမြင့်မိုရ် "

ရင်းရင်းနှီးနှီး ခေါ်သံကြောင့် ကြည့်မိတော့ ကျောင်းတုန်း သူငယ်ချင်းပါလား။ သိတ်ချိုဆိုတဲ့ ဒီကောင်မလေးတော မင်္ဂလာဆောင်တော့မတဲ့...။ နင်ကော မစွံသေးဘူးလား ညီမြင့် ဆိုတော့လည်း... ရယ်နေရတော့တာပါလား။

" နင့်အတွက် မနှင်းဖြူလေး မမွေးသေးဘူးလား "



ညီ့ကို မေးသွားသေးတယ်...

ညီ အလှကြိုက်လွန်းလို့... ကမ္ဘာပေါ်မှာ အလှဆုံးဆိုတဲ့ မနှင်းဖြူလေးနဲ့မှ ယူမှာလားဆို အတန်းဖော် သူငယ်ချင်းတွေ အမြဲတမ်း ခဲ့နောက်ခဲ့ကြဖူးတယ်လေ...။

အဖြူဆွတ်ဆွတ် ဇာအထပ်ထပ်နဲ့ ချုပ်ထားတဲ့ သတို့သမီး ဝတ်စုံလေးကို မြင်တော့ ညီ့ရဲ့ မနှင်းဖြူလေးအတွက်ဆို လှမှာလို့ အတွေးနဲ့ ပြုံးရတယ်...။ ကိုယ်လုံးပေါ် မှန်ကြီးထဲမှာ... ဘဲရုပ်ဆိုး ရပ်နေခဲ့ရင်များ...။

မာမီက ထူးဆန်းစွာ ဘဲရုပ်ဆိုးကို သဘောမကျဘူးလားတဲ့။ ကော်သေးတာက ညီ့ဆန္ဒကို မေးပေလို့... မာမီ့ စိတ်အရဆို တောင်းလက်ထပ်ရမယ်ဆို ငြင်းရခက်နေမယ်... ဘဲရုပ်ဆိုးနှင့် ဆိုရင်တော့ မရရအောင် ငြင်းရတော့မှာပါပဲ မနွေဦးခင်ရယ်...။

နွေဆိုတဲ့နာမည်အတိုင်း အဲဒီ ကောင်မလေးနဲ့ ဖူးစာဆုံရတဲ့ ယူကတော့ ပူပူလောင်လောင် အခြေအနေကိုရမှာ အသေအချာပါပဲ။

◈

www.burmeseclassic.com

www.burmeseclassic.com

" မွေဦး... ကားမောင်းနေတုန်းမှာ စိတ်ငြိမ်ဖို့ အရေး အကြီးဆုံးပဲ... ဒီနေ့တော့ ဒီလောက်ပဲ မောင်းစို့... အချိန်လည်း မရှိဘူး... အလုပ်ပြန်ကြရဦးမှာ..."

ကိုကျော်မြင့်မိုရ် စိတ်ဆိုးနေတယ် ထင်ပါရဲ့... ဆမ်းမား သူနှင့်ဆို ကားမောင်းမသင်ချင်ဘူး... ညီမြင့်မိုရ်နဲ့ပဲ သင်မယ်လို့ ပြောခဲ့တာကိုး။ အန်တီကတော့ ကိုကျော်မြင့်မိုရ်က အလုပ်လုပ်ရ စိတ်ရှည်ပြီး အေးဆေးသည်းခံတတ်တယ်... "ညီမြင့်မိုရ်ကတော့ စိတ်မြန်လို့ပါ... ကိုကျော်မြင့်မိုရ်နဲ့ပဲ သင်လိုက်ပါ...။ မနီလာ ဘာပြဿနာမှ မရှိစေရဘူးတဲ့လေ...။

" ကိုကျော်မြင့်မိုရ် "

" ဟင်..."

" စိတ်ဆိုးနေတာလား "

" မဆိုးပါဘူး "

" မညာပါနဲ့..."

" စိတ်မဆိုးပါဘူး... စိတ်မကောင်းတာပါ..."

" ဆမ်းမားက ဆမ်းမားက... ကိုကျော်မြင့်မိုရ်အပေါ် ပြောတာပါ... မနီလာသိရင် စိတ်ဆိုး စိတ်ကောက်တဲ့အခါ ကိုကျော်မြင့်မိုရ် စိတ်ညစ်ရမှာ စိုးရိမ်လို့ပါ... ညီမြင့်မိုရ်နဲ့ ဆမ်းမား



အမြဲရန်ဖြစ်နေတာ... အဆင်ပြေလို့ မဟုတ်ပါဘူး..."

" မာမီက သင်ပေးလိုက်ဆိုလို့..."

" အန်တီသင်ဆိုလို့ သင်ရတာ... စေတနာမပါဘူးလား"

" ဘယ်သူ့အပေါ်မဆို စေတနာထားပါတယ် "

" ဒါဆို ဆမ်းမားကို မုန့်လိုက်ကျွေး... ဗိုက်ဆာနေပြီ... ဒီနေ့ ကိုကျော်မြင့်မိုရ် မလာဘူး မှတ်ပြီး ဘာမှ မစားသေးပဲ မမခက်ကို ကူနေတာ..."

" ဘာစားမလဲ... စားချင်တာ စားပါ... ဒါပေမယ့်..."

" ဒါပေမယ့် ဘာဖြစ်လဲ..."

" နာမည်အပြည့်အစုံခေါ်တော့ နားထောင်ရဆိုးတယ် "

" ကိုကိုလို့ ညီမြင့်မိုရ်ခေါ်သလို မခေါ်ချင်ပါဘူး... ကိုမိုရ်လို့ ခေါ်ရမလား "

" ညီ့နာမည်မှာလည်း ပါတယ် "

" သူက ညီပဲဟာ..."

" ကောင်းပြီလေ... ခေါ်ပါ..."

အရင်တစ်ခါ သွားစားတဲ့ဆိုင်ပဲ သွားလိုက်ကြတယ်...။ ဆမ်းမား ဒီတစ်ခါတော့ ဗိုက်ဆာနေတာမို့... အုန်းနို့ခေါက်ဆွဲကို ပုံးစံအတိုင်း ဝအောင် စားတော့တာ...။

" ညီပြောတာ ဟုတ်တယ်... မွေဦး မတည့်တဲ့အစာကို များများကြီး စားတယ်တဲ့..."

" ဆမ်းမားမှာ ဘာရောဂါမှမှ မရှိတာ..."

" အခုတော့ မရှိဘူးပေါ့... နောက်ရှိလာတော့ ဘေး မှာရှိနေတဲ့ အဖော်က ရင်ပူစိုးရိမ်ရမှာပေါ့..."

www.burmeseclassic.com

www.burmeseclassic.com



" မရှိပါဘူး "

" ဘာလို့မရှိရမှာလဲ... မနက်ဖြန်ဆိုတာ ပြောနိုင်လို့လား"

" ဘဲရုပ်ဆိုးပါဆိုမှ..."

ဆမ်းမား ဒီလိုပြောပြီး ရယ်ရတယ်။ ညီမြင့်မိုရ်ခေါ်နေကျ ဘဲရုပ်ဆိုးလေ...။ ညီမြင့်မိုရ်ခေါ်ရင်တော့ ဆမ်းမား စိတ်ဆိုးမိပေမယ့် နောက်ကွယ်ကျရင်တော့ အဲဒီနာမည်ကို သဘောကျသလို ဖြစ်နေရပါပြီ... နုနုတို့ စုစုတို့ ချိုသဲတို့ကလည်း တကယ့်ကို လှပါတယ်။ ညီမာတောင်မှ ဆမ်းမားထက်လှသေးတာ။

" နွေဦးက လှပါတယ်... နွေဦးအလှက သေချာကြည့်မှ မြင်ရတာ..."

" ခုနက ကိုမိုရ်ပြောတော့ အုန်းနို့ခေါက်ဆွဲက ကိုမို့ ကျွေးမှာဆို..."

" ကျွေးမှာပါ..."

ကိုမိုရ် အကျႌမီးခိုးရောင်လေးကို လက်ကြယ်သီးတပ် ဝတ်ထားပြီး ဘောင်းဘီ အနက်နဲ့မို့ အပြင်အဆင်က သိပ် ငြိမ်သက်လွန်းပါတယ်။ ညီမြင့်မိုရ်နှင့်တော့ တခြားစီပါပဲ။ ဒီ ညီမြင့်မိုရ်က ဘယ့်နယ် ရောက်ရောက်လာရပါလိမ့်...။

" နွေဦး ဉာဏ်ကောင်းတယ်... ကားမောင်းသင် ဘယ်နှစ်ရက်မှ မရှိသေးဘူး... အတော်မောင်းနိုင်နေပြီပဲ..."

" ဉာဏ်ပါထုံနေရင်တော့ သွားရောပေါ့ ကိုမိုရ်ရယ်..."

" မာမီက နွေဦးကို ဝတ်စုံအရောင်းပြခန်းဘက် လာပို့... နွေဦး အလုပ်တွေမှာ အတော်စိတ်ဝင်စားနေပြီလား "

" အမှန်အတိုင်းပြောရရင်တော့ ကိုမိုရ်ရယ်... ဆမ်းမား



ခြံထဲမှာပဲ ပျော်တယ်... ခြံထဲရောက်ရင်ကို စိတ်က ပျော်လာတာ... ပွင့်နေတဲ့ ပန်းတွေကို မြင်ရရင်ကို စိတ်မှာ ပျော်လာတာ... ကျန်တဲ့ လုပ်ငန်းတွေတော့ ဆမ်းမား ဒီလောက် စိတ်မဝင်စားလှပါဘူး... အန်တီကတော့ တကယ်တော်တာ... အန်တီ့ကို ဆမ်းမား လုံးဝ မမီနိုင်ပါဘူး..."

" ဒီလိုပေါ့... တဖြည်းဖြည်း လေ့လာပေါ့..."

ကိုမိုရ်က အခုဆို ဆမ်းမားကို ကားမောင်းခိုင်းချင်နေပါပြီ။ ခုချက်ချင်းတော့ ဆမ်းမား မမောင်းရဲသေးပါဘူး။

" နွေဦး "

" ရှင် "

" မနက် စောစောလာခဲ့မယ်... ဘာမှမစားခဲ့နဲ့... အတူ စားမယ် ဟုတ်လား "

" ဟုတ်ကဲ့..."

" မာမီရှိမှာပါ... ကိုကို သွားမယ်နော် "

ပြခန်းရှေ့ထိ ကိုမိုရ်က ပို့ပေးခဲ့ပါပြီ။ ပြခန်းထဲမှာ အန်တီ ရှိမရှိ ကြည့်မိတယ်။

" ဆမ်းမား..."

" ဟယ်... ညီမြင့်မိုရ်..."

" နင့်ကတိရှိတယ်နော် "

" ငါသိတယ်... စိတ်တိုလာအောင် မပြောနဲ့ နှစ်ခါသုံးခါ မပြောနဲ့... ငါနားလည်တယ်..."

အဲလိုပြောလိုက်မှ... ဒါတောင် မျက်နှာက မယုံချင်သေးဘူး။ အန်တီ့အနား ရောက်တော့ မပဲန်စီနဲ့ စာရင်းတွေအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာမို့ ငြိမ်နားထောင် နေလိုက်ရတယ်။

" ညီမအငယ်က ခေါ်နေတာ ကြာပါပြီ... ပဲန်စီက သွားမယ်... သွားမယ်နဲ့ မရောက်လို့ပါ... အခုဆို လှအေးသွယ်ကလည်း ဆိုင်ကို အတော်နိုင်နေပါပြီ..."

" ရပါတယ်... ပဲန်စီ သိပ်သွားချင်နေရင်တော့ လွှတ်ရမှာပေါ့... ကိုယ့်တစ်ဘက်တည်း ကြည့်လို့လည်း မဖြစ်ဘူးလေ... ရတယ်... ပဲန်စီ့နေရာအတွက် အန်တီ့ဘာသာ ရှာလိုက်ပါမယ်..."

မပဲန်စီ အလုပ်က ထွက်တော့မှာလား။ ဘာလို့ပါလိမ့်။ ဆိုင်က အပြန်လမ်းမှာတော့ အန်တီက ဆမ်းမားကို ပြောပါတယ်... လူတစ်ယောက်မှာ ကျဆုံးချင်လာရင် စိတ်ဓာတ်မှာ မနာလိုခြင်းတွေနဲ့ ပိလာတတ်တယ်တဲ့။

" မပဲန်စီက ဘာလို့လဲဟင် "

" သူတို့တွေက လှေကားကို တစ်ထစ်ချင်း မတက်ချင်ကြဘူး ဆမ်းမား... အဲဒါ သူတို့ရဲ့ အမှားပဲ... အန်တီ ခုလောက် အခြေအနေထိ ထတ်ကျွမ်းလာတာဟာ တစ်စတစ်စ ကြိုးစားခဲ့ရတာ... ဝုန်းခနဲ ထတောက်ချင်ရင် ကောက်ရိုးမီးလို ခဏနဲ့ ငြိမ်းတော့တာပေါ့... ခက်ပါတယ်... ဆမ်းမားရော... အန်တီ့လုပ်ငန်းတွေမှာ ဘယ်လုပ်ငန်းကို သဘောကျလဲ..."

" ပန်းခြံကိုပဲ သဘောကျပါတယ်... စိတ်အေးချမ်းတယ် အန်တီ... ပန်းပွင့်လေးတွေ ဖူးလာပွင့်လာရင် သိပ်ပျော်စရာကောင်းတာပဲ... အန်တီ့အလုပ်ထဲမှာ ဆမ်းမား အဲဒီပန်းခြံကို အကြိုက်ဆုံးပါပဲ..."

" ကျန်တဲ့လုပ်ငန်းတွေကိုရော ဦးစီးမလုပ်ချင်ဘူးလား "



" အမှန်အတိုင်းပြောရရင်... မလုပ်ချင်ပါဘူး... အလှပြင်တာကဆို ဆမ်းမားနဲ့ ပိုတောင် ဝေးပါတယ် "

ကျောက်ပျဉ်တစ်ချပ် သနပ်ခါးတစ်တုံးပဲ ရှိပြီး မမခက် ဝယ်ပေးလို့ ကရင်ပတ်ဖ်ဘူးလေးပဲ ရှိတဲ့ ဆမ်းမားက နှုတ်ခမ်းနီတောင် မဆိုးတတ်ပါပဲ အဲဒီ အလှပြင်နည်းတွေ အစုံရှိတဲ့ ဆိုင်ကြီးကို ဘယ်လို ဦးစီးပါ့မလဲ...။ အန်တီကတော့ ဆမ်းမားပြောသမျှ ရယ်နေတော့တာပါပဲလေ။

မင်္ဂလာဝတ်စုံတွေကျတော့လည်း ဆမ်းမားက မြန်မာဆန်တာလေးတွေ နှစ်သက်ပေမယ့်... အလှအပမှ မမြင်တတ်တဲ့လူ ကြည့်တဲ့ဝတ်စုံက ဘယ်လို လှမတဲ့လဲ...။

" ပန်းပင်ကတော့ ဆမ်းမားကို သစ္စာရှိမှာ အန်တီ... ဒီပန်းကို ပျိုးပြီး မြေသြဇာ ဆေး အကုန် သေချာကျွေး လိုသမျှ ရေ လေ မြေနဲ့ ဂရုစိုက်ရင် ဒီအပွင့်ပဲ လှပသန့်စွမ်းစွာ ပွင့်မှာ... ဟိုလို အလှအပတွေက ဆမ်းမားမှ မကြည့်တတ်ရင် ကောင်းမှာမဟုတ်ဘူး..."

" ဒီလုပ်ငန်းတစ်ခုကိုပဲ ဆမ်းမားကို ထားတော့မယ် ဘယ်မှာနေမလဲ "

" ခြံထဲမှာ ဒေါ်လေးစန်းနဲ့ နေပါမယ် "

စိတ်ထဲရှိတဲ့အတိုင်း အမှန်ပြောတာပါ။

အန်တီက ကားမောင်းတာ ဘယ်လောက်ရနေပြီလဲ ကိုမိုရ်က... စိတ်ရှည်စွာ သင်ပေးရဲ့လားတဲ့...။ ညနေမှာတော့ အိမ်မှာ ထမင်းစားပြီးမှ ဆမ်းမား ပြန်ရမတဲ့လေ။

" ထမင်းစားရမယ် "

www.burmeseclassic.com

www.burmeseclassic.com



" ဘာလို့လဲ... နောက်ကျရင် နှင်းနှင်းက ဆူမလား "

" ရပါတယ်... မေမေ့ဆီ ဖုန်းဆက်ပြီး အန်တီနဲ့ ညစာ စားရမှာမို့လို့လို့ ပြောရင် ရပါတယ်..."

ပြောသာပြောရတယ်။ ညအပြန်ကျရင် မေမေ ဘာပြောဦးမယ် မသိနိုင်။ မေမေက နဂိုရ်ကမှ ဆမ်းမားကို စိတ်ချလို့... ဘယ်မှာမှ အလုပ်မလုပ်ခိုင်းတာ။ အခုအလုပ်လည်း မေမေ နှစ်သက်လှတယ် မဟုတ်ဘူးလေ...။

◈

ဘဲရုပ်ဆိုးကိုများ... ညနေစာ အတူလာစားခိုင်းသတဲ့...။ တကယ်ဆို အိမ်ပြန် ရေမိုးချိုး ပြင်ဆင်ပြီးမှ ခေါ်လာရင်တောင် လှမှာမဟုတ်တဲ့ ဘဲရုပ်ဆိုးကို အပြန် ဒီအတိုင်း ခေါ်လာသတဲ့...။ မျက်နှာမှာ ဘာသနပ်ခါးမှ မရှိ... မိတ်ကပ်ကတော့ ဝေးပြီပေါ့... မျက်နှာပြောင် အတိုင်းပါပဲ။

" နင့်ကို ငါ အလှပြင်ပေးရမလား..."

" သားးငယ်..."

" ဘဲရုပ်ဆိုး... မနက်စောစောတောင်မှ မလှတာ..."

" သားငယ်ရေ... ခင်မင်လို့ နောက်တယ်ဆိုတာ တရား လွန်လာရင် မကောင်းဘူးလို့ ဒက်ဒီ ပြောထားတယ်လေ "

" ငါလည်း အိမ်ပြန်ရေမိုးချိုးပြီးမှ လာမလို့ပါ... အန်တီက အခုပဲ လိုက်ခဲ့ဆိုလို့..."

" ညီကလည်း နွေဦးကိုပဲ 'နောက်နေတယ် "

ဘယ်က နောက်ရမှာလဲ။ တကယ်ပြောတာ...။ ဒါပေမယ့် ဒက်ဒီနဲ့ မာမီက ဒီထက်ပိုပြောရင် ဆူမှာ စိုးရိမ်လို့သာ ငြိမ်နေရတယ်။

" ပဲန်စီနေရာမှာ... ဝေဝေ့ကို ထားလိုက်မယ် ကို..."

" စောသဘောပေါ့ စောလုပ်ငန်းကို စောပဲ နားအလည်ဆုံး မဟုတ်လား "

www.burmeseclassic.com

www.burmeseclassic.com



" ဒက်ဒီက အမြဲ စောသဘော စောသဘောပဲ ကြားနေရတယ်... ကိုကိုဆိုရင်လည်း နီလာ့သဘော နီလာ့သဘောချည်းပဲ ကြားရမယ် ထင်ပါရဲ့..."

ကိုကို့မှာ မမနီလာရှိဘယ်လို့ တမင်ပြောတာ။ မာမီ ဒီညသာ ဆမ်းမား ထမင်းစားမယ်မှန်းသိရင် မမနီလာကိုပါ ဖိတ်သင့်တာ ဆမ်းမားနဲ့ မမနီလာ တစ်ခါမှ မတွေ့ရသေးဘူးနော်လို့ ညီပြောမိပါပြီ။ ကိုကိုက ညီ့ကို မကြည့်မလင် လှမ်းကြည့်တာ မြင်သားပဲ။ မမနီလာ အကြောင်း ပြောပေးရမယ်လေ။ ဒါမှ ကိုကိုတစ်ယောက် သူ့မှာ မမနီလာရှိတယ်ဆိုတာကို မမေ့မှာပေါ့။

" ဆမ်းမား ပြန်မယ်ဆို သားကြီး ပြန်ပို့ပေးပါ... မာမီ အရေးကြီးတဲ့ဖုန်းဆက်စရာရှိလို့ပါ..."

" ဆမ်းမား ပြန်တော့မှာပါ... အန်တီ အန်ကယ်ပြန်ပါဦးမယ်..."

" ကိုကို... ညီလည်း ကားလိုက်စီးမယ်..."

" သားငယ် လိုက်သွားမလို့လား "

" ဟုတ်ကဲ့ "

ဘယ်ရမလဲ။ သူတို့နဲ့ လိုက်ကြည့်ရမယ်။ ဒါမှ သူတို့ နှစ်ယောက် စကားပြောတာ ကြည့်ရင် အခြေအနေ သိနိုင်တာပေါ့။ ရင်ထဲမှာ ခံစားချက်တွေ ရှိလာပြီဆို မျက်နှာတို့ မျက်လုံးတို့တွေက ဖုံးကွယ်ထားလို့ ရတာမှ မဟုတ်တာပဲ...။

ကိုကိုများ ကားမောင်းမလား မှတ်တာ... ကိုကိုက ကားမောင်းရင် ဘေးမှာ ညီဝင်ထိုင်လိုက်မယ်။ ဆမ်းမားက နောက်မှာ ထိုင်ပေါ့။ ဒီလိုမျိုး ထင်ထားတာ...။ အခုတော့ ကိုကို အတော်



လည်ပါလား။

" နွေဦးမောင်းလိုက်... ကိုယ် ဘေးက ထိုင်ကြည့်ပေးမယ်... ညီ နောက်ခန်းမှာ သွားထိုင်ချေ..."

တွေ့လား။ ကိုကို အတော်ကြီး လူလည်ကျသွားပါရော...။

ဆမ်းမားကလည်း ကားမောင်းသင်တာ မကြာသေးဘူး... အတော်တော့ မောင်းတတ်နေပါပြီ။ ကိုကိုက ကားအတော်ရှင်းတဲ့ လမ်းမျိုးတွေကနေ မောင်းခိုင်းသလို... ကားနှစ်စီးကြားဝင် ဘ လွှတ်မလွှတ်ကအစ... သေချာရှင်းပြနေပြန်တာ...။

" ကိုမိုရ်... ရှေလမ်း ချိုးရမလား "

" အင်း... ချိုးလေ..."

ကိုကိုလို့ ခေါ်လိုက်တာမျးလား...

ဟုတ်မှာပါ... နားထဲမှာ ကိုကိုလို့ ကြားလိုက်သလိုပါပဲ...။ ညီကတော့ အစ်ကိုမို့ ကိုကိုခေါ်တာ။ ဆမ်းမားက ကိုကိုလို့ မခေါ်သင့်ပါဘူး...။ မမနီလာ သိသွားရင်လည်း မကောင်း ကိုကိုကလည်း ခေါ်ခိုင်းတာ နေမှာပါ... ကိုကိုခေါ်ခိုင်းလည်း ဆမ်းမားက မခေါ်သင့်ပါဘူးကွာ... ခက်တာပဲ။

◎

www.burmeseclassic.com

www.burmeseclassic.com

" မိသားစု ထမင်းဝိုင်းမှာတောင် အတူစားနေရပြီလား... ဒါဆိုပြော... သမီးကြီးလုပ်မလား... သမီးလေး လုပ်မှာလား "

" ညီမှာ... မနောက်နဲ့နော်... အဲလိုမျိုး ပြောနေမယ်ဆိုရင်... နောက် ဘာကိုမှ နင့်ကို ပြောမပြဘူး..."

ဆမ်းမားမှာလည်း ရင်ဖွင့်စရာဆိုလို့ ညီမှာတစ်ယောက်ပဲ ရှိတယ်လေ...။ ဒါကြောင့် ညီမှာနှင့်သာ စကားပြောလို့ ကောင်းတာပါ။ အန်တီလင်းကြီးကလည်း... အိမ်မှာ မရှိလေတော့ ညီမှာနှင့် အတူနေ စကားတွေပြောနေမိတာ။ မေမေကလည်း ဆမ်းမား အပြင် သွားမယ်ဆို မကြိုက်ပေမယ့် ညီမှာနှင့် အောက်ထပ်ဆင်း မုန့်စား စကားပြောရင်တော့ ဘာမှမပြော...။

" နင်... မနီလာဆိုတဲ့ အမျိုးသမီးကို တွေ့ဖူးပြီလား "

" မတွေ့ဖူးပါဘူးဟယ်..."

" ဒေါ်စောသီရိကို နင်က မနီလာ အထင်လွဲမှာစိုးရိမ်လို့ ကားမောင်းတာကို ညီမြင့်မိုရ်နဲ့ပဲ သင်ချင်တယ်ဆိုတော့ ဘာပြောလဲ..."

" အန်တီက သူမိုင်းတဲ့ အလုပ်တစ်ခုကို မငြင်းဆန်ပါနဲ့... ဖြစ်လာရင် သူရှင်းတတ်လို့ ခိုင်းတာပေါ့တဲ့..."

" ဒါနဲ့ပဲ ယောက္ခမကြီးစကား နားထောင်လိုက်တယ် ဆိုပါတော့ "



" ညီမှာ... နင်နော်... တော်ပြီ... ငါပြန်ပြီ "

" မရဘူး... မရဘူး... အလကား နောက်နေတာ... မပြန်ရသေးဘူး..."

ဆမ်းမားလက်ကို အတင်းဆွဲထားပြီးတော့ မေးသေးတယ်...

" နွေဦးလေးကရော... ကိုမိုရ်နဲ့ဆို ရင်မခုန်ဘူးလား "

" သူ့မှာ ပိုင်ရှင်ရှိတယ်လို့ အမြဲ တွေးထားတယ်..."

" ဒါဆို ပိုင်ရှင်မရှိတဲ့ သူနဲ့ပဲ ရင်ခုန်မယ်ပေါ့ "

" ရန်ဖြစ်ရလွန်းလို့ ရင်ခုန်ဖို့ သတိတောင်မရဘူး အေးအေးနေပါ... ဆမ်းမားကို မြင်ရင်ကို ကတိနော် ကတိနဲ့... ကြည့်လို့ကို မရတာ "

" အဲလိုမျိုး သူ့အစ်ကို့ကို တွန့်တိုနေတာက... ဆမ်းမားလေးကို မပေးနိုင်လို့လည်း ဖြစ်နိုင်ပါတယ်..."

" ညီမှာရယ်... နင့်မှာ သူတို့နှစ်ယောက် အကြောင်းပဲ ပြောစရာရှိလား..."

" နုနုကတော့ ညီမြင့်မိုရ်အကြောင်း သိပ်ပြောတယ်... ဆိုင်ကို နေ့တိုင်းလာတာ... ပြင်ဆင်လာပုံကို ကြည့်လို့ မရိုးနိုင်ဘူးတဲ့... ဆမ်းမားလိုသာ အနားမှာ နေရရင် ဘယ်လောက် သဘောကျ နေမလဲ..."

" ညီမြင့်မိုရ်ကိုများ..."

" ဒါဆို ကိုမိုရ်ကိုပဲ သဘောကျတယ်ပေါ့..."

" ညီမှာ..."

" ဆမ်းမားရေ... ဆမ်းမား "

" မမခက်ပါလား... ဘယ်သွားမလို့လဲ မရဘူး...

www.burmeseclassic.com

www.burmeseclassic.com



ငါပြန်မယ် ညီမှာ..."

တံခါးဝမှာ မမခက်ရောက်နေပြီးတော့ အပေါ်မှာ ဧည့်သည် ရောက်နေတယ် ဆမ်းမားတဲ့... ဧည်သည့်ဆိုတာနှင့် ရင်ထိတ်သွားပြီ။ ညီမြင့်မိုရ်များလား...။ အိမ်ပြန်ရောက်တော့ ထင်တဲ့အတိုင်း ညီမြင့်မိုရ်က ဧည့်ခန်းမှာ ထိုင်နေတယ်။ အနားမှာ မေမေလည်း ရှိနေပါလား။ ဘာတွေပြောနေပါလိမ့် စိတ်ပျက်မိတယ်။

" အပြန်ကျရင်ကော... မိုး အရမ်းချုပ်နေမလား..."

" အန်တီနှင်း စိတ်မပူပါနဲ့... ကျွန်တော် ပြန်ပို့ပေးမှာပါ"

" မေမေ... ဆမ်းမား အလုပ်သွားကာပဲ... သွားပါစေ..."

မမခက်ဝင်ပြောပေးမှ မေမေ ဘာမှ မပြောတော့တာပါ...။ ကားပေါ်ရောက်တော့ ညီမြင့်မိုရ်ကို မေးရပြီ။

" အန်တီက ဘယ်ဆေးရုံမှာလဲ "

" အိမ်မှာ..."

" ဘာ..."

" တအားမအော်စမ်းပါနဲ့ ဘဲရုပ်ဆိုးရာ... နှင်ဟာ ရုပ်က လည်း မလှ မိန်းကလေးတစ်ယောက်လို သိမ်သိမ်မွေ့မွေ့လည်း မရှိနဲ့... ဆေးခန်းလည်း ပြပြီးပြီ... ဆေးလည်းသောက်ပြီးပြီ... မာမီ့ကို ကြည့်ပြီးတော့မှ နှင့်ကို ခုလို ပြောပြီး ခေါ်မယ်လို့ သတိရတာပါ... စကားပြောချင်လို့ "

ညီမြင့်မိုရ်ဟာ အတော်စိတ်ပျက်ဖို့ ကောင်းပါလား။ ဘာပြေ ဦးမှာလဲ...။

" ကော်ဖီတစ်ခွက်သောက်ပြီးရင် ပြန်ပို့ပေးပါမယ်..."

" နှင်ဘာပြောမှာလဲ "



" ကိုကို့ကို ကိုကိုလို့ နှင်မခေါ်သင့်ဘူး "

" ဘယ်မှာခေါ်လို့လဲ... အဲဒါက အရေးကြီးနေသလား..."

" ကြီးတယ်..."

" ငါ့ဘာသာ ဘာခေါ်ခေါ်... ပြန်မယ် ညီမြင့်မိုရ်... နှင့်ကို တစ်ခုကြိုပြောမယ်... အန်တီကိုယ်တိုင်က ကိုမိုရ်ရဲ့ ကားမောင်း သင်ခွင့်ပေးသွားတာ... နှင့်အလုပ်တွေလည်း ငါစိတ်မဝင်စားဘူး... နှင်ဘာဖြစ်လို့ ကိုမိုရ်ရဲ့ ငါ့ကို သိပ်စိတ်ပူနေလဲ..."

" နှင် နောက်ကျရင် စိတ်ညစ်မှာ စိုးရိမ်လို့ပါ..."

အပြောကတော့ ကောင်းနေတာပါပဲ။ ဒါပေမယ့် ဒီလောက် ပူပန်မနေပါနဲ့။ ကိုမိုရ်နှင့် ဆမ်းမား ရိုးသားစွာ ခင်မင်တာလို့ပဲ ပြောလိုက်တယ်။ မေမေကတော့ ပြောတော့မှာပါပဲ...။ စိတ်ညစ်ညစ်နဲ့ ပြန်လာခဲ့မိတယ်။ ထင်သည့်အတိုင်း မေမေကတော့ ပြန်လိုက်ပို့သည့် ညီမြင့်မိုရ်လည်း ပြန်ရော ပြောပါလေရော...။

" အဲဒီအလုပ်က ထွက်လိုက်ပါတော့လား... မေမေ ပေးသောမကျပါဘူး... ကြာရင် အဲဒီကောင်လေးတွေနဲ့ ခင်မင်လွန်း တော့မှာ... အခုပဲကြည့် အလုပ်က ပြန်လာပြီးလည်း နောက်တစ်ခါ ဘာခေါ်လို ခေါ်..."

" မေမေရယ်... ခက်တို့လည်း အချိန်ပိုဆင်းရတာပါပဲ... မေမေ သိပ် စိတ်ပူလွန်နေပြီ နှလုံးသားကိစ္စဆိုတာ... ဘေးက ထိန်းသိမ်းပေးရုံပဲ ရပါမယ်... သူ့ကလေးတွေနဲ့ သူပါ... ခက် ပြောခဲ့သလို ဆမ်းမား သူ့ဘာသာ ထိန်းရမှာ..."

မေမေ့ကို မမခက် အနားမှာ ပြောနေလို့သာပါပဲ။

မေမေကတော့ ဆမ်းမားကို အရမ်းစိတ်ပူနေကာလေ။

www.burmeseclassic.com

www.burmeseclassic.com



မေမေ့လို အိမ်ထောင်ရေး ကံမကောင်းမှာ စိုးရိမ်တယ် ဆိုတာကလည်း ပြောနေကျပါ...။ အန်တီစောသီရိနဲ့ အလုပ်လုပ်ရတာတော့ မဆိုးပါဘူး။ ဆမ်းမားအပေါ်မှာ အလုပ်နားမလည်မှုန်းသိပါလျှက် နေရာပေးဂရုစိုက်ရှာတာပဲ မဟုတ်လား...။ မေမေ အလုပ်ထွက်စေချင်သလိုတော့ ချက်ချင်း အလုပ်မထွက်ချင်ပါဘူး။

◈

ကိုကိုကတော့ အချိန်မှန်သွားနေတော့တာပါ...။ အိမ်ကနေ ...င် ဘာမှ စားမသွားတော့ပါဘူး။ ဆမ်းမားနဲ့ အပြင်မှာ ...ယ်ထင်ပါရဲ့... စိတ်မှာ သောကတစ်ခု ဖိစီးနေသလို နေလို့ကို ...လား...။ လက်ဖက်ရည်ဝိုင်းမှာတော့ စိတ်ထဲမှာရှိနေတော့လည်း ...ိုင်စွာ မေးရပါပြီ။

" မာမီ... ဆမ်းမားနဲ့ ကိုကို့ကို ဘာလို့ ဒီလောက် ...ိနေခွင့် ပေးတာလဲ... မမနီလာ ခုတလောလည်း အိမ်မလာဘူး... ...ကကော..."

" သားငယ်လေး ခုလိုမျိုး စိတ်ပူပန်တာ ဒီတစ်ခါတော့ ...ာတွေ့ရပြီနော် ကို "

" ဒါကတော့ စောရယ်... ရင်ထဲပူတယ်ဆိုတည်းက..."

ဒက်ဒီနှင့် မာမီက ညီ့ကို ကြည့်ပြီး ရယ်နေပါသေးတယ်။

" ကဲ... မောင်ညီမြင့်မိုရ်လေး... ရင်ထဲရှိတဲ့အတိုင်း ...ဝန်ခံနော်... ဝန်မခံရင်တော့ မာမီက ကိုကိုနဲ့စီစဉ်လိုက်မှာ... ...း ကို သဘောကျသလား... လက်ထပ်မလား..."

" ဗျာ..."

မာမီ့အမေးကို ဒက်ဒီက အမှန်ဖြေနော်... အမှန်ဖြေ... ...လိုက်ရင်တော့ နောက်မှ နောင်တရလို့ မရတော့ဘူးတဲ့...

www.burmeseclassic.com

www.burmeseclassic.com



" ညီ မစဉ်းစားရတော့ဘူးလား "

ဒီလိုလည်း ပြောရော ဒက်ဒီကဆို အားပါးတရကို ရယ်တော့တာပါပဲ။ စောရေ ဘယ့်နှယ်... ယောကျ်ားလေးက စဉ်းစားဦးမယ် ဆိုပါလားတဲ့။ ညီ မစဉ်းလို့ရမလား။ ဒီမျှ ရုပ်ဆိုးတယ် ညီကိုယ်တိုင် ဘဲရုပ်ဆိုးလို့ ခေါ်တဲ့ ကောင်မလေးနဲ့ လက်ထပ်ရ ညီက စိတ်ကူးယဉ်တယ် ပြောပြော... ညီ ဘဝခရီးဖော်ဟာ ညီ လှပခြင်းအပေါ်မှာ မြတ်နိုးစေချင်တာမျိုးပါ။ လှပတဲ့ ကောင်မ တစ်ယောက်နှင့်သာ လက်တွဲရမယ်လို့ ယုံကြည်ခဲ့တာကိုး...။

" ကဲပါ စဉ်းစားချင်လည်း မာမီ သုံးရက်အချိန်ပေးမ သား ငြင်းရင်တော့ မင်းကိုကိုကို မေးရမယ် "

" ဟင် မမနီလာကရော "

" ဒါက မာမီ့ကိစ္စပါ... မင်းသာ သုံးရက် အချိန်အ တိကျတဲ့ အဖြေရှာပါ... ဒါတောင် ဆမ်းမားဘက်ကို မာမီ ပြောရဦးမှာ... နှင်းနှင်းကိုတော့ ကိုယ်ပြောနော်... ဖြစ်တယ် မဟုတ်

" မပြောတတ်ဘူး... မာမီ ဒေါ်တင်စုကနေတဆင့် ပြေ ပြောရမှာ "

မာမီ ဘာလို့များ ဆမ်းမားကို ချွေးမတော်ဖို့ ဒီလော သဘောကျသွားရတာလဲ။ ညီအံ့ဩရတာ... မမနီလာကို သဘော ခဲ့ရာက ဘာလို့များ... ဆမ်းမားဆီ ရောက်သွားပါလိမ့်။

ညီ ငြင်းမယ်ဆိုရင် ကိုကိုနှင့် ဆမ်းမားကို လက်ထ မှာတဲ့။

တစ်ယောက်က နွေဦးတဲ့... တစ်ယောက်က ကိုမိုး သူတို့က မဟုတ်တော့ဘူး ထင်တယ်... အဲဒီ



ရင်ကို ရင်ထဲ တင်းတင်းကျပ်ကျပ် ခံစားရတာပါလား...။

ခက်တော့နေပြီ...။ ဆမ်းမားကို ကိုကိုနှင့် လက်ထပ်ပေး ပ့်ဆိုတော့လည်း သဘောမကျနိုင်...။ ညီ လက်ထပ်ရမယ် ်တော့လည်း... စဉ်းစားရမယ့်အချိန်က သုံးရက်တည်းတဲ့...။

" ဒီနေ့ မာမီ နားမှာ သားငယ်... ဒက်ဒီနဲ့ ဆေးရုံပြန်ပြ ... သားငယ်က မနက်မှာ ဆမ်းမားကို အလှပြင်ခန်းမှာ သွားစောင့် က်... မင်းအစ်ကို လာပို့ပြီးရင် ဝတ်စုံဆိုင် ခဏသွား... ဝေဝေနဲ့ တဲ့ အလုပ်တွေကို ဆမ်းမား ရှင်းလိမ့်မယ်... အခု ဆမ်းမားက ိုးပါဘူး.. တရင်းတွေတော့ ကောင်းကောင်း နိုင်နေပါပြီ..."

" ညီကတော့ ညီ့ဇနီးဆို အလုပ်လုပ်တာ မကြိုက်ပါဘူး ိရယ် "

" အံမယ်... တယ်ဟုတ်ပါလား ကိုညီမြင့်မိုရ်... ဒါဆို းမားကို မာမီ ပြုစုပျိုးထောင်ခဲ့သမျှတွေ ဖျက်ပြီး မီးဖိုထဲ ့မလို့လား..."

" ညီက သဘောပြောတာပါ... မာမီ့သဘောပါ..."

" ဟုတ်ပါပြီ သားငယ်သဘောလေး သိရတာပေါ့..."

" ညီ အမြန်ဆုံး ဖြေပါမယ် မာမီ "

" အဆုံးရှုံး မခံနိုင်တော့ဘူးဆိုပါတော့..."

ဒက်ဒီနှင့် မာမီကတော့ ညီကို သဘောကျနေကြတယ်။ ပ်သွားမယ်ဆိုလည်း ထွက်ရော မာမီက ဒက်ဒီကို တွေ့တယ် က်လား ကို... အရေပြား တစ်ထောက်ပေါ်က အလှထက် က ဖြစ်စေတဲ့အလှဟာလည်း စိတ်ကို ဖမ်းစားနိုင်တာပါပဲတဲ့။

အလှပြင်ခန်းမ သွားစောင့်ရမယ်တဲ့လေ...။ ရင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မဝင်ချင်ပါဘူး။ ဆမ်းမားလာမှ အတူဝင်ပြီး စာရင်းတွေ ကြည့် ကောင်းမယ်ဆို ဆိုင်ရှေ့မှာပဲ ရပ်နေလိုက်တယ်။ ကားဝ ထိုင်နေရာက ညောင်းလာသလိုမို့ ကားပေါ်က အဆင်းမှာ…။

ဆမ်းမားကို တွေ့ရပါပြီ။

ကိုကိုနှင့် ရယ်မောစကားပြောလို့ပါလား။ စိတ်မှာ ချက်ပူလောင် တင်းကျပ်လာတယ်။ ဒါကြောင့် ကားရပ်တဲ့နေရာ လျှောက်လာခဲ့ပြီ…။

" ညီ…"

" ဆမ်းမား… သွားစို့ "

ဆမ်းမားကို ကားမမောင်းခိုင်းပဲ ကိုယ့်ဘာသာပဲ မောင်းခဲ့တယ်။

" ဆင်း…"

" မုန့်စားမလို့လား ညီမြင့်မိုရ်… ခုနကပဲ ကိုမိုရ် ဂျေ့ အုန်းနို့ခေါက်ဆွဲ စားခဲ့ပြီ "

" ဘယ်နှစ်ပွဲလဲ… သုံးပွဲလား… ဒီလိုသာ စားပါ မကြာဘူး…"

" သေမှာလား "

" အသေအချာပဲ…"

ပြောမယ်လို့ စိတ်ကူးတဲ့ စကားတွေက တခြား… ပြော က တခြားပါလား… ဒါကြောင့် ကားကို ပြန်မောင်းလိုက်ပ မစားချင်လည်းနေ…။ တကယ်ဆို… အေးအေးဆေး စကားပြောကြည့်မလို့ပါ…။ ခုတော့ စကား ပြောရတာ အဆင်မပြေလေတော့…။ နေတော့ကွာ…။



" မဝေရော… နွယ်နွယ် "

" မဝေ ရှိုးရွမ်းဘက်မှာပါ…"

" လာ… သွားမယ်…"

ဆမ်းမားရှေ့ကနေ ထွက်လာခဲ့တယ်။ လက်ထပ်မယ့် သတို့သမီးလောင်းလေး တစ်ယောက်က ဝတ်စုံ သေချာဝတ်နေတာ ပါလား။ အဲဒီကောင်မလေးကလည်း… ဆမ်းမားလို ဘဲရုပ်ဆိုးလေး ပါလား…။

" ညီမက အသားညိုတော့ အဖြူဆွတ်ခွတ်ထက် ဒီလိုမျိုး မှိုးခိုးဘက်နွယ်တဲ့ အဖြူလေးနဲ့ ပိုလိုက်တယ်…"

မဝေရဲ့ အပြောနဲ့ မင်္ဂလာဝတ်စုံကို ဝတ်ကြည့်လိုက်တဲ့အခါမှာ တကယ်လည်း ကြည့်ကောင်းတာပါလား။

" ဆမ်းမား "

" ဟင် "

" တွေ့လား… အဲဒီအရောင်နဲ့ဝတ်စုံ ကောင်းတယ် ဆမ်းမား ကြိုက်လား…"

" ကြိုက်လား… ဘာလို့ကြိုက်ရမှာလဲ… ဆမ်းမားမှ မင်္ဂလာ မဆောင်တာ "

" ပြောနိုင်လား "

" ပြောနိုင်တယ် "

" ကြည့်သေးတာပေါ့ "

" ကြည့်…"

ဆမ်းမားတစ်ယောက် ခုထိ ဘာမှ မသိရှာပါလား။ တကယ်လို့များ ညီက ဆမ်းမားကို လက်ထပ်မယ်ဆိုရင်ကော

www.burmeseclassic.com

www.burmeseclassic.com



ဆမ်းမား လက်ခံမှာလား...။ သတို့သမီးလောင်းလေးက ခုလို ဝတ်ထားတော့လည်း ကြည့်ကောင်းနေတာမို့ ဆမ်းမားဆိုရင်ကော ဒီလောက် လှမှာပဲလားလို့ တွေးမိပြီ...။

ဆမ်းမားတို့ကတော့ သူများလှပနေရင်လည်း ကြည့်တတ် မယ့်ပုံမရှိပါဘူး။ စာရင်းစာရွက်တွေကိုပဲ ဂရုစိုက်နေတတ်တာပါ လား...။ မီးခိုးရောင်ရင့်ရင့်ဝတ်စုံနှင့် ဆမ်းမားအသားတွေ ပိုညိုသွားသလို ဖြစ်နေတာလည်း သိပုံမရပါလား။ အလှအပကို နှစ်သက်ရမှန်း မသိတဲ့ ဒီကောင်မလေးနဲ့ကတော့ လက်ထပ်လို့ ကောင်းပါ့မလား။

◈

ဆမ်းမား ပြန်ရောက်တဲ့အချိန်မှာတော့ မေမေ မရှိပါဘူး။ မေမေကော မမခက်လို့ မေးတဲ့အခါမှာ ဘွားဘွားခေါ်လို့ အောက်ထပ် ဆင်းသွားတယ်လို့ သိရပါတယ်။ ရေချိုး သနပ်ခါးလိမ်းပြီးတော့မှ မောရမှန်း သိတော့တယ် တစ်နေကုန် ဟိုသွား ဒီသွားတွေ များတာကိုး...။ မမခက် ထမင်းပွဲ ပြင်တော့ ကူရသေးတယ်...။

" မေမေ ပြန်လာပြီလား... ဘွားဘွားက ဘာလို့ ခေါ်တာလဲဟင်... အလှူလုပ်မလို့လား..."

" မဟုတ်ဘူး ခက်ခက်..."

မေမေ မျက်နှာမကောင်းဘူး ထင်လို့ ဆမ်းမားလည်း ဘာမှကို မပြောရဲအောင်ပါပဲ။ ထမင်းစားကြတော့ မမခက်က မေးတာပေါ့...။ မမခက်ကိုတော့ ဘာမှပြန်မဖြေပါပဲ...။

" ဆမ်းမား... သမီး အိမ်ထောင်ပြုဖို့ စိတ်ကူးသလား... အဲဒီကောင်လေးကို ဆမ်းမား မနှစ်သက်ဘူးလို..."

" ဘာကိုလဲ မေမေ... မေမေပြောကာ ဆမ်းမား လုံးဝ နားမလည်ပါဘူး "

" ကိုဇော်လတ်ရဲ့ သားအငယ်လေးနဲ့ သမီးကို လက်ထပ်ပေးချင်ပါတယ်... ဒါကြောင့် ပြောပေးပါလို့ ဘွားဘွားကို ကိုဇော်လတ်က ပြောတယ်တဲ့..."

www.burmeseclassic.com

www.burmeseclassic.com



" ဟင်..."

ညီမြင့်မိုရ်နှင့် ဆမ်းမား လက်ထပ်ဖို့တဲ့။

" ကြံကြံဖန်ဖန် မေမေရယ်... ညီမြင့်မိုရ်ကို ဆမ်းမား မချစ်ပါဘူး... သူတို့ကို မချစ်ပါဘူးလို့ မာမီ့ကိုလည်း အပြ... ပြောပြီးသားလေ..."

စိတ်မှာ အံ့ဩရပါတယ်။ အန်ကယ်ဦးဇော်လတ်... အန်တီတို့က ဘွားဘွားကို ပြောခိုင်းတယ်ဆိုရင်တော့ ဒီအကြောင်း... ချက်ချင်း ပြီးသွားမယ် မထင်။ လိုအပ်ရင်တော့ အန်တီ... စကားပြောလာမလား။ ဆမ်းမားကို တိုက်ရိုက်မေးရင်ကော... ဆမ်းမားကတော့ ငြင်းရမှာပါပဲ။

ညီမြင့်မိုရ်ကို ဆမ်းမား မျက်ဝန်းမှာ ဘယ်တုန်းကမှ... ကြည့်မရခဲ့တာ...။ အဲလိုလူနှင့် လက်ထပ်ရလို့ကတော့ တကျက်ကျ... နှင့် ရန်ဖြစ်လို့ကို ပြီးမယ် မထင်ပါဘူး...။

" မေမေ... ဒီကိစ္စကို မေမေနဲ့ ဆမ်းမား အလောတ... မဆုံးဖြတ်စေချင်ပါဘူး... ခက်သဘောကတော့..."

" ဟင့်အင်း မမခက်... ညီမြင့်မိုရ်ကို ဆမ်းမား သဘောမ... ပါဘူး... ကြည့်လို့ကို မရဘူး... ပြီးတော့ ဆမ်းမားနဲ့ သူ... အမြဲရန်ဖြစ်နေတာ... လက်မထပ်ချင်ပါဘူး..."

" စကားကို အကုန်မပြောရဘူး ဆမ်းမားရဲ့... အန်ကယ်ဦးဇော်လတ်တို့ မိဘကိုယ်တိုင်က ဆမ်းမားကို လိုလိုချင်... ရှိတာ ဘယ်လောက်ကောင်းသလဲ... ပြီးတော့ ဒေါ်စောသီရိကလ... ပြောလာမှာပဲ သူတို့ပြောမယ့် စကားတွေကို စောင့်ကြည့်ပါ... ညီမြင့်မိုရ် ကိုယ်တိုင်က ဆမ်းမားအပေါ် ဘယ်လို သဘော...



လို့ ဒီလို လက်ထပ်ချင်တယ် ဖြစ်လာရသလဲ..."

" ဘွားဘွားကိုတော့ လူကြီးမို့ အရင်ဖွင့်ဟတိုင်ပင် သဘောတူညီမှုယူတာ... ဘွားဘွားကပါ သဘောကျရင် မေမေ့ဆီမှာ လာတောင်းမယ် ပြောတယ် ခက်ခက်..."

" ကောင်းတာပေါ့ မေမေ... မိသားဖသားပီပီ တောင်းရမ်း ယူတယ်ဆို ဆမ်းမားအတွက် ဂုဏ်ယူစရာပေါ့... ကောင်းမွန်တဲ့ အိမ်ထောင်တစ်ခုဖြစ်မှာပါ... ဆမ်းမားက ပညာလည်း စုံပါပြီ... သမီးကညာ အခါမလင့်တဲ့လေ မေမေ..."

မမခက်ကတော့ အပြောကောင်းနေပါပြီ...

အဲဒီ ညီမြင့်မိုရ်နဲ့ကတော့ ဖြစ်မယ် မထင်ပါဘူး။ ကိုကျော်မြင့်မိုရ်နဲ့ ဆိုရင်ကော...။ အဲဒါကမှ ဖြစ်နိုင်ကောင်း ဖြစ်နိုင်ချေ ရှိဦးမယ် ထင်ပါရဲ့...။ ဒါပေမယ့် သူတို့တွေက ညီမြင့်မိုရ်နှင့်မှတဲ့လား။ ဆမ်းမားဘက်က ဒီလို ပြောင်းလဲပေးပါ ပြောသင့်တာမှ မဟုတ်တာ။

" ဆမ်းမား... စိတ်ကို အလောတကြီး မဆုံးဖြတ်နဲ့နော်... အန်တီ စောသီရိတို့ စကားကို စောင့်ကြည့်... ညီမြင့်မိုရ် ဘာပြောမလဲ ဆိုတာပါ ကြည့်ဦး... သင့်တော်တဲ့ အိမ်ထောင်ဖက်ဆို မငြင်းသင့်ဘူး... သူတို့ ရွေးချယ်မယ်ဆို နုနုတို့ ချိုသဲတို့နဲ့ သိပ်သဘောတူနိုင်ပါလျက် ဆမ်းမားကိုမှ ထူးခြားစွာ ရွေးချယ်တယ်ဆိုတာ အကြောင်းရင်းရှိရမှာ..."

" ဟုတ်ကဲ့ မမခက်... ဆမ်းမား နားထောင်ကြည့်လိုက်ပါဦးမယ်..."

ဆမ်းမား အခန်းထဲ ဝင်သွားတာနဲ့ မေမေတို့ ဒီအကြော...ကိုပဲ ပြောကြလိမ့်ဦးမယ် သေချာပါတယ်။ စာကြည့်စားပွဲမှာ... ယူလာတဲ့ စာရင်းစာအုပ်ကို မကြည့်အား။ အတွေးများ... ဖြစ်...

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ့အရောင်နဲ့ ဝတ်စုံကောင်းတယ် ဆမ်းမားကြိုက်လားတဲ့... ပြောနိုင်လား ပြောနိုင်တယ်တဲ့... ကြည့်သေးတာပေါ့လို့လည်း ပြောတယ်... ညီမြင့်မိုရ်ရဲ့ အဲဒီ အပြောတွေဟာ ရိုးသားမှု ရှိပါရဲ့လား။ ဟုတ်တယ်... ဖြစ်နိုင်တယ်... အဲဒီ လက်ထပ်ရမယ့် အကြောင်းကို ညီမြင့်မိုရ် သိနှင့်ပြီးသား ဖြစ်နိုင်ပါလား။ စိတ်မှာ မငြိမ်သက်လိုက်တာ။

" ဆမ်းမားရေ..."

" ညိုမြာ... ငါအခန်းထဲမှာ ဝင်ခဲ့ "

" ငါမဝင်ခဲ့ဘူး... နင်ထွက်ခဲ့... မာမီဆေးကုန်နေလို့ မင်္ဂလာမှာ ဆေးသွားဝယ်မယ်... ငါနဲ့ အဖော်လိုက်ပေး..."

ညိုမြာအော်ခေါ်တော့ မေမေ့ကို ပြောစရာတောင် မလိုတော့ပါဘူး။ လှေကားထစ်တွေအတိုင်း အရင်ကဆို သွက်လက်စွာ ပြေးဆင်းနေကျ... ဒီနေ့တော့ ခြေလှမ်းတွေကိုက လေးလံလွန်းနေပါတယ်။

" နေးလိုက်တာ... နင်ဘာဖြစ်နေလဲ..."

" ငါ..."

" ပြောမနေနဲ့ဆမ်းမား... မာမီဆီကနေ ငါသိပြီးပြီ... အဲဒါ နင်ဘယ်လိုဆုံးဖြတ်လဲ သိချင်လို့ ငါလာခေါ်တာ..."

" ညိုမြာရယ်... ညီမြင့်မိုရ်ကို ငါသဘောမကျဘူး "

" နင်က ကျော်မြင့်မိုရ်မှလား "

" အဲလိုလည်း မဟုတ်ပါဘူး... ကိုမိုရ်မှာ ရည်ရွယ်တဲ့လူ ရှိတယ်ဆိုကတည်းက ခံစားမှု မရှိပါဘူး... ဒါပေမယ့်... ညီမြင့်မိုရ်ရဲ့ အပြင်အဆင်က အစ ငါမျက်စိနောက်နေဘာ... ကိုမိုရ်ကိုတော့ ကြည့်လို့ရသေးတာပေါ့... နင့်သဘောကရော..."



" ငါ့သဘောဆိုရင်တော့ ညီမြင့်မိုရ်အပြောကို နားထောင် ကြည့်စေချင်တယ်..."

" မမခက်ကလည်း အဲလိုပဲ ပြောတယ်... အန်တီ ဘာပြောမလဲ... ညီ ဘာပြောမလဲ နားထောင်တဲ့..."

" အဲဒါမှန်တယ်..."

မနက်ဖြန်မနက် ကားမောင်းဖို့ ကိုမိုရ်လာကြိုရင်ကော...။ ကိုမိုရ်က ဘာပြောမလဲ။ ဆမ်းမားကရော ကိုမိုရ့်အပေါ် မျှော်လင့်နေတာလား။ ဒီလိုတော့လည်း မဟုတ်ပါဘူး...။ ဒါပေမယ့် ဆမ်းမားရဲ့ ဘဝခရီးအဖော်အဖြစ် အတူတွဲသွားရင်တော့ ကိုမိုရ့်အပြင်အဆင်မျိုးဆို တော်သေးတာပေါ့...။ ညီမြင့်မိုရ်လို မျက်စိနောက်နေတာမျိုး ဆမ်းမားက သဘောကိုမကျတာ...။

◈

www.burmeseclassic.com

www.burmeseclassic.com

" ညီသဘောတူပါတယ် မာမီ... ဆမ်းမားကို ညီ လက်ထပ်ချင်ပါတယ် "

အဲလိုမျိုး ဖြေတယ်ဆိုရင် ကိုကိုက ဖျတ်ခနဲဆို ညီ့ကို လှမ်းကြည့်တာ သိသားပဲ။ အရင်ကတော့ အဲဒီ ဘဲရုပ်ဆိုးကို မကြိုက်ပါဘူးဆိုတဲ့ ညီမြင့်မိုရ်ဘာစ်ယောက် ဘယ်လို ဖြစ်သွားပါလိမ့်လို့ ထင်တာလား...။ ကိုကို့ကိုမှ မပဟုတ်ဘူး... ဘယ်သူ့ကိုမှ မပေးချင်ဘူး ဆိုတဲ့ ခံစားမှုကြောင့်လည်း ညီဒီလိုမျိုး ဆုံးဖြတ်လိုက်မိသလား။

" ဒါနဲ့ ဘဲရုပ်ဆိုးကို သဘောမကျဘူးဆို..."

" ဒါကတော့ ကိုကိုကလည်း... သူ့ကို လှလာအောင် ညီ ပြင်ဆင်ယူမှာပေါ့..."

" ကြည့်သေးတာပေါ့... ဘဲရုပ်ဆိုးကပဲ လှလာမလား... ညီပဲ အရုပ်ဆိုးသွားမလားဆိုတာ "

" ကိုကို... ဘယ်လိုဖြစ်လို့လဲ..."

ကိုကိုကတော့ မဟုတ်ပါဘူး။ ကြည့်ရတာ ဆမ်းမားကို ကိုကိုကလည်း နှစ်သက်နေတာလား။ သိပ်ဖြစ်နိုင်တာပေါ့...။

" သားငယ်က ဆမ်းမားကို တကယ်နှစ်သက်တာရော သေချာရဲ့လား... တော်ကြာ လူကြီးတွေ ပြောဆိုပြီးမှဆို မကောင်းပါဘူး..."



" တကယ် လက်ထပ်ပါမယ် မာမီ "

" သားငယ်... လက်ထပ်တယ်ဆိုတာ တစ်ဘဝလုံးနော်... ား တကယ်နှစ်သက်မှ ကောင်းမယ်... သားတို့မာမီက ဆမ်းမားရဲ့ ျစင်မှုကို နှစ်သက်လို့ ရွေးချယ်တာ... ဒက်ဒီကတော့ သားကြီးနဲ့ ုသင့်တော်မယ် ထင်တာ "

" ကိုကို့မှာ မမနီလာ ရှိသားပဲ "

ဒက်ဒီက ဆမ်းမားကို ကိုကိုနှင့် ပိုသင့်တော်မယ်လို့ ပြောလိုက်တာ... ရင်ထဲကို ပူသွားတာပါပဲ...။ ဒါကြောင့် မြန်မြန် ်ပြောရတာ။

" သားကြီးနဲ့ နီလာ့ကိစ္စက အကြောင်းတစ်ခုကြောင့် ာမီတို့ ရပ်ထားလိုက်တယ်..."

" ဟင် ဘာအကြောင်းလဲ မာမီ "

ကိုကိုတောင်မှ မသိပါလား။ ကိုကို့မှာ မမနီလာ မရှိတော့ ူးဆို ဆမ်းမားနှင့် ပိုပြီး နီးစပ်နိုင်ပြီလား...။

" နီလာ့ကို မာမီ အတော်သဘောကျခဲ့တာပါ... ဒါပေမယ့် ာမီ တွေ့သမျှ မာမီ့လုပ်ငန်းတွေကို နှစ်သက်နေတဲ့ ချွေးမလောင်းတွေပဲ ဖြစ်နေကြတယ်... နီလာ့အမေ ခိုင်ခိုင်က ပြောတယ်... သားကြီးနဲ့ ုလာလက်ထပ်ပြီးရင် မင်္ဂလာ ဝတ်စုံဆိုင်ကို နီလာ့ကို ပေးဖို့ပေါ့... ်ကဖွဲ့အဖြစ်ပေးပါတဲ့..."

" ဒါတော့ ဘယ်ကောင်းပါ့မလဲ မာမီ "

" တစ်နေ့မှာ မာမီ့လုပ်ငန်းအားလုံးဟာ သားကြီးနဲ့ ားငယ်ကိုပဲ ခွဲပေးမှာပါ... တစ်နေ့ရလာမှာ သိသိချည်းနဲ့ ဖွင့်ပြောပြီး ျက်ချင်း လိုချင်နေတော့ စိတ်ပျက်မိတယ်... ဒါကြောင့် ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



မပေးနိုင်သေးဘူးဆိုတော့ နိုင်နိုင်နဲ့ အဆင်မပြေဘူး... မာမီက ရိုးသားဖြူစင်ပြီး လောဘနည်းတဲ့ ချွေးမပဲလိုချင်တာလို့ ပြောလိုက်မိတော့... အဲလိုချွေးမမျိုး ရှာကြည့်ပါ... ရပါလိမ့်မယ်လို့ မာမ့်ကို ရိသွဲ့သွဲ့ပြောလိုက်တယ်..."

မာမီ စိတ်မကောင်းဖြစ်ပြီး ရင်ထဲက ဖြူစင်တဲ့ ကောင်မလေးတွေကိုပဲ ချွေးမယ်လို့ ဆုံးဖြတ်ပြီးချိန်မှာ ဆမ်းမားကို တွေ့ခဲ့သတဲ့လား။ အပေါ်ယံအလှအပတွေကို ကြည့်ရင်တော့ ဆမ်းမားဟာ နှစ်သက်စရာ မရှိပါဘူး။ လောဘနည်းတဲ့ စိတ်ကလေးကတော့ အင်မတန် ချစ်ဖို့ ကောင်းသတဲ့လေ။

" မာမ့်လုပ်ငန်းတွေ ယူရမယ်ဆိုရင် ခြံကလေးထဲ သူ နေမတဲ့... ပန်းတွေပွင့်လာရင် သိပ်ပျော်စရာကောင်းတာပဲမို့ မခင်စန်းနဲ့ တွဲထားပေးပါတဲ့လေ..."

ဆမ်းမားကတော့လေ...။

ပန်းခြံထဲမှာနေရင်း ပန်းစိုက်တယ်ဆိုတာက ဘာခက်တာ လိုက်လို့။ မာမ့်ရဲ့ ဝင်ငွေကောင်းလှတဲ့ တခြားလုပ်ငန်းတွေကိုတော့ မမက်မောပဲ ဒီခြံမှာမှ နေချင်သတဲ့လား။ မေးကြည့်ရဦးမယ်။

" ဆမ်းမားက လိုချင်မှုနည်းတော့ လုပ်ငန်းထဲမှာတော့ သိပ်ချက်ချိမမြင်ပါဘူး... အလှပြင်ဆိုင်ဆိုရင် စာရင်းသာ စစ်ပေးတာ ပစ္စည်းတွေရော ပြင်ဆင်မှုအပိုင်းရော... ဘာမှနားမလည်ဘူး... တကယ်တော့ နီလာဟာ လုပ်ငန်းနဲ့ ပတ်သက်ရင် အရမ်းတော်ပါ တယ်... ဒါပေမယ့်... လောဘများတာ မာမီ စိတ်ပျက်တယ်..."

" ဒါဆို နီလာ့ကို ကျွန်တော် လက်ထပ်စရာမလိုတော့ဘူး ပေါ့ ဟုတ်လား မာမီ..."



ကိုကို့အမေးကြောင့် ငြိမ်သက်စွာ တွေးနေမိပြီ။

ဆမ်းမားကို ညီကသာ လက်မထပ်ဘူးလို့ ငြင်းဆန်မယ်ဆိုရင်... ကိုကိုနှင့် လက်ထပ်ပေးတော့မှာ အမှန်ပါပဲလား...။ တော်ပါသေးရဲ့... ဆမ်းမားကိုများ ကိုကိုနှစ်သက်နေသလား။ ဆမ်းမားကရော...။

" ဟုတ်တယ်... ဒါပေမယ့် သားကြီးအတွက် မာမီ စဉ်းစားဦးမယ်လေ..."

" နေပါစေ မာမီရယ်... အခုဆို မာမ့်ကို ကူညီမယ့် ေ့နှဦးလည်း ရှိနေပြီပဲဟာ..."

" ဆမ်းမားက မာမီကို နောက်ဆို ဘာမှကူညီနိုင်မှာ ဟုတ်ပါဘူး... မင်းရဲ့ညီက သူ့ဇနီးဆိုရင် အိမ်မှာပဲ အေးချမ်းစွာ ထားချင်တာတဲ့လေ..."

မာမီကပြောတော့ ဒက်ဒီက ဟုတ်လား... ဒါဆိုရင်တော့ ာ နောက်ဆို တစ်ယောက်တည်း အလုပ်လုပ်ရတော့မှာပေါ့တဲ့...။ ခုချိန်မှာ မာမ့်လုပ်ငန်းအားလုံးကလည်း အောင်မြင်နေလေတော့ ာ့လွှတ်ပြီး အေးအေးနေမယ်ဆိုတာကတော့ ရုတ်တရက် ဉ်းစားနိုင်လို့ ယုံကြည်တဲ့လူတစ်ယောက် ရှာမှပါတဲ့။

" ဆမ်းမားကို လက်ထပ်ပြီးရင်တော့ မာမ့်သဘောပါ... ားက စကားအဖြစ် ပြောပြတာပါ..."

" ရှာတော့ရှာရမှာပါပဲ... ဆမ်းမားက ခြံထဲမှာပျော်နေပါပြီ... ပျော်တဲ့နေရာမှာပဲ သားငယ်ရဲ့ဇနီးဘဝနဲ့ အေးအေး နေစေ င်ပါတယ် "

မာမီကတော့ ဆမ်းမားနဲ့ညီလက်ထပ်ပြီးရင် ခြံထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



သွားနေမလား... ဟိုက အိမ်ကလေးကို တိုက်ပြင်ဆောက်ပေးမယ်။ ဆမ်းမားလည်း ခြံထဲနေချင်တဲ့ ဆန္ဒ ပြည့်တာပေါ့တဲ့။

" ဟင့်အင်း မာမီ... သူ့ဘာသာ အဲလိုမျိုးနေရာ နေချင်တာ... သားမှ မနေချင်ပဲ... သားကတော့ မာမီတို့နဲ့ပဲ နေချင်တယ်... ဒီတိုက်ကြီး ဒီလောက်ကျယ်နေတာ..."

" ဟုတ်ပါတယ် စောရယ်... ကိုကလည်း သားတို့ လက်ထပ်ပြီးလည်း အတူနေချင်ပါတယ်... ဒီမှာပဲ အတူနေပါစေ..."

" ဒါဆိုရင်တော့ အဘွားဒေါ်တင်စုကို ပြောကြည့်မယ်... နှင်းနှင်းကို တောင်းလိုက်ရင် အဆင်ပြေမှာပါနော်... ကို "

" ဒါဟော့ ကိုလည်း ဘယ်ပြောတတ်ပါ့မလဲ... စောရယ်"

" တော်ကြာမှ အမေတူသမီးလေးဖြစ်ပြီး ဟင့်အင်းခ... ဘယ်လိုလုပ်မလဲ ကို..."

မာမီ့အပြောကြောင့် ညီ ထိတ်တော့ ထိတ်ပါတယ်။ အမြဲ... စကားပြောရင် ရန်ဖြစ်နေရတာ... ဆမ်းမားစိတ်မှာ ညီရှိပါ့မလား။ ကိုကို့ကိုမှ ကိုမိုရ်ရလို့ ခေါ်ပြီး ခင်ခင်မင်မင်နေသေးတာ။

" ဒါကတော့ ဆမ်းမားရဲ့ သဘောပဲပေါ့... ဟင့်အင်းဆိုပေ... လည်း... ဘယ်တတ်နိုင်ပါ့မလဲကွယ်... အချစ်ဆိုတာ လုယူလို့ရတာ... မဟုတ်တာ "

ဒက်ဒီကတော့ ဒီလိုခပ်အေးအေးပဲ ပြောပါတယ်။ ဆမ်း... ငြင်းမှာလား။ ငြင်းခဲ့ရင်ကော... ဆမ်းမားရင်ထဲမှာ ဘယ်သူရှိမ... ချက်ချင်းလို ခံစားမှုတွေ ပြင်းထန်လာတာပါလား။

◈

ဝရန်တာက လှမ်းကြည့်လိုက်ရင်ပဲ ကိုမိုရ်ရောက်နေပြီဆိုတာ သိလို့ မေမေ့ကို နှုတ်ဆက်ပြီး ဆင်းလာခဲ့ပါတယ်...။ ဒီနေ့ အရင်ရက်တွေကထက် ဆယ့်ငါးမိနစ်လောက်တောင် ပိုစောနေသလိုပါလား...။

" ကိုမိုရ် စောလိုက်တာ..."

" လူကို သေချာကြည့်ပြီးမှ နာမည်ခေါ်သင့်တာ "

" ဟင် "

ညီမြင့်မိုရ်ပါလား။ ကိုမိုရ်လာနေကျမို့ ရုတ်တရက် မကြည့်ပဲ ပြောမိတာပါ...။

" အုန်းနို့ခေါက်ဆွဲက လွဲရင် ဘာစားမလဲ "

" ထမင်းစားခဲ့တယ်..."

" ဒါဆို ကော်ဖီသောက်ရမယ် "

" ကော်ဖီလည်း သောက်ခဲ့ပြီ "

ညီမြင့်မိုရ်နှင့် တွေ့ရင်တော့ အမြဲ ခုလို ပြောနေရမလား။ ...ဘလို့များ ညီမြင့်မိုရ်နှင့် ဆမ်းမားကို လက်ထပ်စေချင်ရတာပါလိမ့် ...ပဲကြည့်လေ... ဝတ်စားလာတာ... အင်္ကျီအနီရဲရဲ ဝတ်တာလေ... ...မ်းမား စိတ်ညစ်တာမရှိ... သူ့အသားလေး ဖြူ...ဆို ...တ်တာနေမှာပါ။ ဒါပေမယ့် တခြားကောင်မလေးတွေ ...ဝန်းမှာ

www.burmeseclassic.com

www.burmeseclassic.com



တော့ လှချင်လှမှာပေါ့... ဆမ်းမား မျက်ဝန်းနှင့်ကတော့ အဆင်မပြေပါဘူး...။ အဲဒီလို ဆမ်းမားစိတ်မှာ အဆင်မပြေတဲ့လူနဲ့...။

ကားကို ဒီဘက်နားမှာရပ်ခဲ့ပြီး ဆိုင်ကိုလျှောက်ရမယ့်အချိန် ညီမြင့်မိုရ်ဘေးနားကကပ်လျှောက်ရမှာ ဆမ်းမားဝန်လေးမိပါတယ်။ ဒီလောက် ပုံစံကွာခြားနေတဲ့ လူနှစ်ယောက်ဟာ အတူရှိနေသင့်သလား။ သူ့ကိုတွေ့ရင် များသောအားဖြင့် ကြည့်သွားတတ်ကြတာဟာ... သူချောမောလှပနေလို့လား ဒါမှမဟုတ် ပြင်ဆင်တာက လွန်ကဲနေလို့လား။ ဘာပဲဖြစ်ဖြစ် သူ့အနားမှာနေရတာ... လမ်းအတူ မလျှောက်ချင်သလိုပါပဲ။

" လမ်းလျှောက်တာ တွန့်ဆုတ် တွန့်ဆုတ်နဲ့... မြန်မြန်လာပါ..."

" နင့်ဘာသာ ရှေ့ကလျှောက် "

ဆိုင်ထဲရောက်တော့လည်း အတူထိုင်ရတာပါပဲ...။

ခုလို အစောကြီး ထွက်လာတာတောင် ပြင်ဆင်နိုင်တယ်... ဆမ်းမားမှာဖြင့် ညက ကွန်ပျူတာကျင့်နေရတာ ညိုမှာနှင့် မိုးချုပ်သွားလို့ မမခက် မနည်းနိုးရတာ။

" ဆမ်းမား "

" ဟင် "

" ဒက်ဒီနဲ့ မာမီက နင့်ကိုသဘောကျလို့ ငါနဲ့လက်ထပ်ပေးမှာ သိလား "

" အင်း..."

" နင်ဘယ်လိုသဘောရလဲ "

" ဘယ်လိုမှ သဘောမရပါဘူး "



" ဘာ..."

" ငါ့ကိုမအော်ပါနဲ့... တိုးတိုးပြောပါ... အမှန်အတိုင်း ဝန်ခံရရင် ငါ့ရင်ထဲမှာ နင်မရှိဘူး ညီမြင့်မိုရ်..."

အမှန်အတိုင်း ပြောလိုက်တာ။

မျက်နှာက ချက်ချင်း ညိုမှိုင်းပြီး မကြည်မလင် မျက်ဝန်းတွေနဲ့။ ညာပြောနေရမလား။ ရင်ထဲမှာမရှိဘူး ပြောတာ။ ပြီးတော့ ခုလိုမျိုး ဆမ်းမား မနှစ်သက်တဲ့ အပြင်အဆင်တွေ ရှိတဲ့လူရဲ့ ဘေးမှာ ဘုရားသွား ကျောင်းတက် မနေနိုင်ပါဘူး...။ ရှက်တယ်။

" ဘာလို့လဲ... ငါက ဘာဖြစ်နေလို့လဲ "

" နင့်ပုံစံမှ ငါသဘောမကျတာ "

" ငါ့ပုံစံ... ငါ့ပုံစံက ဘာဖြစ်နေလို့လဲ... ငါက ကျောင်းတုန်းက ဖရက်ရှာကင်း ရထားတာပါ... ပြီးတော့ ဒက်ဒီ သူငယ်ချင်းကဆို မင်းသားလုပ်ဖို့တောင် ကမ်းလှမ်းတာ... ငါ ဝါသနာမပါလို့..."

" နင့်ဘာသာ ဖရက်ရှာကင်းပဲ ဖြစ်ဖြစ် မင်းသားပဲ ဖြစ်ဖြစ်... တခြား ကောင်မလေးတွေကတော့ ဟုတ်ချင်ဟုတ်မယ်... ငါကတော့ ဆောရီးပဲ... နင့်ကို အလုပ်သဘောအရ အလုပ်ချိန်ပဲ ဖြစ်လို့ အတူရှိနေတာ..."

" ဒါဆို မာမီက ပြောလာရင်..."

" ဘယ်သူကပြောလာလာ... ငါကတော့ ဟင့်အင်းပဲ..."

" ဒါဆို နင်က ကိုကို့ကိုမှ သဘောကျတာလား "

" ဘာဆိုင်လဲ... နင့်ကို သဘောမကျတာနဲ့ ကိုမိုးကို သဘောကျရရောလား... ငါ့ဘာသာ ငါ့ဘဝခရီးဖော်ကို ငါရွေးလိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



ရွှေးမှာပေါ့... သွားစို့..."

နေဦးလို့ ပြောနေမှာ စိုးတာနှင့် ဆမ်းမား အရင် ကားရှိရာ လျှောက်လာခဲ့ပါတယ်။

ပြီးရော မဟုတ်လား။ ညီမြင့်မိုရ်ကို ငြင်းလိုက်ပြီးရင်... နောက်ထပ် ရှေ့ဆက်စရာ အကြောင်းမရှိတော့ဘူးပေါ့...။ ကားပေါ် ရောက်တော့ ဆမ်းမားကို စကားတစ်ခွန်းမဆိုတော့ပါပဲ ကားမောင်းတယ်။ အကောင်းဆုံးပါပဲ။ သူနှင့် စကားမပြောရရင် ရန်ဖြစ်စရာ အကြောင်းမရှိတော့ဘူးပေါ့လေ။

သူ့ကို သဘောမကျလို့ ငြင်းတာနဲ့ပဲ ကိုမိုရ်ကို သဘောကျလားတဲ့...။ ကိုမိုရ်နှင့်ဆိုရင်ကော...။ ကိုမိုရ်ရဲ့အပေါ်မှာလည်း ရည်ရွယ်သူရှိတယ်ဆိုပြီး ခင်မင်ရတာတောင် ကျဉ်းကျပ်နေတာ။ ချစ်သူလိုလည်း ခံစားလို့ မရပါဘူး...။

" ဘယ်သွားမှာလဲ..."

" မာမီက ဝတ်စုံဆိုင်ကို လိုက်ခဲ့တဲ့..."

" ဒီလမ်းက အဲဒီသွားလို့မှ မရတာ..."

" ခြံထဲ ခဏဝင်ရမယ် ဆမ်းမား... နင့်ကို ငါက နင် သဘောမတူရင် ဘယ်မှ ခေါ်မသွားဘူး..."

ခြံထဲသွားမယ်ဆိုလည်း စောစောကပြောပါလား။ ခုတော့ သူ့ အလိုမကျတာနဲ့ပဲ စကားတစ်ခွန်းမဆို နေနေတော့ ယောကျ်ားလေး ဖြစ်ပြီး စိတ်ကောက်တတ်ပုံပါလား။ နဂိုရ်ကမှ သဘောမကျရတဲ့အပေါ် အဲဒီလို စိတ်ကောက်မှုရှိလို့ကတော့ အလကားပဲပေါ့...။ ခြံထဲရောက်တော့ ကားပေါ်က ဆင်းတယ်ဆိုရင်ပဲ ခွေးတွေကို သတိရမိပါတယ်...။ ခဏ ခဏဆိုသလို လာနေကျပေမယ့်... အဲဒီခွေးတွေကို ဆမ်းမား



ကြောက်နေဆဲ။

" ဆမ်းမား... နေဦး "

" အင်းပါ..."

တကယ်လည်း ခွေးတွေကို တွေ့နေရတော့ ရှေ့မတိုးရဲ...။ ခွေးတွေရှိနေပြီဆိုတဲ့ အသိကြောင့် ဟိုးအရင်တစ်ခါကလိုတော့ ကြောက်ရွံ့ထိတ်လန့်စွာ သူ့ကို ဖက်မထားမိတော့ပေမယ့် သူ့ နောက်ကျောနားမှာတော့ ကပ်ရပ်နေမိပါပြီ။

သူက ရပ်နေရာမှ နောက်ကျောနား ကပ်ရပ်နေရတဲ့ ဆမ်းမားကို အသာလေး လှည့်ပြန်လှည့်ပြီး ပြောလာခဲ့တယ်။

" နင်က ငါ့ကိုချစ်ပါတယ် "

" ဘာ..."

" နင်က ငါ့ကိုချစ်ပါလျှက်နဲ့ ဘာလို့ ငြင်းရတာလဲ "

အရမ်းစိတ်ဆိုးစရာကောင်းတဲ့ ညီမြင့်မိုရ်ပါလား။ စကားပြောလိုက်ရင် အသာစီးရအောင် အမြဲပြောတယ်။ သူနှင့်ဆမ်းမား ဘယ်လို ရေရှည် ဆက်ဆံ နိုင်မှာလဲ...။ တကယ်ဆို သူ ယောကျ်ားလေးပဲ။

နင့်ကို ငါချစ်တယ် ဆမ်းမားဆိုရင်ကော ပြောလို့ ရတာပဲ မဟုတ်လား။

အခုတော့ နင်က ငါ့ကို ချစ်ပါတယ်တဲ့... သူ့ကိုပဲ ဆမ်းမားက တစ်ဘက်သတ်ချစ်နေလို့ လက်ထပ်တာကို လက်ခံလိုက်ရမယ် ဆိုတဲ့လေသံ။

" နင်အထင်လွဲနေပြီ... နင့်ကို ငါမချစ်ဘူး... ဒါကြောင့် ငြင်းတာပါ..."

www.burmeseclassic.com

www.burmeseclassic.com



ခွေးကိုက်ကိုက်... သူ့ရှေ့က လျှောက်ထွက်လာခဲ့ပြီ။ မခက်တို့ ညီမှာတို့ကတော့ ညီမြင့်မိုရ် ဘယ်လို စကားပြောလာမလဲ စောင့်ကြည့်ရမတဲ့။ ဒီလိုမျိုး လူတစ်ယောက်ကိုများ ဆမ်းမား ဘာတွေ စောင့်ကြည့်ဖို့လိုမှာလဲ။ တော်ပါပြီ...။

ဒါကြောင့်လည်း ညီမြင့်မိုရ် မျက်နှာကို သေချာတည့်တည့် စူးစိုက်ကြည့်ပြီးမှ နောက်ထပ် ထပ်ပြောလိုက်တယ်။

" နင့်ကို ငါမချစ်ဘူး... မုန်းတယ် "

မုန်းစရာကို ကောင်းလွန်းတယ်...

ဘဝင်လေဟပ်နေတဲ့လေသံတွေနဲ့ ချစ်ပါလိမ့်မယ် ဝေး။

" နင့်ကို ငါမချစ်ဘူး မုန်းတယ် "

စိတ်မှာ တနုံ့နုံ့ ဒဏ်ရာတစ်ခု ရလိုက်သလိုပါပဲ။ ရင်ထဲမှာကို အခုအခံတစ်ခုလို ဖြစ်သွားတယ်။ တခြား အလုပ်အကြောင်းတွေ ပြောပြော... တခြားမှာ စိတ်ရှိနေတာတောင် ဘယ်နေရာက နှောင့်ယှက်နေမှန်း မသိသလိုကို တစ်ခုခု ညစ်ထေးစွာ ခံစားနေရတာ။

" သားငယ်... အလှပြင်ဆိုင်ကိုပဲ သားသွားကြည့်လိုက်ပြီးရင် သားအလုပ်ပဲ သွားလုပ်လိုက်ပါ... ပြီးတော့ ဒီနေ့ ဒက်ဒီက သူ့အလုပ်ဆီ လာဖို့လည်း မှာထားသေးတယ် မဟုတ်လား... မာမီ့အလုပ်တွေ ဒီနေ့တော့ ဆမ်းမားနဲ့ပဲ သွားလိုက်မယ်..."

မာမီနဲ့ ဆမ်းမား ထွက်သွားတော့လည်း ကားထဲမှာ ငြိမ်သက်စွာ တစ်ယောက်တည်း ထိုင်နေမိဆဲပါ...။ နင့်ကို ငါမချစ်ဘူး မုန်းတယ်တဲ့။

စိတ်က အငြိမ်မနေနိုင်ပါလား။ ဘဲရုပ်ဆိုးလို ကောင်မလေး ကများ ညီလိုလူကို မုန်းတယ်ဆိုရသလားလို့ နာကျင်ခံပြင်း ဒေါသဖြစ်တဲ့စိတ်က တစ်စိတ်။ ငါဘာများမှားနေလို့လဲ ဆိုတဲ့ ခွင့်လွှတ် ဖြေတွေးပေးချင်တဲ့ စိတ်က တစ်စိတ်။

အဲဒီစိတ် နှစ်စိတ်ဟာ... ဟိုဒီပြေးလွှားလှုပ်ရှားလို့ မောပန်း လွန်းပါလား။

www.burmeseclassic.com

www.burmeseclassic.com



မာမီနှင့် ဆမ်းမားတော့ ဘာတွေပြောမယ် မသိ...

ဘယ်သူ့ကိုပဲဖြစ်ဖြစ် ဟင့်အင်းလို့ ငြင်းမယ်ဆို ပြောခဲ့ပြီပဲ။ မာမီရှေ့မှာ ညီမြင့်မိုရ်ကို လက်မခံပါရစေနဲ့ ပြောလိုက်ရင်ကော... ရှက်စရာပါလား။ ညီ့ကိုဆို ဘယ်ကောင်မလေးကမှ ငြင်းဆန်မယ်လို့ မထင်ခဲ့သမျှ...။

တော်တော်ဆိုးတဲ့ ဆမ်းမားပဲလို့ စိတ်မှာ ဒေါသ ဖြစ်နေရပါလား...။

" ညီ... ကိုကိုက ကားတွေလို့ ဆိုင်ထဲမှာ မှတ်နေတာ..."

" ကိုကိုကရော ဘယ်လာတာလဲ..."

" ကိုတင်မောင်နိုင့်ဆီ ခဏလာတာ... ဆိုင်ရှေ့မှာ မင်းကားတွေ့လို့ပါ "

" ကိုကိုအချိန်ရလား "

" ကိုယ့်ညီလေးအတွက်ပဲ ရရမှာပေါ့..."

ကိုကိုနှင့် နှစ်ယောက်ထွက်လာခဲ့ပြီ။ ကိုကို့ကို ပြောပြရမလား။ နင့်ကိုမချစ်ဘူး... မုန်းတယ်တဲ့လေ...။ ဒါဖြင့် ကိုကို့ကိုများ ချစ်နေတာလား။

" မမနီလာနဲ့ကိစ္စ ပြတ်သွားပြီဆိုတော့ ကိုကိုပျော်သလား"

" ပျော်သလား... အဲလိုမျိုး ဝမ်းသာဝမ်းနည်း ဘာမှမရှိပါဘူး ညီ... တစ်ခုတော့ ရှိတာပေါ့... လွတ်လပ်သွားသလို ခံစားမှုတော့ ရှိပါတယ်... နီလာ့အပေါ် ချစ်တယ်ဆိုတဲ့ ခံစားမှုမရှိလေတော့ လက်ထပ်ရမယ်ဆိုတော့လည်း ဝမ်းသာတယ်မရှိသလို ခုလိုကျ တော့လည်း ခံစားမှုမဲ့ပါတယ်..."

" ကိုကို့ရင်ထဲက ချစ်နေတဲ့လူ ရှိသလား "



" ရင်ထဲကချစ်သူ... ရှိပါ့မလား ညီရယ် ရှိရင် ညီသိမှာပေါ့"

" ဆမ်းမားကိုရော..."

" နွေဦးကို... ဘာလဲ မင်းက နွေဦးကို ငါများ လုသွားမလား ဂျင်ပူနေတာလား... တစ်ခုတော့ ရှိတယ် ညီ... ချစ်တယ်ဆိုတာ နှစ်ဦးနှစ်ဘက် ဆန္ဒညီမျှမှ ကောင်းတာ... ညီက နွေဦးကို ချစ်နေတာလား... နွေဦးကရော ညီ့အပေါ် ဘယ်လိုခံစားသလဲ... ကိုကို့သဘောဆို မိဘတွေက သဘောတူပြီဆိုတာ သိမှပဲ... လူငယ်ချင်း ချစ်ခင်လာအောင် အရင်ဆုံး ရင်းနှီး ခင်မင်စွာ နေရင်း တစ်ယောက်နဲ့တစ်ယောက် နားလည်လာအောင် နေသင့်တယ်..."

ဆမ်းမားနှင့် ခင်မင်လာအောင်တဲ့။ တွေ့တိုင်း အဆင်ပြေ အောင် မပြောမိသလို အခုပဲကြည့်လေ... နင့်ကို မချစ်ဘူး မုန်းတယ်တဲ့။ ဘယ်လို ရှေ့ဆက် နားလည်လာအောင် နေရမှာလဲ။

" ကိုကိုက ဆမ်းမားကို ချစ်သလား သိချင်တယ်..."

" ရွတ်ကြီးပါလား... မင်းရဲ့ နွေဦးကို မင်းပဲယူပါ "

" မနောက်နဲ့ကိုကို..."

" တကယ်ပြောတာပါ... နွေဦးရဲ့ ဖြူစင်ရိုးသားမှုလေးက ... င်စရာကောင်းပါတယ်... သစ္စာလည်းရှိမှာပါ... ငါ့မှာ နီလာရှိတယ်ဆို ... ့ခမျာ အားနာပြီး... ကားမောင်းသင်တုန်းကတောင် တတ်နိုင်သရွေ့ ... တ်ကျဉ်းကျဉ်းကျပ်ကျပ် နေပါတယ်... မင်းယောကျ်ားမဟုတ်ဘူး ... လား... ချစ်ရင် ချစ်တဲ့သူကို သူ့အချစ်ရအောင် ကြိုးစားပေါ့..."

" ကိုကို့ကိုမှ ချစ်တယ်ဆိုရင်ကော..."

ဟုတ်တယ်လေ...

ညီမြင့်မိုရ်ကို မချစ်ဘူး မုန်းတယ်ဆိုမှတော့ ကိုကို့ကိုများ

www.burmeseclassic.com

www.burmeseclassic.com



ချစ်နေလေမလား။

" သွားပြီ ညီတစ်ယောက်တော့ မဟုတ်တော့ဘူး... နွေဦးက ငါ့ကိုမှ ချစ်တယ်လို့ ,မင်းက ထင်နေတာလား... သူက ဖွင့်ပြောလို့လား "

" ဟာ... မိန်းကလေးကတော့ ပြောမလား... ကိုကိုနဲ့ဆို အဆင်ပြေနေလို့ မေးနေရတာ..."

" မင်းနဲ့က အဆင်မပြေဘူးလား "

မုန်းတယ်တဲ့... အဲဒီလို ပြောမှတော့ ဘယ်လို အဆင်ပြေမှာ တဲ့လဲ...။

ဒါကြောင့် ငြိမ်သက်နေမိတယ်...။

" မင်းကရော နွေဦးကို ချစ်တာ သေချာလို့လား ညီ "

ဒီလောက် စကားများ ရန်ဖြစ်နေတဲ့ကြားက တွေ့ချင်နေ တယ်... ပြီးတော့ ကိုကို့ကိုလည်း မပေးနိုင်ဘူး။ ဘဝခရီး တစ်လျှောက်လုံးအတွက် မြင်နေချင်တယ်။

" မနာလိုဝန်တိုစိတ်ရှိနေရင်တော့ အချစ်က ရှိသင့်သလောက် ရှိမှာပါ "

" ကိုကိုကလည်း "

" ဟုတ်တယ်လေ... မင်းက ငါနဲ့တောင် နွေဦးကို မနာလိုနေတာ မဟုတ်လား... ငါကတော့ မင်းကို ဦးစားပေးမှာပါ... ဒါပေမယ့် နွေဦးက ကိုကို့ကိုမှ ဆိုရင်တော့ မင်းကိုငါ အားမနာ နိုင်ဘူးနော် "

" ကိုကို..."

ကိုကိုက ရယ်ပြီးတော့ စကားလည်းကုန်ပြီ။ သွားတော့မယ်ဂ



ယ်နေလိုက်ကာ...။ ပြောသွားပုံကလည်း... ကိုကိုကလည်း မကောင်း ဘူး။ နွေဦးက ကိုကို့ကိုမှဆိုရင် မင်းကိုငါ အားမနာနိုင်ဘူးတဲ့။

ဆမ်းမားကရော...။ ဆန်းမားက ညီ့ကို မချစ်ဘူးလို့ ပွင့်ပွင့်လင်းလင်း ပြောနေတာ ဘာလို့လဲ။ ကိုကိုက ချစ်တယ်လို့ ပြောရင်ကော...။ ချစ်တယ်လို့များ ဖြေမလား။ နေလို့ကို မရတော့ဘူးကွာ...။

◈

www.burmeseclassic.com

www.burmeseclassic.com

" ဟယ်... ညိုမြ "

ပြန်တော့မယ်ဆို ဆိုင်ထဲကအထွက် ညိုမြကိုတွေ့ရတယ်... ထူးထူးဆန်းဆန်းပါလား။ အန်တီ ဒီနေ့ ပြန်နှင့်လို့ပေါ့...။ ဘယ်လာတာလဲဆို နင့်ဆီ တမင်လာတာ... ဒီမှာ ရာပြည့်လည်း ပါတယ်တဲ့။ ညိုမြကတော့ မဟုတ်ဘူး... ဒီရာပြည့်နဲ့ တတွဲတွဲ ပါလား... အခုတော့ ရာပြည့်ရှိနေလို့ မမေးတော့ပါဘူး... နောက်မှ မေးရမယ်။

" နွေဦးခင် ပိုလှလာသလိုပါပဲ..."

" ရာပြည့်... နင်သိပ်ကဲမနေနဲ့နော်... ဆမ်းမားမှာ ချွေးစရာ နှစ်ယောက်တောင် ရှိတာ... နင့်ကို တတိယနေရာက စဉ်းစားဖို့ မလွယ်ဘူး..."

ညိုမြတို့များ ပြောလိုက်ရင်...။ အတူပြန်ရင်း မုန့်စား မယ်တဲ့... ဘာမှ မဟုတ်ဘူး... အန်တီစောသီရိနဲ့ ညီမြင့်မိုရ် ဘာပြောလဲ... သိပ်သိချင်နေပုံရတယ်။

" ရာပြည့်... နင်ကျွေးရမှာ "

" ရတယ်..."

ကော်ဖီသောက်တော့ အရင်တစ်ခါ ညီမြင့်မိုရ်နဲ့ သောက်... ဆိုင်လို့ အမှတ်မထင် သတိရပါတယ်။ မချစ်ဘူး မုန်းတယ်...



ညီမြင့်မိုရ်ကို ပြောပြီးခဲ့ပေမယ့် အန်တီစောသီရိနှင့်ကျတော့ ဆမ်းမားလည်း အခက်အခဲ ဖြစ်ခဲ့တာပေါ့...။

" ငါသိချင်လွန်းလို့ မနေနိုင်တာနဲ့ နင့်ဆီလာတာ "

" ထင်သားပဲ..."

" ဘာပြောလဲ..."

အန်တီနှင့်လည်း တွေ့ရော... ချက်ချင်းပဲ ဆမ်းမားဘက်က မချစ်နိုင်ပါဘူး... ဟင့်အင်းလို့ ပြောမယ် ကြံရွယ်ရှိသေး အန်တီ အရင် ပြောပါမယ်တဲ့လေ။ ဆမ်းမားရဲ့စိတ်မှာ သားငယ်အပေါ် ခုချိန် ချစ်ခြင်းမရှိဘူးဆိုလည်း ခေါင်းမခါလိုက်ပါနဲ့... အချိန် အတိုင်းအတာကလေးတစ်ခုယူပြီး လေ့လာကြည့်ပါဦး။ အန်တီက ဆမ်းမားကိုမှ ဖြူစင်တဲ့ စိတ်ကလေးကို ချစ်လို့ သမီးတော်ချင်တာတဲ့။

" ဒါဆိုလည်း နင်က ပြောပါလား ဆမ်းမား... သမီး တော်ချင်ရင်လည်း သမီးကြီးဆို ဟုတ်သေးလို့..."

" ကိုမိုရ်ကိုလည်း ငါမချစ်သလိုပါပဲ... ညီမြင့်မိုရ်ကိုတော့ လုံးဝပဲ... ကြည့်လို့ကို မရတာ... တွဲကိုမတွဲချင်တာ... သူနဲ့ အတူအပြင်သွားရင် သူက ငါ့ဘေးကလျှောက်ရင်ကို ငါရှက်နေတာ... ဟိုကကြည့် ဒီကကြည့်နဲ့..."

" ဒီလောက်ဆိုရင်တော့ မယူနဲ့... ငြင်းလိုက်တော့ "

" အန်တီ့ကို ငါ မပြောရက်ဘူးဟယ်... သူ့ရင်းပြတာလေးကို ငါနားလည်နေတယ်..."

" ဒေါ်စောသီရိကို ချစ်တာနဲ့ နင်မချစ်တဲ့ ညီမြင့်မိုရ်ကိုတော့ လက်မခံပါနဲ့လား ဒါဟာ ဘဝခရီးတစ်ခုလုံးရဲ့ အနှောင်အဖွဲ့နော်"

" ညိုမြ... နင်က အချစ်ကို ဘယ်လောက်နားလည်လို့

www.burmeseclassic.com

www.burmeseclassic.com



နွေဦးခင်ကို ဆရာလုပ်နေတာလဲ… သူ့ဘာသာ ဆုံးဖြတ်ပါစေလား"

" ဆမ်းမားဘာသာ ဆုံးဖြတ်ရမယ်ဆိုရင် ညီမြင့်မိုရ်ကို လုံးဝ လက်မထပ်ဘူး… မချစ်ဘူး…"

" မချစ်ဘူးဆိုရင်တော့ ငြင်းသာငြင်းလိုက်…"

ကော်ဖီသောက်ပြီး ရာပြည့်က ပြန်သွားပါပြီ။ ညီမှာနှင့် နှစ်ယောက် အတူလျှောက်လာခဲ့ကြတယ်။ အိမ်နဲ့နီးလာတဲ့ နေရာမှာတော့ ဒီကားကို ဆမ်းမားမသိပဲ နေပါ့မလား…။

" ဆမ်းမား "

" ညီမြင့်မိုရ်…"

" ငါမေးစရာရှိလို့ပါ…"

" ညီမှာ ပြန်နှင့်လေ…"

ဆမ်းမားကို ဘာများ မေးဦးမလို့လဲ။ ငါ့ကို နင်ချစ်နေတာ မဟုတ်လားလို့ ထပ်မေးရင်တော့ ဒီတစ်ခါ ဆွဲကုတ်မိမလားပဲ။

" နင့်ကို ငါမချစ်ဘူးလို့ ပြောပြီးပြီ ဘာမေးမှာလဲ…"

" ငါ့ကိုမချစ်ဘူး ဟုတ်ပါပြီ… ဘယ်သူ့ကို ချစ်လဲ "

" ဟင်… ငါ့ဘာသာ ဘယ်သူ့ချစ်ချစ်… နင်နဲ့ဆိုင်လား"

" ဆိုင်တယ်… ဘာလဲ နင်က ကိုကို့ကို ချစ်နေတာလား"

ညီမြင့်မိုရ်က စကားပြောရင် သူ့စိတ်နဲ့သူ ပြောတတ်တယ်။ သူထင်ရာကိုပဲ သိတဲ့လူပဲလေ…။ စိတ်မရှည်တော့ပါဘူး…။ ဆမ်းမား က သူ့ကိုမချစ်ဘူးဆို မပြီးသေးဘူး… ကိုမိုရ့်ကို ချစ်သလားလို့ မေးတာကတော့ အဓိပ္ပာယ်ကို မရှိဘူး…။

" ဆမ်းမား… ကိုကို့ကို ချစ်လား "

" အဲဒါ နင်မေးစရာမှ မဟုတ်တာ… ကိုမိုရ်က ချစ်မချစ်



သိချင်ရင် ကိုမိုရ်ကိုယ်တိုင်မေးမှ ငါဖြေမယ်…"

" ဟာကွာ…"

" ငါသွားတော့မယ်… မေမေ မျှော်နေလောက်ပြီ…"

" ဆမ်းမားရာ ငါတကယ်သိချင်လို့ မေးနေတာပါ…"

" အေးဟုတ်တယ်… ကိုမိုရ့်ကို ချစ်တယ် ဟုတ်တယ်… သိပြီလား…"

ပြောပြီး ထွက်လာခဲ့ပြီ။ ဒါဆို အေးပြီပဲပေါ့။ ကိုမိုရ့်ကို ချစ်တယ်ဆို အေးသွားတာပဲလေ…။ ညီမြင့်မိုရ်တော့ နေရစ်ခဲ့ပြီ။ ကိုမိုရ့်ကို တကယ်ချစ်နေတယ်လို့ ထင်သွားမှာပဲ။ ကောင်းတယ် မေးချင်ဦးလေ…။

◈

www.burmeseclassic.com

www.burmeseclassic.com

ညီ့ကျတော့ မုန်းတယ် ကိုကို့ကျတော့ ချစ်တယ်တဲ့... ဖြစ်နိုင်ပါတယ် ကိုကိုကလည်း သူ့ကို ဆမ်းမားကသာ ချစ်ရင် ညီ့ကို အားမနာဘူးတဲ့။ ပြီးတော့... နင် သိပ်ရက်စက်တယ် ဆမ်းမားရယ်...။ တကယ်ဆို ကော်ဖီဆိုင်မှာ ညီ့မှာနဲ့ ဝင်သွားတာ တွေ့လို့ လိုက်ခဲ့တာ... နင်တို့ နောက်ကခုံမှာ ထိုင်ရင်း... ကောင်လေး တစ်ယောက်ပါလာလို့ ဝင်မန္တတ်ဆက်ဖြစ်ခဲ့တာပါ...။

ဆမ်းမားဘာသာ ဆုံးဖြတ်ရမယ်ဆိုရင် ညီမြင့်မိုရ်ကို လုံးဝလက်မထပ်ဘူး... မချစ်ဘူးတဲ့...။ ဒီစကားတစ်ခွန်းနဲ့တင် လုံလောက်ပါပြီ...။ ဒါကြောင့် အပြင်မှာပဲ သွားစောင့်နေခဲ့တာ။

ကိုကို့ကို ချစ်တယ်ဆိုတာလည်း သေချာပြီ... ညီ့ကို မုန်းတယ်ဆိုတာလည်း သေချာပြီ... ဟင့်အင်း မရဘူး... ဒီလို အခြေအနေကို ညီ လုံးဝလက်မခံနိုင်ပါဘူး...။

" ညီ ပြန်လာပြီလား... အထဲမဝင်ပဲ ကားထဲမှာ ဘာလို့ ထိုင်နေလဲ..."

" ဒက်ဒီနဲ့ မာမီရော "

" ဒက်ဒီက စာကြည့်ခန်းမှာ မာမီကတော့ ပင်ပန်းလို့ အိပ်ရာဝင်သွားပြီ... မင်းက ဘယ်လျှောက်သွားနေလဲ... ကိုကို့ထမင်း တောင် နောက်ကျနေပြီ "



အခန်းဆီ လျှောက်လာခဲ့ပြီးတော့ ကုတင်ပေါ်မှာ လှဲချ လိုက်တယ်။

" အဝတ်မလဲ ရေမချိုးနဲ့... ထမင်းရော စားပြီးပြီလား ... မင်းဘာဖြစ်နေလဲ... နွေဦးနဲ့ အဆင်မပြေလို့လား "

" မဟုတ်တာ... ညီ့လို ချောမောပြည့်စုံနေတဲ့လူအတွက် ... ဖဲရုပ်ဆိုးက အရေးမပါလှပါဘူး "

" ဖြစ်ရပြန်ပြီ... ဒါဆိုလည်း ကိုကို့ပဲ ပေးလိုက်လေ "

ကိုကို့ပဲ ပေးလိုက်တဲ့။ ကိုကိုက သိပ်ယူချင်နေတယ်ပေါ့...။ ...ရမှာပါ ဟိုကလည်း ကိုကို့ကိုပဲ ချစ်တယ်လို့ ဖြေလိုက်ပါပြီ... ...ကိုကိုရမှာပါ...။

" ထမင်းစားပြီးရင် အဝတ်လဲတော့... ပြီးမှ အိပ်ချင်အိပ်... ...ရေချိုးလိုက်ပါလား စိတ်လန်းသွားတာပေါ့ "

ကိုကို့ကို ချစ်တယ်တဲ့...

ကိုကိုက ဘာတွေချစ်စရာကောင်းလို့လဲ။ သိချင်စွာနဲ့ ကိုကို့ကို ...စိုက်ပြီး ခြေဆုံးခေါင်းဆုံး ကြည့်မိတယ်။ ကိုကို့ပုံစံက သန့်ပြန့်တာ ...တစ်ခုပါပဲ...။ ဆံပင်ကအစ ဝတ်စားဆင်ယင်မှုအဆုံး ရိုးလွန်းနေ ...ပြီ...။

" ညီ... ခုမှ မြင်ဖူးတာလား... ခုမှ မြင်ဖူးတဲ့ လူကို ...ကြည့်နေသလိုပါလား..."

" ကိုကိုက ချစ်စရာကောင်းသလား... ဘာကြောင့် ...ချစ်စရာကောင်းသလဲ "

" ညီရာ... မင်းတော့ ပြဿနာပဲ..."

" ဖြေလေ ကိုကို..."

www.burmeseclassic.com

www.burmeseclassic.com



" ပွင့်ပွင့်လင်းလင်းပြောမှ သေချာပြန်ဖြေလို့ရမှာပေါ့ ညီ..."

ပွင့်ပွင့်လင်းလင်းပြောရမယ်။ ဘယ်လိုပြောရမလဲ...။ ကိုမိုရ်ကို ချစ်တယ်လို့ ပြောလိုက်ရမှာလား၊ ဘာမှမဟုတ်တော့ပါဘူးဆို အိပ်နေလိုက်တယ်။ ကိုကိုကတော့ အသန့်အပြန့်နဲ့ အလှအပကို အင်မတန်အလေးထားတဲ့ ညီမြင့်မိုရ်တစ်ယောက် ရေမချိုး အဝတ်မလဲနဲ့ ဘာဖြစ်သွားပါလိမ့်တဲ့...။

ဘဲရုပ်ဆိုးဟာ တကယ်ပဲ ညီဘဝမှာ အရေးပါနေလို့လား။

တော်စမ်းပါ။ သူလို ကောင်မလေးမျိုးကတော့ အခုလိုချင် အခုရနိုင်တယ်...။ သူ့ကို ဂရုစိုက်မနေတော့ဘူး။ ဒါကြောင့် ရေချိုးဖို့ပြင်လိုက်တော့ ကိုကို ကြည့်နေပါတယ်။

ကိုကို့ကိုပဲ ချစ်ရင်လည်း...

တော်ပါပြီကွာ... တကယ် စိတ်ဆုံးဖြတ်လိုက်တာ ကောင်းပါတယ်၊ ညီကို မုန်းတယ်ဆိုတဲ့ လူနဲ့တော့ ဘဝခရီးကို မလျှောက်တော့ပါဘူး။

ပြောလိုက်တော့မယ်...

မင်းချစ်တဲ့ ကိုကိုနဲ့ပဲ လက်တွဲလိုက်ပါတော့လို့လေ...။

အဲဒါကောင်းပါတယ်...။ သည်သို့ ဆုံးဖြတ်ပြီးပါလျှ ဘာလို့ စိတ်တွေက ညစ်ထေးလေးလံနေရတာပါလိမ့်။

◈

" ဆမ်းမားကို ညီမြင့်မိုရ်နဲ့ လက်ထပ်ဖို့ကိစ္စ မေမေ လက်ခံလိုက်တော့မယ် ဆမ်းမား "

" ရှင်..."

ဘယ်လိုမှ မယုံကြည်နိုင်တဲ့ စကားတစ်ခွန်းကို မေမေ့ဆီမှ ကြားရတယ်။ ဆမ်းမားကို ချစ်သူရှိမှာ အိမ်ထောင်ပြုမှာ မေမေ စိုးထိတ်ခဲ့တာ အမြဲ မဟုတ်လား။ ဆိုးဝါးတဲ့ အိမ်ထောင်ရေးကြောင့် မေမေ ခုထိစိတ်နာ ကာင်းစရာတွေ ရှိတယ်ဆိုတာ ဆမ်းမားသိတာပေါ့။ ဒါကြောင့်လည်း သူတို့နှစ်ယောက်ကို မချစ်ပါဘူးလို့ ကတိပေး ခဲ့ပြီးသားပဲ...။

" ဘာလို့လဲမေမေ... ဆမ်းမားက လောလောဆည် အန်တီ့ကို အားနာလို့ လေ့လာမယ်လို့ ပြောပေမယ့် ညီမြင့်မိုရ်ကို ပြောပြီးသားပါ... မချစ်နိုင်ဘူးလို့ ပြောပြီးပါပြီ "

" ဘာလို့လဲ သမီး "

" တကယ်ပါ မေမေ... ညီမြင့်မိုရ်ရဲ့ အမြဲလို လှပပြီး ကျော့မော့နေတဲ့ ပုံစံ... အပြင်အဆင်တွေကလည်း မျက်စိနောက် လောက်အောင် ရှုပ်ပွနေတာ... ဆမ်းမားက အိမ်ထဲမှာပဲ ရိုးသား နေခဲ့ရသလို မေမေနဲ့ မမခက်က ယဉ်ကျေး သိမ်မွေ့တဲ့ ဂ ရရ အဝတ်အစားတွေပဲ ဆင်ခဲ့တော့... မျက်ဝန်းမှာ အဆင် ပြေသလို...

www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ အတူတွဲရမှာတောင် ရှက်တယ် "

ဆမ်းမား ခုလိုပြောတော့ မေမေက တွေတွေလေးငိုင်နေရင်းမှ ပြောလာပါတယ်။

" ဒါဆိုရင်တော့ ညီမြင့်မိုရ်ကို ဆမ်းမား လက်ထပ်သင့်တယ်"

" ဘာလို့လဲ မေမေ "

" တစ်ချိန်က... ကိုဇော်လတ်ကို မေမေလည်း အဲလိုပဲ မြင်ခဲ့တာ... အဲဒါက သူ့အပြင်အဆင်ကို မနှစ်သက်တာပဲ... သူ့မှာ ဖြူစင်ပြီးတော့ သစ္စာရှိတဲ့ အချစ်ရှိလိမ့်မယ်ဆိုတာ မေ့နေခဲ့မိတယ်... အခု ကိုဇော်လတ်ကို သမီးလည်း မြင်နေတာပဲ... အသက်အရွယ်ရ လာတော့ ဝတ်စားပြင်ဆင်တာ ရင့်ကျက်လာသလို သူ့မိသားစုအပေါ် ကြင်နာချစ်ခင်တဲ့ ခင်ပွန်းကောင်းတစ်ယောက် မဟုတ်လား... မကြိုက်တာက ပြင်ဆင်လို့ရပါတယ်... နှလုံးသားက ပြင်ဆင်လို့ မရဘူး... ဖြူစင်တဲ့ မေတ္တာတရားမျိုးရှိရင် မကြိုက်တဲ့ အပြင်အဆင်ကို ချစ်ခြင်းကတဆင့် တဖြည်းဖြည်း ပြင်ယူလို့ ရပါတယ်... မေမေ့ကို နာမူနာယူပြီး သူ့နှလုံးသားကို အရင်ဆုံးကြည့်ပါ ဆမ်းမား..."

မေမေက ဒီလိုမျိုး သူ့အကြောင်း သူ့ခံစားချက်ကို... ဆမ်းမား သိအောင် မပြောခဲ့ပါဘူး။ ဒီတစ်ခါတော့ ဆမ်းမား နားလည်စေချင်လို့ ပြောတာနေမှာ...။

ညီမြင့်မိုရ်ရဲ့ နှလုံးသားကို အရင်ဆုံးကြည့်ရမတဲ့...။

ဆမ်းမားကို ချစ်တယ်လို့ မပြောပါပဲ... ငါ့ကိုနင်ချစ်နေတယ် မဟုတ်လားတဲ့... အတော်ချစ်ချင်စရာကောင်းမယ့်လူ...။

" ခဏတော့ နေပါဦး မေမေ... ဆမ်းမား သူ့ကို ခဏ ကြည့်ပါရစေ... အန်တီကလည်း မငြင်းပါနဲ့လေ့လာလို့ ပြောပါတယ်"



" အင်းလေ... မေမေပြောတာ မမေ့ပါနဲ့ သမီး... မေမေ့က ဆမ်းမားကို မေမေ့လို အိမ်ထောင်ရေးမှာ စိတ်ဆင်းရဲနေရမှာ မမြင်ချင်ပါဘူး... ခုချိန်ကျမှ နောင်တတွေထဲမှာလည်း မရှိစေချင်လို့ မေမေ့ဘဝကို ဖြေသိမ့်ပေမယ့် အဘွားနဲ့ ညီအစ်မတွေရဲ့ နှိမ့်ချမှု ကိုမြင်ရင် မေမေကိုက မှားခဲ့တာ... သူတို့က မှန်နေလို့ နောင်တတွေ ရသလိုပဲ... အဲလို ဆမ်းမား မခံစားစေချင်ဘူး..."

" ဟုတ်ကဲ့ပါ..."

" ဆမ်းမား သွားတော့မလား... မမခက် ကော်ဖီဖျော်နေ တယ်လေ "

" မသောက်တော့ပါဘူး... ကားရောက်နေပြီ "

ကားရောက်နေလို့ တံခါးဖွင့်လိုက်တဲ့အချိန်မှာတော့ ညီမြ ဈေးက ပြန်လာပါလား။

" ဆမ်းမား ညနေလာခဲ့ဦးမယ်...ကိုကိုနဲ့ ညီညီ ရွေးရ ခက်နေမှာ ငါတော့မြင်ယောင်တယ် "

" ညီမြာနော်..."

ညီမြာတစ်ယောက် တခစ်ခစ်ရယ်ပြီး လှေကားတွေအတိုင်း ပြေးတက်သွားပါရောလား။ ဒီတော့မှ ကားဆီ ကြည့်မိတာ။ ကိုမိုရ်ပါလား ဒါကြောင့် ပြောတာကိုးလို့ သိလိုက်ရပါတယ်။ ဒီနေ့တော့ ညီမြင့်မိုရ်မလာပါလား။

" နွေဦး မောင်းတာ စီးမယ် ဖြစ်မလား "

" ရပါတယ်... ကိုမိုရ် "

" ဘာစားခဲ့ပြီလဲ "

" ဟင့်အင်း... ဟိုတစ်ခါက..."

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဆန်းမားစိတ်မှာ ညီမြင့်မိုရ် သာကြိုမယ်ပဲ ထင်ခဲ့တာ။ ဟိုတစ်ခါက ကိုမိုရ်နှင့် စားခဲ့ပြီဆိုတော့ စိတ်ဆိုးသွားတာရို ဘာမှမစားပဲ လာခဲ့ကာမှ… ညီမြင့်မိုရ် မဟုတ်ဘူး ဖြစ်နေတာယ်လေ…။

" ကိုယ့်မှာ နီလာ မရှိတော့ဘူးလို့ မာမီပြောလိုက်တော့ လွတ်လပ် ပျော်ရွှင်သလို ခံစားရတာယ် နွေဦးရဲ့… နီလာတို့ကြောင့်လည်း မာမီ ခံစားချက် ပြောင်းသွားတာပါ… အရေးကြီးတာ ပြုစင်တဲ့ စိတ်ဓာတ်နဲ့ နူးညံ့တဲ့ နှလုံးသားဆိုတာ မာမီ ပိုင်သွားတာပေါ့…"

ကိုမိုရ်က ဆမ်းမား ကားမောင်းရအောင်ဆို ခပ်ဝေးဝေးမှာ မုန့်သွားစားကြမယ်တဲ့။

" ညီနဲ့ နွေဦး စကားများထားလား "

" သူနဲ့က စကားအခွန်းတိုင်း များတာလေ ကိုမိုရ်ရဲ့… အဲဒီတော့ အမြဲ စကားများနေရတာ…"

" ဒီလိုဆို နွေဦးတို့ ဘဝတစ်လျှောက်လုံး ဘယ်လို လက်တွဲမလဲ… တစ်ယောက်နဲ့တစ်ယောက် အဆင်ပြေအောင် ညှိနှိုင်းပါလား…"

ကိုမိုရ်ကလည်း ဆမ်းမားနှင့် ညီမြင့်မိုရ် လက်ထပ်ဖို့ကို သိနေပြီပေါ့လေ…။ တစ်မိသားစုတည်းဆိုတော့လည်း သိရမှာပေါ့…။ ညီမြင့်မိုရ်နှင့် ဘာတွေ ညှိနှိုင်းရမှာလဲ။

" ငါ့ကိုနင်ချစ်နေတယ် မဟုတ်လား ဆမ်းမား ဆိုတဲ့ ညီမြင့်မိုရ်အမေးကို ဆမ်းမား ဘယ်လို ညှိနှိုင်းပြီး ဖြေပေးရမလဲ ကိုမိုရ်…"

" ညီက အဲလိုမေးသလား "

ကိုမိုရ်ကတော့ ရယ်နိုင်တာပေါ့။ ဆမ်းမား ဘယ်လောက် စိတ်ဆိုးရလဲ…။

" နွေဦး ဘယ်လို ဖြေလိုက်လဲ…"

" လုံးဝမချစ်ဘူး… မုန်းတယ်လို့ ဖြေလိုက်တယ် "

" ကောင်းရောကွာ… ဒါကြောင့် ညီတစ်ယောက် မှိုင်တွေကျနေတာကိုး…"

နောက်ပြီးတော့ ကိုကို့ကို ချစ်လားလို့ မေးတာကိုတော့ ပြောမပြတော့ပါဘူး။ ကိုမိုရ့်ကို ချစ်တယ်လို့ ဆမ်းမား အရွဲ့တိုက်ပြီး ဖြေခဲ့မိတာကိုး။ ညှိနှိုင်းဖို့တွေလည်း စိတ်ပျက်စတော့ ပြုနေခဲ့ပြီလေ…။

◈



www.burmeseclassic.com

www.burmeseclassic.com

ကိုကိုနှင့်ကျတော့ ရယ်လို့မောလို့... ပျော်မှာပါ... ကိုမိုရဲ့ကို ချစ်တယ် ဆိုတာ အမှန်တွေ ပြောတာနေမှာပါ... တော်ပြီ... မပျော်သေးဘူး ညီမြင့်မိုရ်ကိုများ မချစ်ဘူးတဲ့... နွေဦးခင်ဆိုတာ ဘာမို့ ဒီလို ငြင်းဆန်ရသလဲ... နေနှင့်ဦးပေါ့... ညီမြင့်မိုရ်ကို ဆမ်းမားချစ်ပါတယ်လို့ ပြောလာမှ မင်းကို ငါမချစ်ဘူး မုန်းတယ်လို့ ပြန်ပြောမယ်...။

နွေဦးခင်က ဘာများပြည့်စုံလဲ...

အလှဘာရှိလဲ...

ညီမြင့်မိုရ် တွေ့ဖူးသမျှ ကောင်မလေးတွေမှာ အညံ့ဆုံးပါ...။ ကြည့်သေးတာပေါ့... ညီမြင့်မိုရ်ကို မုန်းတယ်ပြောရာက ချစ်တယ်လို့ ပြောလာတော့မှ...။

" ဟင်... အဲဒီစာရင်းတွေကို ညီမြင့်မိုရ် ယူလာတာလား"

" အင်း..."

" ဆမ်းမားယူပြီး ဟိုဘက်ခန်းမသွားမလို့..."

" ရော့..."

ဖိုင်တွေကို လှမ်းပေးလိုက်တယ်။

လက်သည်းတွေကလည်း တုံးတိတိနဲ့ မလှပလိုက်တာ...။ ဆမ်းမားရဲ့ အချစ်ကို ယူမယ်ဆိုရင်တော့ အများကြီး သည်း



ဟန်ဆောင်ရမှာပါလား။

" ဆမ်းမား "

" ဟင် "

" ငါ တကယ်သိချင်လို့ပါ... ငါ့ကို ဘာလို့ မုန်းတာလဲ"

" မချစ်လို့..."

" ဘာလို့မချစ်ရတာလဲ "

" ချစ်စရာ မကောင်းလို့..."

" ဘာလို့ ချစ်စရာမကောင်းလဲ "

" မသိဘူး... နင့်ပုံစံကို ငါမကြိုက်ဘူး..."

" ငါ့ပုံစံ..."

ဒီလောက် ခေတ်မီမီ လှပချောမောတဲ့ ပုံစံကို မကြိုက်ဘူးတဲ့။ အံ့သြပါရဲ့...။ တကယ့်ကို မကြုံဖူးလောက်အောင်...။ စိတ်ထဲရှိသလိုဆို နင်မကြိုက်လည်း ငါကြိုက်တယ်... ငါက ခုလို လှပချောမောနေအောင် ပြင်ဆင်ရတာ ကြိုက်တယ်လို့ ပြောမိမယ်...။ အခုတော့ သည်းခံ ညီမြင့်မိုရ်... စကားအခွန်းတိုင်းမှာ ရန်ဖြစ်နေရရင် သူ့ရဲ့အချစ်ကို ဘယ်ရမလဲ။ ဒါဆို... လိုချင်တဲ့ အခြေအနေကို ဘယ်ရောက်နိုင်ပါ့မလဲ။

" ငါ့ပုံစံကို နင်မကြိုက်ဘူး... ဘယ်လိုပုံစံမှလဲ..."

" ကိုမိုရ်လို ရိုးသားတဲ့ပုံ..."

ငါက ငါ...

ကိုကိုက ကိုကိုလို့ အော်ထည့်လိုက်ချင်တယ်...။

ဒါပေမယ့် ဟန်ဆောင်နေရလိမ့်ဦးမယ်။

" ကောင်းပြီလေ မနက်ဖြန်စောစော ငါလာကြိုမယ်..."

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတာနဲ့ ထွက်လာခဲ့ပါပြီ။ ဖိုင်တွဲတွေကို မာမီ ပို့ခိုင်းတဲ့ဆိုင် ဝင်ပေးခဲ့တယ်။ ပြီးတော့ ကိုကို့ကို ထမင်းလာစားမယ်လို့ ဖုန်းဆက်လိုက်တယ်လေ။ ကိုကိုနှင့် ဆမ်းမား အဆင်မပြေခင်မှာ ဆမ်းမားရဲ့ ချစ်တယ်ဆိုတဲ့ စကားကိုရဖို့ လိုအပ်တယ်။

" ညီ... ကိုကိုနဲ့ ထမင်းစားချင်တယ်... အဲထူးအဆန်းပါ လား... ဘာလဲ ကိုကို့ကို ထမင်းကျွေးပြီး ကျွန်တော့်ရဲ့ နွေဦးခင်ကို ကိုကို မချစ်ရဘူးလို့တော့ ပြောမလို့ မဟုတ်ပါဘူးနော် "

" ဟုတ်တယ် ပြောမလို့ "

" နွေဦးကို ညီ တကယ်ချစ်ရင်... နင့်ကို ငါချစ်တယ် ဆမ်းမားလို့ ပြောရမှာ... ဘာလို့များ ညီက... နင်ကငါ့ကို ချစ်နေသလားလို့ မေးရတာလဲ... မင်းကတော့လေ..."

" ကိုကို့ကို ဆမ်းမားကပြောလား "

" အင်း..."

" ဘာလို့ ကိုကို့ကို ပြောရတာလဲ "

" နွေဦးက ငါ့ကိုချစ်လို့ ဖြစ်မှာပေါ့..."

စားလက်စ ဖွန်းနှင့်ခက်ရင်းကို ချထားပြီး ထွက်သွားမယ်ဆို့ ကိုကိုက လက်ကို ဆွဲထားတော့တာ... ပြီးတော့မှ...။

" ဘဲရုပ်ဆိုးကိုမရလည်း အရေးမကြီးဘူးဆို ခုတော့ အရေးကြီးနေပြီလား "

" မကြီးပါဘူး "

" ညီနဲ့ နွေဦး အဆင်မပြေတာဟာ အဲလိုမျိုး ညီ့ရဲ့ မာနကြောင့်... ညီက စကားကို အဆင်ပြေအောင် မပြောဘူး... ရင်ထဲက ခံစားချက်ကို အပေါ်ယံမာနနဲ့ ဖုံးအုပ်ပြီး စကာ



အတင်မခံနိုင်သလို ဖြစ်နေတာ... ဘာဖြစ်လဲ ချစ်ရင် ချစ်တယ်ပေါ့... ပွင့်လင်းမှ အဆင်ပြေမှာပေါ့..."

စကားပြောရတာလည်း အဆင်မပြေသလို စိတ်လည်း အဆင်မပြေပါဘူး။ ဆမ်းမားဆိုတဲ့ ကောင်မလေးက ဘာမို့လို့ ဒီလိုဖြစ်နေတာလဲလို့ စိတ်မှာ မခံစားနိုင်ဘူး ဖြစ်နေတာ။

" ညီကလည်း သူ့ကို..."

မချစ်ဘူးမုန်းတယ်လို့ ပြောချင်တယ်... ဒါပေမယ့် ဘာလို့ ပြောမထွက်ခဲ့လဲ...။ ကိုကိုကတော့ ခပ်အေးအေး ပြုံးနေတာပါပဲ...။ ဒါပေါ့လေ နွေဦးခင်အတွက် ကျော်မြင့်မိုရ်က အရေးကြီးတာကိုး...။

" နွေဦးဘက်က နည်းနည်းလျှော့သင့်သလို... ညီ့ဘက်က လည်း နည်းနည်းလျှော့... ဒါဆို အဆင်ပြေပါပြီ "

ဘာကိုလျှော့ရမလဲ... ညီ့ဘက်က ဘာမှ လျှော့စရာ မရှိဘူး။ သူ့ဘက်ကပဲ လျှော့ရမှာ...။

◈

www.burmeseclassic.com

www.burmeseclassic.com

လာကြိုမယ် ပြောတော့ ညီမြင့်မိုရ်… အခုတွေ့တော့ ကိုမိုရ်ပါလား။ ကျောခိုင်းရင်း ကားကိုမှီနေတော့ နောက်မှနေတွေ့ရတာ…။ ဒါကြောင့် ကိုမိုရ်ပါလား ကိုမိုရ်လို့ ခေါ်မယ်ပြင်ကာမှ… နောက်လှည့်ကြည့်လာတယ်…။

" သြော်…"

ညီမြင့်မိုရ်ကို မယုံနိုင်စွာ ကြည့်မိပါတယ်…

မနေ့ကတင် ဆံပင်နီကြောင်ကြောင်တွေက အခုမရှိတော့ဘူး…။ ခပ်ညီညီ ဆံပင်တွေကို တိုတိုပြန်ညှပ်ထားပါလား။ အင်္ကျီလက်ရှည် မီးခိုးနဲ့ စတိုင်ဘောင်းဘီ အနက်ကို ဝတ်ထားတယ်။ ပုံစံက သိပ်ငြိမ်ပြီး ကြည့်ကောင်းသွားတာပါလား..။

" ဆမ်းမား မောင်းရမလား…"

" မောင်းလေ…"

ခုလိုမျိုး စကားမပြောပဲ ငြိမ်သက်နေတော့ အဆင်မပြေမ… ကပ်ဖဲ့ဖဲ့ စကားမျိုးတွေ မကြားရတော့ပါဘူး။

" ဘာစားမလဲ ညီမြင့်မိုရ်…"

" ခြံထဲသွားရအောင်…"

" ခြံထဲ…"

" အင်းလေ… ဒေါ်လေးက မင်းကြိုက်လို့ဆို အုန်း…



ခေါက်ဆွဲ ချက်ထားမယ်တဲ့… စားနေကျအတိုင်း သုံးပွဲလောက်သွားစားတာပေါ့…"

" ကောင်းတာပေါ့…"

ခြံထဲရောက်တော့ ဒေါ်လေး ပန်းသွားခူးတယ်ဆိုလို့ ပန်းပင်တွေကြား လိုက်သွားခဲ့တာပါ…။ ဒါက ဘယ်နေရာလဲလို့တောင် ညီမြင့်မိုရ်ကို မေးယူရတယ်… ဆမ်းမား ရောက်ဖူးတဲ့ ခြံကြီးရဲ့ ဟိုးနောက်ဘက်မှာ ခြံကြီးတစ်ခြံ ရှိနေသေးတာပါလား။

" ဒီနေရာကို ဆမ်းမား တစ်ခါမှ မရောက်ဖူးဘူး "

" ရောက်ဖူးမလား… ဒီခြံကို မာမီက ရည်ရွယ်ချက်နဲ့ ဝယ်လိုက်တာ… နှစ်ပတ်တောင် မရှိသေးဘူး "

" ရည်ရွယ်ချက်…"

" အင်းလေ… ညီမြင့်မိုရ်နဲ့ နွေဦးခင် လက်ထပ်ပြီးရင် နေဖို့ဆိုပြီးတော့ပေါ့ "

" ဟင် "

အန်တီက ဒီလောက်ထိ ရည်ရွယ်နေတာလား။ မေမေကပါ သဘောတူတယ် ဆိုတော့… ညီမြင့်မိုရ်ကို ဆမ်းမား သေချာ လက်ထပ်ရမတဲ့လား။

" ဒီအိမ်လေးက ဝယ်တည်းက ပါလာတာလား "

" ဒါပေါ့…"

" ချစ်စရာလေး… တိုက်တွေထက်စာရင် အဲလိုမျိုး ပျဉ်ထောင်အိမ်လေးတွေကို ဆမ်းမားက ပိုကြိုက်တယ်… အိမ်ကလေး… ချစ်စရာလေး…"

" လက်ထပ်ပြီးရင် နေရမှာပါ…"

www.burmeseclassic.com

www.burmeseclassic.com



" သိပ်သေချာမနေနဲ့..."

" ဆမ်းမား ကြိုက်တာ ဘာလဲ ပြောလေ... မင်းကြိုက်အောင် နေပါ့မယ် "

" ဘာကိုလဲ "

" ဘာကိုပဲ ဖြစ်ဖြစ်ပေါ့... အဝတ်အစားဝတ်တာ မကြိုက်ဘူးဆိုလို့ ဒီလောက် ရှိုးတုံးနေတဲ့ပုံကို မနည်းရွေးဝတ်ရတာ..."

ဒီနေ့ ဒီမှူ ခန့်ထည်ချောမောပါလျှက်... ရှိုးတုံးနေတဲ့ပုံတဲ့လား။ ဆမ်းမားတို့နှစ်ယောက်ဟာ အဲဒီလောက် အကြိုက်ချင်းကွာခြားပါသလား...။

" နင်နှစ်သက်တဲ့ အခြေအနေအတိုင်းပဲ နေသင့်ပါတယ်... ဆမ်းမား အကြိုက်ကို လိုက်ပြောင်းမယူပါနဲ့..."

" ဒါဆိုရင် ဆမ်းမားနဲ့ ဝေးသွားမှာပေါ့..."

ဆမ်းမားတို့ နီးနိုင်မလား...။

နှစ်ဘက်မိဘ သဘောကျနေပြီဆိုတော့ အများကြီးနီးစပ်နိုင်ပါတယ်။ ဒါပေမယ့် ခုချိန်ထိ ဆမ်းမား ပြတ်သားစွာ မဆုံးဖြတ်ရသေးပါဘူး။ မကြိုက်တာက ပြင်ဆင်လို့ရတယ်။ နှလုံးသားက ပြင်ဆင်လို့ မရဘူးတဲ့။ နှလုံးသားကို အရင်ဦးဆုံးကြည့်ရမတဲ့။

တကယ်ပဲ ဆမ်းမားကို ချစ်တာလား...။

" ဆမ်းမားနဲ့ ဘာလို့နီးချင်ရတာလဲ "

" ချစ်လို့ပေါ့ "

ညီမြင့်မိုရ် ဒီလိုပြောတော့ ဆမ်းမား ပြုံးရပါပြီ... ချစ်လို့တဲ့လား။ ဒီလိုမျိုး ဟိုးအစကတည်းက ပြောလိုက်၊



အခြေအနေက ရှင်းနေပါလျက် စကားကို အမြဲလို အနိုင်ယူပြောချင်သူရဲ့ ခံရခက်သော စကားမျိုးတွေ...။

" ဖြေပါလား "

" ဘာကိုဖြေရမှာလဲ "

" ညီ့ကို ချစ် မချစ် "

" ဖြေဖူးပြီးပြီပဲ "

" မချစ်ဘူးဆိုတဲ့ အဖြေမလိုချင်ဘူး... မချစ်ရင် ချစ်အောင်ဘာတွေ ပြုပြင်ပေးရမလဲ... ပြောပါ..."

ဆမ်းမားဘက်ကမချစ်ဘူးဆိုရင် ညီမြင့်မိုရ်နှင့် လက်ထပ်စရာမလိုတော့ဘူး ထင်ခဲ့တာ။ ဒီလို မဟုတ်ဘူးလား။ ချစ်အောင်ဘာတွေပြုပြင်ပေးရမလဲတဲ့...။

" ဟင့်အင်း... ဆမ်းမား မသိဘူး..."

" ဆမ်းမားရင်ထဲမှာ ချစ်နေတဲ့လူ ရှိလို့လား "

" ဟင့်အင်း... ဒါလည်းမရှိဘူး "

" ဒါနဲ့ ကိုကို့ကို ချစ်တယ်ဆို..."

" ဒါကလည်း ညီမြင့်မိုရ် ဇွတ်အတင်း လျှောက်မေးနေလို့ လျှောက်ပြောလိုက်တာ..."

" မုန်းတယ်ဆိုတဲ့ စကားကလည်း ဒီလိုပဲ လျှောက်ပြောလိုက်တာဆို သိပ်ကောင်းမှာပါပဲ..."

ဆမ်းမားရယ်မိပြီ... ဒါလည်း ဟုတ်ပါတယ်... စိတ်ပျက်လို့ပြောမိတာပါပဲ။ ဆမ်းမားအတွက် အချစ်အမုန်း ဒါတွေကို ပြတ်သားစွာ ခွဲကြည့်မိခြင်းလည်း မရှိပါ။

" ဒေါ်လေးစန်း မျှော်နေမယ်... ဆမ်းမားလည်း [illegible]ဆာ

www.burmeseclassic.com

www.burmeseclassic.com



နေပြီ... သွားရအောင်လေ..."

" မတည့်တဲ့အစာတွေ အများကြီး မစားပါနဲ့လား... မင်းကို စိတ်ပူတယ်..."

" စိတ်ပူတယ်..."

" အင်း... ချစ်တတ်လာရင် စိတ်ပူတတ်လာတာပါပဲ..."

" ဟုတ်ရဲ့လား ညီမြင့်မိုရ်ရယ်... နင်က တကယ်ပဲ ဆမ်းမားကို ချစ်တာရော ဟုတ်ပါ့မလား... ဆမ်းမားက ဘဲရုပ်ဆိုးဆို မင်းလို အလှအပကို အင်မတန် မြတ်နိုးတဲ့လူက ဆမ်းမားကို ချစ်တယ်ဆိုတာ ယုံစရာ မရှိသလိုပါပဲ..."

" ဘာကယ်ချစ်တာ..."

ဆမ်းမားစိတ်မှာတော့ ယုံရခက်နေသလိုပါပဲလား။ ကိုမိုရ်က ချစ်တယ်လို့ ပြောလာရင်တောင်မှ ယုံစရာရှိဦးမယ်။

ဒေါ်လေးစန်း ပြင်ပေးတဲ့ အုန်းနို့ခေါက်ဆွဲစားတော့ သံပုရာသီး ပန်းကန်ကို အနားတိုးပေးတယ်။ ညှစ်ပေးရမလား။ အချဉ်များများစားမှ နောက်တစ်ပန်းကန် ထည့်ခွင့်ပေးမယ်တဲ့။ တား အလှကြိုက်တဲ့လူကို ညစ်ပတ်အောင် အချဉ်ညှစ်ပေးလို့ ပြောလို့ တာ...။ ဒေါ်လေးစန်းက ပြုံးပြီး ထွက်သွားတယ်...။ သံပုရာရဲ့ လက်ပေတာကိုတောင် ချက်ချင်း နှာခေါင်းလေးရှုံ့ပြီး လက်သွားဆေး ကိုအလှကြိုက်ကတော့ သနားစရာပဲ။ အလှအပကြိုက်ပေ အသန့်အရှင်းကပါ တွဲပါနေပါရောလား။

" လှချင်တာရယ် သန့်ပြန့်ချင်တာရယ်ကလည်း တစ်ခု စွန်းရောက်ရင် မကောင်းဘူး... အစွန်းရောက်ရင် စိတ္တဇောက်ကူး..."

" အရူးလို့ ပြောတာလား "



" ရူးစပြုပြီလို့ ပြောတာ..."

" မင်းနဲ့လက်ထပ်ပြီး၊ အခြေအနေ ပိုဆိုးသွားရင်ကော..."

" အရှယ်က အရာအားလုံးကို ရင့်ကျက်မှုနဲ့ ပြုပြင်ပေး လိမ့်မယ်ဆိုတာ ဆမ်းမား နှစ်သက်လက်ခံပါတယ်..."

ဒေါ်လေးစန်း ခူးထားပဲ့ လှပသော ပန်းများစွာကို တွေ့ရတော့ ဆမ်းမား နှစ်သက်ပါတယ်။ ဒါကြောင့်လည်း ခြံထဲလာရင် ဆမ်းမား ကြည်နူးရတာနေမှာပါ။

" ဆမ်းမား... မင်းကို တစ်ခုတောင်းပန်မယ်... မင်းဆံပင်ကို တစ်ခါလောက် ဖြောင့်ကြည့်ပါလား... မင်း ခုထက် ပိုလှလာမယ်..."

" အလှပြင်နေရတာ အချိန်တွေကို ဖြုန်းနေသလိုပါပဲ ညီမြင့်မိုရ်ရယ်... မင်းသမီးတွေ မော်ဒယ်လ်တွေ သတို့သမီးတွေလို အချိန်အတိုင်းအတာတစ်ခု လှဖို့လိုတဲ့သူတွေ သူတို့ အချိန်ကုန်ခံ အလှပြင်တာကို ဆမ်းမား လက်ခံပါတယ်... ဒါပေမယ့် ဆမ်းမားက ဘာမှမဟုတ်ပဲ... နာရီအတော်ကြာ အချိန်ပေး အလှပြင်နေရတာ မနှစ်သက်ဘူး... ဒီဆံပင်တွေ အမေမွေးတည်းက ပါလာတာပါ ဒီအတိုင်းပဲ မကောင်းဘူးလား..."

ဆမ်းမားပြောတော့ ဘာမှမပြောတော့ပါပဲ ကြည့်နေပါတယ်... ပြောရ ခေါင်းမာလို့ စိတ်ပျက်နေတာမျိုးလား...။

" ချစ်တယ်..."

လှပသော သစ်ခွတစ်ပွင့်ကို နမ်းရင်း ပြောလာတယ်... ပြီးတော့ အဲဒီသစ်ခွကိုမှ ဆမ်းမားလက်ထဲ ထည့်ပေးတယ်...။

ညီမြင့်မိုရ်ကို ဆမ်းမား မြင်ရတာတော့ ရုပ်ရှင်ကားတစ်ကားက င်းသားတစ်ယောက် သရုပ်ဆောင်နေသလိုပါလား။ ဒီလိုလှ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့် ထာဝရလက်တွဲသွားဖို့ဆိုတာ ဆမ်းမားအတွက် ဖြစ်နိုင်ပါ့မလား။

◈

" ကိုကို "

ရေးလက်စ စာအုပ်ကို ပိတ်ပစ်လိုက်တယ်။ ကိုကို ဝင်လာတာကို ညီ မသိလိုက်ဘူးလေ။ ကိုကိုကတော့ ညီ့ခေါင်းကို လက်သီးနှင့် ဖွဖွတွန်းလိုက်ပြီးတော့မှ ခိုးကြောင်ခိုးဝှက် ဘာတွေ ရေးနေလဲတဲ့... ဘယ်တုန်းကမှ ဒိုင်ယာရီ မရေးတဲ့ ညီမြင့်မိုရ် ဘာတွေများ ရင်မဆန့်လို့ စာရွက်ပေါ် ရောက်ကုန်သလဲတဲ့လေ။

" မင်းရင်ခုန်နေတာ ကိုကိုသိပါတယ်... အန်တီနှင်းကပါ မင်းတို့ နှစ်ယောက်လက်ထပ်ဖို့ကို ခေါင်းညိတ်လိုက်ပြီ မဟုတ်လား..."

" ကိုကိုပြောသလို့ ညီ အများကြီး လျှော့ချပေးရတာပါ"

" ဒါကတော့ ညီရယ်... ချစ်ရင် ချစ်တဲ့လူက ပိုအနစ်နာခံရမယ်... ပိုဖြည့်ဆည်းရမယ်... နောက်တော့ နှစ်ယောက်လုံးက ချစ်တာတွေ တူညီပြီး သာယာတဲ့ အိမ်ကလေးတစ်အိမ်ကို ရလာမှာပါ..."

ကိုကိုရောက်လာပြီဆိုတော့... ရင်မဆန့်တာတွေလည်း ဆက်မရေးသင့်လို့ သိမ်းထားလိုက်ရတယ်။ အန်တီနှင်းကပါ သဘောတူထားပြီဆိုတာ မာမီ ပြောလို့ သိပြီးပါပြီ။

" ဆမ်းမားက သိပ်အေးဆေးနေတော့ သူက ခြံထဲမှာ ပျော်ရွှင်စွာနေမယ်ဆို မာမီတော့ အနားမှာနေဖို့ လူရှာပြီးတော့မှာ

www.burmeseclassic.com

www.burmeseclassic.com



ပါလား... ဒါတွေကို ညီ ဦးဆောင်လည်း ရပါတယ်..."

" ဒက်ဒီ့ အလုပ်တွေကို ညီ ကူနေပြီလေ ကိုကိုရဲ့... မာမီ့လုပ်ငန်းတွေ အားလုံးပါ ယူရရင် ဆံပင်ဆိုးစရာ မရှိအောင် အကုန်ကျွတ်ကုန်လိမ့်မယ်..."

" ညီအစ်ကိုနှစ်ယောက် ထမင်းမစားပဲ ဘာတွေ သဘောကျနေလဲ ဒက်ဒီ စောင့်နေပြီ..."

ကိုကိုကတော့လေ...။ ရောက်တာနဲ့ ရေချိုးပြီးမှ ထမင်းစားပါလား။ ခုတော့ မာမီခေါ်ရင် လိုက်လာလိုက်တာပဲ။ ညီကပဲ အသန့်ကြိုက်လွန်းနေတာလား... တစ်ဘက်စွန်းရောက်ရင် စိတ္တဇ ဖြစ်မယ် ဆိုတာလေး သတိရမိပါတယ်... တစ်ယောက်တည်း ပြုံးရတာပေါ့...။

" ခြံထဲက အိမ်ကလေးကို သားငယ် စိတ်ကြိုက် ပြင်ဆင်တော့လေ... နှင်းနှင်းကပါ သဘောတူလိုက်ပြီဆိုတော့... မာမိ လက်ထပ်ဖို့ ပြင်တော့မယ်..."

" ဆမ်းမားက..."

တကယ်ဆို ဆမ်းမားက လက်ထပ်ပါမယ် ပြောသေးလို့လားလို့ မေးမလို့ပါ...။

" ဆမ်းမားကပြောတာ ပြောရဦးမယ်... သူလက်ထပ်ဆို လက်ထပ်ပါမယ် ဒါပေမယ့် ခမ်းနားကြီးကျယ်စွာတော့ လက်မထပ်ချင်ဘူးတဲ့..."

ခမ်းနားကြီးကျယ်စွာ လက်မထပ်ချင်ဘူးတဲ့လား။ မိန်းကလေး တစ်ယောက်အတွက် မင်္ဂလာပွဲဆိုတာ တစ်သက်တစ်ခါပဲလေ...။ ခမ်းနားလေ ကြီးကျယ်လေ မကောင်းပေဘူးလား။



အခုတော့ ခုလိုမျိုးတွေးတဲ့ နွေဦးခင်တဲ့လား...။

" မာမီကတော့ သားနှစ်ယောက်လုံးကို ခမ်းနားကြီးကျယ်စွာ လက်ထပ်ပေးဖို့ စဉ်းစားထားတာ... အခုကျတော့ ဘာပြောရမှန်းတောင် မသိဘူး... ဆမ်းမားကို ကြည့်ရတာ သူက အလှနည်းတော့ လူတွေကြည့်မှာ အားငယ်တယ် ထင်ပါရဲ့..."

" ညီက ပိုလှနေတော့ စိတ်ညစ်လို့ နေမှာပေါ့..."

" သားငယ်ကလည်းကွယ်... ရင်ထဲက အလှကိုပဲ စဉ်းစားပါ..."

မာမီကတော့ ဒေါ်နှင်းနှင်းနှင့် ညီလိုက်မယ်တဲ့... အနှစ်တီနှင်း ဆိုတာကလည်း အိမ်ထဲက အိမ်ပြင်ဆို ဈေးကလွဲလို့ ဘယ်မှ မသွားတဲ့လူပဲ သူ့သမီးလိုပဲ ပြောမှာပါပဲလေ...။ ဆမ်းမားဆိုတဲ့ ကောင်မလေးက လက်ထပ်မယ်လို့ ပြောသတဲ့...။

နင့်ပုံစံကို ငါမကြိုက်ဘူးတဲ့လား။

အဲဒီလူနဲ့ပဲ ထာဝရ လက်တွဲရဖို့ကျတော့ နင် ဘာလို့ မငြင်းပြန်တာလဲ နွေဦးခင်...။

◈

www.burmeseclassic.com

www.burmeseclassic.com

"ဆမ်းမား... ဘာပြောလိုက်တယ်... တစ်ခေါက် ပြန်ပြောပါဦး..."

"ငါ့ကို ဒီနေ့ ပိတ်ရက်မှာ ဆံပင်လိုက်ဖြောင့်ပေးပါလို့ ပြောတာ..."

ညိုမှာ့ကိုပဲ ပြောရတယ်။ ညိုမှာကတော့ ဆမ်းမားမျက်နှာကို စေ့စေ့ကြည့်ပြီး... ဟုတ်သေးရဲ့လားတဲ့။ ဘာလို့လဲ... တကယ်ပါ ညီမြင့်မိုရ်... မင်းကို လက်ထပ်ဆိုလည်း လက်ထပ်ပါမယ်လို့ ပြောပြီးသလို မင်းလည်း ဆမ်းမား နှစ်သက်သလို နေပေးလာတာမို့... မင်းကိုလည်း စိတ်ချမ်းသာစေချင်သလိုပါ။

"ဒါဆိုလည်း ဘာခက်သလဲ ဆမ်းမားရာ... နင့်ရဲ့ တော်ရကာနီး ယောကျ္ာမကြီးရဲ့ဆိုင်ကြီး ဒီလောက် ခမ်းနား ထည်ဝါနေတာ..."

"ဟာ မဟုတ်ဘူး... ငါ့ဘာသာ တခြားမှာပဲ သွားလုပ်ပါရစေ..."

ညိုမှာ့ကို အဖော်ရအောင် ခေါ်ရတယ်...။

ဘာလို့လဲ... တစ်ချိန်လုံး အလှမပြင် နေချင်သလို နေလာခဲ့ပါလျှက်...။

"အခု ဘာဖြစ်ရသလဲ... ပြော"



"ညီမြင့်မိုရ်က ပြောလို့"

"ဟင်... ညီမြင့်မိုရ်က ပြောလို့ဟုတ်လား... သူ့ကို နင်မချစ်ဘူးဆို မချစ်တဲ့လူရဲ့ စကားကို နားထောင်စရာလား..."

"ညိုမှာကလည်း ငါတို့က မကြာခင် လက်ထပ်ရမှာလေ... တစ်ယောက်အကြိုက် တစ်ယောက် တတ်နိုင်သရွေ့ လိုက်လိုက် လျှောလျှောလေး နေတော့ စိတ်ချမ်းသာရတာပေါ့"

"အဲလောက်တောင် ဖြစ်နေပါရောလား"

ညိုမှာ့မျက်နှာလေးကို ကြည့်ပြီး ရယ်ရပါသေးတယ်။ မေမေပြောပြတဲ့ နှလုံးသားက အရေးကြီးတယ်ဆိုတာကို သိရပြီး မှတော့... ညီ့စိတ်မှာ ဆမ်းမားကို တကယ်ချစ်ရင် ပြီးတာပါပဲလေလို့ တွေးလိုက်ပါပြီ...။

"ဆမ်းမား... ပြောလို့ပြောတာ မဟုတ်ဘူး... နင်က ဆံပင်ဖြောင့်လေးနဲ့ ပိုလှတယ်... ငါတို့က နင်နဲ့တစ်သက်လုံး အတူနေပြီး နင့်ဆံပင်ဖွာဖွာကြီးတွေ မလှတာကို မသိခဲ့ဘူး... ညီမြင့်မိုရ်က သိတယ်... တော်တယ်ဟာ... သူက အလှအပကို မြင်တတ်တာပဲ... ငါ့ကို ကြည့်စမ်းပါ... ငါဘယ်နေရာကို ပြင်ဆင်ရင် ပိုလှလာမလဲလို့ မေးဦးမှ..."

"ကဲလာပြီ..."

"ဘာလဲ... နင့်လူကို ကြည့်ခိုင်းမယ်ဆိုလို့ အူတိုတာ မဟုတ်လား"

"ဒါပေါ့"

"ဒါနဲ့များ အဲဒီပုံစံကြီး မကြိုက်ဘူးတဲ့..."

"သူက အခု အဲဒီပုံစံ မဟုတ်ပါဘူး... နင့်ရဲ့တွေ့ပေး

www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်..."

မနေ့က တွေ့ခဲ့တဲ့ သူ့ကို ကိုမိုရ်နဲ့တောင် မှားခဲ့သေးတာ။ ဆမ်းမားကို ချစ်လို့သာ ဒီလို ပြုပြင်ပြောင်းလဲခဲ့တယ်ဆိုရင် ဆမ်းမားတို့နှစ်ယောက် တစ်ယောက် အကြိုက် တစ်ယောက်လိုက်ရင်း သာယာပျော်ရွှင်နိုင်မှာပဲ မဟုတ်လား။

" ဆမ်းမား..."

" ဟင် "

" နင့်အဝတ်အစားကို ခုထက်နည်းနည်းလေး ခေတ်မီလိုက်"

" ဟာ... ငါဝတ်နေမကျပဲ မဝတ်ရဲဘူး..."

" အခုလို စကပ်ထမီလောက်တော့ ဝတ်ပေါ့... ဒါပေမယ့် အင်္ကျီပုံက ရိုးနေတယ်... စပို့ရှပ်လှလှလေးတွေ ရှိတယ်... ငါ လိုက်ဝယ်ပေးမယ်..."

ညိုမြာကတော့ အတင်းဆွဲခေါ်နေပြီ။ ရုတ်တရက်ကြီး ဆမ်းမားပုံစံကို တအားပြောင်းလဲပစ်လိုက်ရင် မေမေတို့ကရော... ဘာပြောမလဲ... ပြီးတော့ သူကရော...။

" အန်တီသင်းကြီးတို့အတွက်တော့ ဒေါ်စောသီရိနဲ့ ညီမြင့်မိုရ်က နင့်ကို လက်ထပ်မယ်ဆိုတာ အရမ်းအံ့ဩစရာ ဖြစ်ခဲ့ရတာ... ဒါပေါ့လေ... အန်တီနှင်းက အဘွားစကား နားမထောင်ခဲ့တော့ အရမ်းမှားခဲ့ ဒုက္ခရောက်ခဲ့ရတာကိုး ဆမ်းမားက တော့ လူကြီးတွေစကားနားထောင်တယ်... ဒါကြောင့် ဒုက္ခရောက်မှာ မဟုတ်ပါဘူး "

ကျေးဇူးတင်တယ် ညိုမြာရယ်...။ ညီမြင့်မိုရ်နှင့် လက်ထပ်ရ လိုက်ရင်ဆို... မှားများသွားမလား စိတ်ညစ်ရမလားတော့ ဆမ်းမား



လည်း စဉ်းစားတာတွေ ရှိပါတယ်...။ ကိုမိုရ်နှင့်ဆိုရင်လို့လည်း တွေးပါတယ်။ ဒါပေမယ့် ကိုမိုရ်က အခုတွေ့လည်း ဆမ်းမားကို ညီရဲ့ဘဝခရီးဖော်လို သတ်မှတ်ပြီး ဖြူစင်ခင်မင်စွာ ခေါ်ပြောတာပါပဲ။

" ကိုကျော်မြင့်မိုရ်နဲ့ရော..."

" ကိုမိုရ်က တော်တယ်... အမြဲတစ်သမတ်တည်းလိုပါပဲ... ခုလည်း အရင်လို ဖော်ရွေခင်မင်တာပါပဲ... ဟိုနေ့ကတော့ ညီမြင့်မိုရ် ရှေ့မှာပဲ... နင်တို့ နှစ်ယောက် ရန်ဖြစ်လို့ကတော့ ငါက ညီမလေး ဘက်က ပါမှာနော်လို့ ပြောတယ်... အဲဒါကို ညီမြင့်မိုရ်က ဘာပြန်ပြောတယ်မှတ်လဲ... ရတယ် နှစ်ယောက် တစ်ယောက် ဖိုက်သင့်ဖိုက်ရမှာပဲတဲ့..."

" နင်ပျော်ရွှင်ရမှာပါ ဆမ်းမားရယ်... ငါဝမ်းသာပါတယ် ဘာလို့ဆိုတော့ ညီမတစ်ဝမ်းကွဲတွေ အတူနေသမျှ ကျန်တဲ့လူတွေက နင့်အပေါ်... အမြဲလို နှိမ့်ချနေကြတာ ငါစိတ်မကောင်းဘူး... အိမ်ထောင်ကျတဲ့အခါမှာတော့ နင်က အများကြီးမြင့်မားသွားပြီ... ငါသိပ်ဝမ်းသာပါတယ်..."

ညိုမြာ့ပခုံးကိုဖက်ရင်း ကြည်နူးစွာ ပြုံးရပါတယ်။ ဟုတ်တာပဲ... ညိုမြာကသာ နုနုတို့ ချိုသဲတို့ ဘာပြောပြော ဆမ်းမား ဘက်က အမြဲလို ရှိနေခဲ့တာပါ...။

" မနက်ဖြန်ကျရင် နင့်ဆီ ငါလာခဲ့မယ်... နင်လှလှလေး ပြင်ထားနော်...."

" ငါရှက်နေသလိုပဲ "

" ရှက်စရာလား... ကျွန်မတို့ နှစ်ယောက်က... တစ်ယောက် အကြိုက်တစ်ယောက် လိုက်လျောညီထွေနေရင်း သာယာပျော်ရွှင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားမှာမို့ပါလို့ ပြောလိုက်ပေါ့…"

ညီမှာအပြောလေးက ဆမ်းမား ရင်ထဲက ခံစားချက်နှင့် ထပ်တူညီပါပဲ…။ အမြဲလို မချစ်ဘူးလို့ပဲ တွေးခဲ့တယ်။ ဒါပေမယ့်… လက်ထပ်ရမယ်ဆို… ကိုယ့်အိမ်ကလေးကို စိတ်ဒုက္ခတွေနဲ့ ပြည့်နေအောင် မလုပ်ရက်ပါဘူး…။ ဒါကြောင့် နှစ်ယောက်လုံး လိုက်လျောညီထွေဖြစ်ဖို့ ညှိနှိုင်းရမှာပဲ မဟုတ်လား…။

ညီ့ရင်ထဲမှာရော… ဘယ်လိုရှိမလဲ။

ဆမ်းမား သိချင်မိပါတယ်။

◈

" ဆမ်းမားကို ကားပေးထားပြီ… သူ ကားကို ကောင်းကောင်း မောင်းနိုင်နေပြီပဲ… ဒီတော့ မာမို့ရဲ့ သူ လာကြိုလိမ့်မယ်… သားတို့ သွားမကြိုရတော့ပါဘူး… သားငယ်လေးက သွားကြိုချင်တယ်ဆိုရင်တော့ ပွင့်ပွင့်လင်းလင်း ပြောနော် "

" ဟာ မကြိုချင်ပါဘူး မာမီကလည်း "

" ဒါဆိုရင်တော့ ဆမ်းမားလာရင် မုန့်အတူစား…"

" ဆမ်းမားက ပေါင်မုန့်မှ မကြိုက်တာ "

ညီလွှတ်ခနဲပြောတော့ ကိုကိုက ချောင်းဆိုးနေတယ်လေ။ အဲလောက် ချောင်းဆိုးရင် ဆေးသောက်ဆိုတော့ ဒက်ဒီကလည်း ရယ်တယ်။

" မာမီက ဟိုအစကတော့ ဆမ်းမားကို ဘယ်သားနဲ့ပဲ ဖြစ်ဖြစ် သဘောတူမလို့ပါ… ဒါပေမယ့်… သားကြီးအတွက် ဇေဇေက ပိုသင့်တော်ပြီး ဆမ်းမားကိုတော့ သားငယ်အတွက် ပိုသင့်တော်တယ် မြင်တာနဲ့ "

" မဇေနဲ့…"

ကိုကို့ကို မဇေနှင့် သဘောကျတယ်ဆိုပါလား။ မပဲန်စီက ဆမ်းမားကို နေရာပေးလို့ဆို ထွက်သွားပြီးတည်းက ဇေဇေကို အဲဒီ့ဆိုင်မှာ ထားခဲ့တာ… မာမီ စိတ်ကူးရှိလို့ပါလား။

www.burmeseclassic.com

www.burmeseclassic.com



" ဝေဝေဟာ ရုပ်လည်း လှတယ်... စိတ်ကလေးကလည်း အဆိုးကြီး မဟုတ်ပါဘူး... သားကြီးကလည်း ရိုးရိုးအေးအေးနေတာ ဝေဝေနဲ့ လိုက်တယ်... ညီမြင့်မိုရ်ဆိုတဲ့ ကောင်လေးကိုတော့ ဆမ်းမားမှပဲ ထိန်းနိုင်မယ်... ဟုတ်လား သားငယ် "

ကိုကိုကတော့ အေးဆေးငြိမ်သက်လွန်းပါတယ်။ အကျီ လဲဦးမယ်ဆို အခန်းထဲအဝင်မှာ ကိုကို့နောက်ကို လိုက်မေးရတယ်။ မာမီ့သဘောကို ဘယ်လို ခံစားလဲပေါ့။

" မာမီကကောင်းစေချင်လို့ပဲ... ကိုကိုက. လက်ခံလိုက်မှာပါ"

" ကိုကိုပြောတော့ ဆမ်းမားက ချစ်တယ်ဆိုရင် မငြင်းဘူးဆို"

" ညီ့ရင်ထဲ မနာလိုနေတုန်းလား "

" မဟုတ်ပါဘူး "

" မဟုတ်ရင် ဘယ်မေးပါ့မလဲ "

" ကိုကိုတို့က ပုံစံတူတယ် "

" ဘာတူတာလဲ "

" အကြိုက်တူတယ် ပြောတာပါ... ဆမ်းမားကလည်း ကိုကို့လို ခပ်ရိုးရိုး ပုံစံကို ကြိုက်တာ..."

" အဲဒီလို အကြိုက်တူတော့ လိုက်ဖက်ညီရောလား "

" အဲလိုယူဆလို့ မရဘူးလား ."

ကိုကိုကရယ်ပြီးတော့မှ ဒါဆိုရင် တစ်ခုမေးမယ်။ ဒက်ဒီက အုန်းမို့ ခေါက်ဆွဲ ကြိုက်ပြီး မာမီက မုန့်ဟင်းခါး ကြိုက်တယ်။ ဒက်ဒီက လက်ဖက်ရည် မုန်းလို့ ကော်ဖီ သောက်ပြီး မာမီက ကော်ဖီမုန်းလို့ လက်ဖက်ရည်သောက်တယ်။

" ကိုကိုနဲ့ ညီ့တစ်သက်မှာ· ဒက်ဒီနဲ့မာမီရန်ဖြစ်တာ ဘယ်နှစ်ခါမြင်ဖူးလဲ "



" ညီ ဒုတိယနှစ် တက်နေတုန်းက..."

" အဲလို ရန်ဖြစ်ကြရာက နောက်တော့ ဘာပြောလဲ "

ဒက်ဒီနှင့် မာမီ စကားများတာ မမြင်ဖူးသမျှ ညီအစ်ကို ငေးကြည့်နေဆဲမှာ... စော နည်းနည်းလျှော့ကွာတဲ့ ဒက်ဒီလည်း ပြောရော ကို့ဘက်ကလည်း နည်းနည်းပြန်ပြင်တဲ့...။ ပြီးတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးကြတယ်။ ဒက်ဒီ့ကို မျက်စောင်းထိုးပြီးတော့ ပြုံးကြည့်တဲ့ မာမီ့အပြုံးကို ခုထိ ညီ့မျက်ဝန်းမှာ အမှတ်ရဆဲ...။

" နှလုံးသားမှာ ချစ်ခြင်းရှိလာရင် တစ်ယောက်နဲ့ တစ်ယောက် အကြိုက်ခြင်းက ညှိလို့ရပါတယ်..."

" မဝေကို ကိုကိုချစ်လို့လား "

" ညှာတာစာနာ နားလည်လာရင်... သာယာတဲ့ အိမ်ထောင် လေး ရလာမှာပါ..."

ကိုကိုက တစ်မျိုးပါပဲ... အမြဲတည်ငြိမ်နေသလိုပါပဲလား။ ဒါပေါ့လေ... ကိုကို့ကို အမြဲ ခုလို တွေ့နေကျပါပဲ...။

" မာမီက ညီ့ကို မဝေနဲ့လက်ထပ်... ကိုကို့ကို ဆမ်းမားနဲ့ လက်ထပ်ဆိုရင်ကော..."

" ညီ... မင်းတော့ အတော်ခံစားရ ခက်နေပုံပါလား..."

" ဖြေပါကိုကိုရာ "

" အဲလိုလည်း ငါကတော့ လက်ထပ်မှာပဲ "

" ဟာဗျာ..."

" မင်းဆိုရင်ကော..."

www.burmeseclassic.com

www.burmeseclassic.com



မဝေကို ချက်ချင်းပြေးမြင်တယ်။ အရပ်မြင့်ပြီး သွယ်လျတဲ့ ကိုယ်နေဟန်ထားနဲ့… ခေတ်မီပြီး ချစ်စရာကောင်းအောင် ပြင်ဆင် တတ်ပါတယ်။ မာမီက သူ့ဝန်ထမ်းတွေကို တစ်လတစ်ခါ ဆိုင်မှာ အလှပြင်ခွင့်ပြုထားတာ… မဝေ ဆံပင်ပုံလေးတွေ အပြောင်းအလဲ အမျိုးမျိုးလုပ်တတ်တာ…။

" ဘယ်လိုလဲ… လဲမလား "

" ကိုကိုဗျာ…"

ကိုကို့လက်မောင်းကို လက်သီးနှင့် ခပ်နာနာလေး ထိုးပြီးမှ ထွက်လာခဲ့ပါတယ်။ လှပတဲ့ မဝေနဲ့ ဘဲရုပ်ဆိုးလေးကို လဲမလားတဲ့…။ အဲလိုတော့လည်း… မလဲချင်ပေမယ့် ရင်ထဲကတော့ မကျေနိုင် သေးဘူး…။

◈

ကားတော့ရပ်လိုက်ပြီ။ အိမ်ထဲဝင်ဖို့ကျတော့ ခြေလှ… မရဲသလိုပါပဲ။ ဆမ်းမား ပြင်ဆင်ပြီးကတည်းက မေမေကတော့ ဖျတ်ခနဲ လှမ်းကြည့်တယ်… မမခက်ကတော့ ပြုံးနေပါလား။ အိမ်ပေါက်ဝအရောက် မေမေက မမခက်ကို ပြောလိုက်တဲ့ စကားလေး က ဆမ်းမားနားထဲကနေ ရင်ထဲရောက်သွားသလိုပါပဲ။

" ဆမ်းမားက လိမ္မာတယ်… သူ့ဘဝ သူ့ခရီးကို လိုက်လျော ညီထွေ လျှောက်တယ်… မေမေကတော့ အသွားစကားဖယ်ရှားလို့ စိတ်ဆင်းရဲစရာ အိမ်ထောင်ကို ရခဲ့တာ" တဲ့ လေ။

ဒါဖြင့်ရင်… ဆမ်းမားကတော့ ပျော်ရွှင်စရာ အိမ်…လေး တစ်အိမ်ကို ရမယ်ပေါ့… ဟုတ်မှာလားဟင်။

အန်တီက အခုဆို ဆမ်းမားလည်း ကားမောင်းတ…က် နေတာ… ကားယူထားပြီး အိမ်မှာလာကြိုပါတဲ့။ ဒါကြော…င့် လာသာလာခဲ့ရတာ… တစ်ခါမှ မပြင်ဆင်ဖူးသမျှ ရှက်နေပြီး ခြေဖျားတွေ တောင် ပျံနေတယ်။

" ဟယ်… ဆမ်းမား "

အန်တီရှေ့ရပ်နေရင်း ဘယ်မှမကြည့်ရဲပါဘူး…။ တောက်ပ… ပန်းဆီရောင် ကုတ်အင်္ကျီကို အများကြီး ငြိမ်သွားအောင် အနက်ရောင် လုံချည်နဲ့ အတွင်းက အနက်ခံ ဇာအင်္ကျီနဲ့ မနည်းထိန်းထား…တောင်

www.burmeseclassic.com

www.burmeseclassic.com



တောက်ပနေသလိုပါလား။

ဆံပင်ပြင်ထားတော့ ဆမ်းမား ရုပ်အရမ်းပြောင်းသွားတယ်လို့ မမခက် ပြောတယ်။ ပြီးတော့ ဆမ်းမားက ဆံပင်အဖြောင့်လေးနဲ့မှ ပိုလှလာတာတဲ့... ပိုလှတာ မဟုတ်ပါဘူး... ကြည့်ကောင်းလာရုံ လေးပါလေ...

" ဆမ်းမားက လှလို့ပါလား... ဒက်ဒီ့အမြင်ဇတော့ သမီးနဲ့ ခုပုံစံက ပိုလိုက်တယ် စောရော ဘယ်လိုမြင်လဲ "

" စောက လူရွေးမမှားပါဘူး ကိုရဲ့... ဆမ်းမားအလှကို စောက ရေစည်လေးဘေး ပန်းကန်ဆေးနေတည်းက မြင်တာပါ..."

" ထိုင်လေ ဆမ်းမား... ညီမလေးက အလှပြင်တစ်လာပြီ ပြောပါဦး... ဘာလို့ ဆံပင်ကအစ ပြင်ရတာလဲ "

ညီမြင့်မိုရ်က ဆံပင်ဖြောင့်လိုက်လို့ ပြောလို့ပါလို့ ပြောလို့ ဖြစ်မလား။ ဒါကြောင့် ငြိမ်ပြီး ညီမြင့်မိုရ်ကိုတောင် မကြည့်ရဲဘူး...။

ချစ်တယ်တဲ့...

သစ်ခွပွင့်ကလေးကို သတိတရရှိနေမိဆဲ။ အဲဒီ သစ်ခွပွ လေးကို အိမ်က စာကြည့်စားပွဲပေါ်မှာ မညှိုးနွမ်းရအောင် ဂရုစို ထားခဲ့ရတာ...။

" အန်တီ ဒီမနက် အန်ကယ်နဲ့ မိသားစုလို ရင်းနှီးနေ လူတစ်ယောက် နေမကောင်းတာ သွားကြည့်ရမယ်... ဆမ်းမား သားငယ်နဲ့ အလှပြင်ဆိုင် အရင်သွား... ပြီးတော့မှ မင်္ဂလ ဝတ်စုံရှိုးရွမ်းမှာ ဝေဝေနဲ့ ပြောထားတဲ့ ပန်းယူဖို့တွေကအ သွားကြည့်ချေ... သားငယ်လိုက်သွားလိုက်..."

အန်တီက ခုတလော အန်ကယ်နှင့် လူမှုရေးကိစ္စတွေဆိ



အသွားများပါတယ်။ သားနှစ်ယောက်ရှိတော့ သမီးနှစ်ယောက်ရမယ်... သမီးတွေကိုပဲ အလုပ်တွေခွဲပေးလိုက်ရုံပေါ့တဲ့။ အန်ကယ်နှင့် အန်တီတို့လည်း အပြင်သွားရော...။

" နွေဦး... ဘာလို့ ခုလိုပြင်တာလဲ မှန်မှန်ပြောပါ... ကိုယ်သိချင်လို့..."

" ကိုမိုရ်ကလည်း..."

" ကိုကို့ကို ကိုကိုပဲ ခေါ်ပါလား... ကိုယ့်အစ်ကိုပဲဟာ..."

" ဟုတ်သားပဲ ဒီတစ်လ နှစ်လအတွင်း အစ်ကိုဖြစ်သွားမှာပဲ"

" သွားစို့ ညီမြင့်မိုရ်..."

" ဘာလဲ... ကိုယ်ဇွတ်မေးနေလို့လား "

" မဟုတ်ပါဘူး..."

ကိုမိုရ်မေးတာ မဖြေပဲ ထွက်လာခဲ့ပါတယ်။ ကားမောင်းမယ် ဆိုတော့ ညီမြင့်မိုရ်က သူမောင်းပါမယ်တဲ့။

" ဆမ်းမား "

" ဟင် "

" ကိုကို့ကို မဖြေလည်း ညီ့ကိုပြောပါ "

" ညီမြင့်မိုရ်ပဲ ဆံပင်ပြင်လိုက်ဆို..."

" ညီပြောလို့ ပြင်တာပေါ့ ဟုတ်လား "

" အင်း..."

" ညီ့အကြိုက်ကို လိုက်ပြင်ပေးမှာလား "

" အတူတူပဲ မဟုတ်လား... ညီလည်းပဲ... ဆမ်းမား အကြိုက် ပြင်ပေးတာပဲ..."

အခုတလော ညီမြင့်မိုရ် ဝတ်စားပြင်ဆင်တာလည်း ရှိုးသား

www.burmeseclassic.com

www.burmeseclassic.com



လာတာပါပဲ...။ ဆမ်းမား ဒီလိုပြောတော့ ရယ်နေတယ်...။ တစ်ယောက် အကြိုက် တစ်ယောက် တတ်နိုင်သရွေ့ ပြင်ဆင်လိုက်ရင် အများကြီး စိတ်အေးရမှာပေါ့လို့ ဆမ်းမား ပြောမိတယ်။

" ဒါဆို ချစ်တာပေါ့ ဟုတ်လား..."

" အန်တီနဲ့ မေမေ သဘောတူမှတော့ ညီနဲ့ လက်ထပ်မှာပါ"

" လူကြီးတွေ သဘောတူလို့ မဟုတ်လား... မင်းပုံစံကို မကြိုက်ဘူး... မုန်းတယ် ဆိုကဲ့စကားကတော့ ရင်ထဲ ဒီအတိုင်း မဟုတ်လား "

" ဟိုးအရင်က ပုံစံလို အရမ်းလွန်နေတာကိုတော့ ဆမ်းမား မကြိုက်တာ အမှန်ပါ... ဒါပေမယ့်..."

မမုန်းပါဘူးလို့ ပြောချင်ပေမယ့် နှုတ်မရဲသလိုပါပဲလေ...။ အလှပြင်ဆိုင်ကို အရင် ဝင်လိုက်ကြတယ်။ နုနုက လာနှုတ်ဆက်ရင် ဆမ်းမားကို တယ်လှနေပါလားလို့ မကြည်မလင်လေး ကြည့်သေး တာ။ အလုပ်ကိစ္စတွေပြီးတော့ ဝတ်စုံဆိုင်ဘက် ထွက်လာတဲ့အခါမှ အဖြေပေးလေတဲ့။

" လက်ထပ်ပါမယ်ဆိုမှ ညီကလည်း "

" ဒါဆို ချစ်တယ်ပေါ့ ဟုတ်လား "

" အင်း "

ဆမ်းမား ဒီလိုဖြေတော့ ရယ်နေတာကလည်း...။

" မယုံကြည်ဘူး မဟုတ်လား "

" ဟုတ်တယ်... မယုံဘူး... အမုန်းက အချစ်ဆီ ဒီလောက် မြန်မြန် ပြောင်းသွားတာဟာ ဖြစ်နိုင်ပါ့မလား "

မုန်းတယ်လို့ စကားကို အလွယ်ပြောခဲ့တာပါ...။ သူ့



အပေါ် မနှစ်မြို့ခဲ့မိတာတော့ အမှန်ပါပဲ... သူနှင့် အတူသွားရင် အားလုံးက ကြည့်နေသလိုကို ရှက်လည်း ရှက်ခဲ့မိတာပါ။ သူ ခုလို ဆမ်းမားအကြိုက်ကို ပြင်ဆင်ပေးမယ်လို့လည်း မထင်ခဲ့ပါဘူး။ အခု သူ့ပုံစံက ဆမ်းမားနှစ်သက်သလို ကြည့်ကောင်းနေ ပြန်တော့ လည်း...။

" ညီ မယုံလည်း ဆမ်းမား မပြောတတ်တော့ဘူး..."

" အလကားပါ ယုံပါတယ်... ဒါဆို ညီတို့နှစ်ယောက်က ချစ်သူတွေပေါ့ ဟုတ်လား "

အန်တီက လက်ထပ်ဖို့ စီစဉ်နေပါပြီဆိုမှ။ ချစ်သူတွေက ခဏပဲနေမှာ... အမြန်ဆုံး လက်ထပ်ရလိမ့်မယ်လေ...။ ကားရပ်ထား ပြီးတော့ အတူလျှောက်လာတဲ့အခါ ဆမ်းမားလက်ကို လာဆုပ်ကိုင် ထားပါတယ်။ ရင်ထဲထိတ်ပြီး ရုန်းတဲ့အခါ ပိုတောင် တင်းတင်း ကျပ်ကျပ် ဆုပ်ကိုင်ထားလိုက်သေးရဲ့...။

" ဆိုင်ထဲရောက်တော့မယ်... မမဝေတို့လည်း ရှိတယ် "

" ရှိရှိပေါ့... ညီနဲ့ ဆမ်းမားလက်ထပ်တော့မှာ အားလုံး သိနေတာပဲ... ချစ်တယ်ဆို..."

ဆမ်းမား ဘာမှမပြောပါပဲ... ခေါင်းငုံ့နေတာကို ကြည့်ပြီး တိုးတိုးလေး ရယ်နေတယ်။ ရှိုးရွမ်းဆီကို လာခဲ့တဲ့အခါမှာတော့ လှပသော ဝတ်စုံတွေထဲမှာ အရင်တစ်ခါ ကြည့်ဖူးတဲ့ ဝတ်စုံမျိုးကို ပြပါတယ်။

" ဆမ်းမားက အသားနည်းနည်းညိုတော့ ဒီအရောင်ဝတ်ပါ လား... အရင်တစ်ခါ အသားညိုတဲ့ သတို့သမီး ဘယ်လောက်လှ သွားလဲ "

www.burmeseclassic.com

www.burmeseclassic.com



" ဆမ်းမား ဝတ်ရမယ် "

ခမ်းနားကြီးကျယ်စွာ လက်ထပ်မှသာ ခုလိုမျိုး ဝတ်စား ပြင်ဆင်ရမှာ မဟုတ်လား။ ဆမ်းမားကဖြင့် မေမေတို့ အန်တီတို့ကို ဆွမ်းကျွေးရုံလောက်ပဲ လက်ထပ်ပါရစေလို့ ပြောထားခဲ့တာ…။ လူကြီးတွေက သဘောတူပြီးပြီ ဒါကို ညီမြင့်မိုရ် မသိတာလား။

" ဟိုလေ…"

" ဆမ်းမား… တစ်သက်တစ်ခါ မင်္ဂလာဆောင်တာ… အကောင်းဆုံးဖြစ်အောင် ညီစီစဉ်ပေးမှာကို ဆမ်းမား ခေါင်း မညိတ်နိုင်ဘူးလား…"

" ဆမ်းမားက အဲလိုကို မတွေးခဲ့တာ… အလှတွေ အများကြီးပြင်ပြီး… ဝိုင်းကြည့်ကြမှာ… ပြီးတော့ ဆမ်းမား မလှတာကိုလည်း ပြောကြဦးမှာ…"

" ညီ့သတို့သမီးကို အလှဆုံးဖြစ်အောင် ညီပြင်ပြပါမယ်… ချစ်သူကို ယုံကြည်မှပေါ့… ဟုတ်လား "

အန်တီနဲ့ မေမေ့ကိုတော့ ရအောင်ပြောခဲ့ပြီး ညီ့ကို ဘာလို့ ဆမ်းမား မပြောရက်တော့လဲ။ ညီစိတ်ဆင်းရဲသွားမှာလားလို့ တွေးမိနေပြီးတော့…။

" ညီက အဲလိုမျိုး မင်္ဂလာဆောင်ချင်သလား "

" ဒါပေါ့… ညီက အကောင်းဆုံးအခြေအနေနဲ့ ဆောင်ချင် တာ "

သက်ပြင်းဖွဖွလေး ရှိုက်ပြီးတော့ မပြောနိုင်ပြန်ပါဘူး။ နောက်ဆုံးမှာတော့ ညီ့သဘောပဲလေလို့ ပြောလိုက်ရပါပြီ။

" သိပ်ချစ်ဖို့ကောင်းတဲ့ ဆမ်းမားပါပဲ… ညီ့သဘော



ထာဝရ ပြောနိုင်ပါစေဗျာ… ညီ့မင်္ဂလာဆောင်ကို ညီ့ဘာသာ အကောင်းဆုံးနဲ့ စိတ်ကြိုက်ချည်း ပြင်မယ်… တစ်လအတွင်း မရရအောင် စီစဉ်မယ်…"

မဝေကိုတောင် ဆမ်းမားဝတ်ဖို့ဝတ်စုံကို ချက်ချင်း စီစဉ်ပေးဖို့ ပြောပါတယ်။ အန်တီ့ကို အရင်တိုင်ပင်ဦးမှပေါ့ ဆိုတော့ ညနေကျမှ သူ့ဘာသာ ပြောမယ်တဲ့လေ။ မဝေကတော့ ညီ့ရဲ့ ပျော်ရွှင်နေတဲ့ပုံစံ သိသာသာတဲ့…။ ဆမ်းမားကဖြင့် တွေးထားတာ တစ်မျိုး…။ နောက်တော့လည်း… ချစ်ရတာ ခုလိုပဲလားလို့တောင် တွေးရပြန် တော့တာ…။

" ဆမ်းမား နှစ်သက်သမျှ အားလုံးဖြစ်စေရမယ်… ပစ္စည်းတွေဝယ်ဖို့လည်း အမြန်ဆုံး စီစဉ်ကြမယ်နော်…"

ခြံထဲက အိမ်ကလေးမှာ အကောင်းဆုံးပစ္စည်းတွေနဲ့ ပြင်ဆင် မတဲ့။ ညီ့စကား ညီ့အပြောအားလုံးမှာ… ဆမ်းမားမလှုပ်နိုင်အောင် ဖုံးချည်ထားတဲ့ ကြိုးတွေက ဘယ်လိုကြိုးတွေလဲ… သူနှင့် ပတ်သက် လို့ အမျိုးမျိုး ခံစားရသမျှ… ဆမ်းမားနှလုံးသားကိုတောင် ဆမ်းမား မယုံကြည်နိုင်အောင်ပါပဲလား။

ဒါပေမယ့် အချစ်က ဆမ်းမားကို ထူးဆန်းပြီး အံ့သြဖွယ် ကောင်းသော ခံစားမှု အမျိုးမျိုးကို ပေးလာခဲ့ပါရော…။

◈

၇

www.burmeseclassic.com

www.burmeseclassic.com

" ညီ... ခုတလေ သိပ်ထူးခြားတယ်... ဘာတွေရေးနေတာလဲ..."

ကိုကိုကရော... ခုတလော အသံမပေးပဲ အခန်းထဲဝင်ဝင်လာတာကရော...။ စာအုပ်ကို အံဆွဲထဲ ထည့်ပြီးတော့မှ ကိုကို ဝတ်စုံလာချုပ်ဖို့ မဝေ မှာလိုက်တယ်လို့ ပြောမိပါပြီ...။ မာမီနဲ့ ဒက်ဒီကတော့င် ညီကိုယ်တိုင် ခမ်းနားစွာ မင်္ဂလာဆောင်ဖို့ ပြင်ဆင်တာကို အံ့သြကြပါတယ်။ ဆမ်းမားက ညီ့သဘောလို့ ပြောလိုက်တာကိုလည်း သဘောကျကြသတဲ့လေ...။

" ညီက အံ့သြဖွယ်ရာပဲ... ဆမ်းမားကတော့ ညီ့သဘောပဲ ပျော်နေအောင် ဘယ်လိုများ ချစ်ပြလိုက်ပါလိမ့် "

" နှလုံးသားမှာရှိတဲ့ အချစ်စစ်ကို သူတွေ့သွားလို့ပါ ကိုကို ယ်...

" ဟုတ်ပါပြီ..."

ဒက်ဒီနှင့် မာမီကလည်း ညီကိုယ်တိုင် အမြန်ဆုံး အကောင်းဆုံး ဖြစ်အောင် စီစဉ်တဲ့ မင်္ဂလာပွဲအတွက် အံ့သြနေလေရဲ့...။ ခြံထဲက အိမ်ကလေးကိုတော့ ဆမ်းမားနှင့် တိုင်ပင်ပြီး ဆမ်းမားအကြိုက် ပစ္စည်းအားလုံးနဲ့ အလှဆင်ခဲ့တယ်လေ...။

" မာမီက ခြံထဲကအိမ်ကို ညီနဲ့ဆမ်းမားပြင်ထားတာ



ကြည့်ပြီး အရမ်း သဘောကျနေတာ... ဒီရက်ပိုင်းလေးအတွင်း ညီ ဘယ်လောက် အပင်ပန်းခံ ပြင်လိုက်ပါလိမ့်တဲ့... ကိုကိုနဲ့ မဝေကိုတော့င် သွားကြည့်ချေတဲ့လေ..."

" အပြင်အဆင်ကတော့ ညီ့စိတ်ကြိုက်ပေမယ့် ပစ္စည်းအားလုံးကတော့ ဆမ်းမားအကြိုက်တွေပါ..."

" ဘဲရုပ်ဆိုးလို့ မငေါ်တော့ဘူးလား "

" အခုလို ပြင်ဆင်ထားတော့ ဆမ်းမားပိုလှလာသလား ကိုကို "

" ပြင်ဆင်လို့ လှလာတာက တစ်ဝက်ပါရင် သူ့ကို ညီ ချစ်နေလို့ လှလာတာက တစ်ဝက်ပါပါတယ် ညီ... ဘယ်သူမဆို ချစ်တဲ့လူကို လှပြီး မုန်းတဲ့လူကို အရုပ်ဆိုးတယ် ထင်တတ်ကြတာပဲ... အဓိကကတော့ စိတ်ပါပဲ "

ချစ်တဲ့လူမို့ လှသတဲ့လား။

" ဒါက ဘယ်လဲ "

" ဆမ်းမားဆီပေါ့..."

" လာမယ့် စနေပဲ မင်္ဂလာညည့်ခံပွဲ ရှိနေပြီ... တစ်နေ့ မတွေ့ရ မနေနိုင်တော့တာလား... မင်းသွားရင် ဒိုင်ယာရီ ခိုးဖတ်မယ်"

" ဟာ ကိုကို..."

ကိုကို့အပြောကြောင့် လန့်ပြီး ဒိုင်ယာရီကို ဆွဲယူထွက်လာခဲ့ရတယ်။ ဒါကိုကြည့်ပြီး ရယ်နေလိုက်သေးတာပါလား။ စာအုပ်ကို ကားထဲထည့်ပြီးတော့မှ ဒီစာအုပ်ကလေးကို မင်္ဂလာဦးညမှာတော့ မင်းဖတ်ရမှာပါလို့ တွေးမိတယ် ဆမ်းမားရယ်...။

" ဟဲ့... မောင်ညီ..."

www.burmeseclassic.com

www.burmeseclassic.com



" ဘွားဘွား... မနေ့က ကျွန်တော် လာပို့ပေးတဲ့ ဝတ်စုံ ဝတ်ကြည့်ပြီးပါပြီလား "

" အေး... အတော်ပါပဲလား... မင်းတို့ဆိုင်က ကလေးမတွေ အချုပ်အလုပ် အင်မတန်တော်ပါလားကွယ်... "

မာမီက ဘွားဘွားတို့ အန်တီနှင်းတို့အတွက်ပါ မင်္ဂလာပွဲတက် ဝတ်စုံတွေ စီစဉ်ပေးတယ်လေ။ အန်တီသင်းကတော့ အိမ်ထဲဝင်ပါဦးလား မောင်ညီ... အအေးသောက်ရအောင်တဲ့။ နေပါစေတော့ အန်တီသင်း ဆမ်းမားနဲ့ ဆိုင်ကို သွားရဦးမှာမို့ပါလို့ ပြောပြီး အပေါ်ထပ်ပဲ တက်လာခဲ့ပါတယ်...။

မြင့်လိုက်တာကွာ... ဒီအခန်းကို ပထမဆုံးတက်ရတည်းက... အင်မတန် စိတ်ပျက်ရတယ်...။

" ဟယ်... ညီမြင့်မိုရ်... လာ လာ... ဆမ်းမား ပြင်ဆင်နေပါပြီ "

မမခက်က တံခါးလာဖွင့်ပေးပြီးတော့ အန်တီနှင်း ဈေးသွားလို့ ခဏ ထိုင်ပါတဲ့။ ကော်ဖီတစ်ခွက်လာချပေးပေမယ့် သူ့ခမျာလည်း အလုပ်သွားရဦးမယ် ထင်ပါရဲ့။

" ညီ... အခု ဘယ်သွားမှာလဲ "

" ခြံထဲပဲပေါ့... မင်္ဂလာပွဲနေ့အတွက် အကုန်ချုန်ခိုင်းထားတဲ့ ပန်းတွေလည်း ဒေါ်လေးစန်းက လာကြည့်ပါတဲ့... ပြီးတော့ အိမ်မှာ ဘာလိုဦးမလဲ သွားကြည့်မယ် "

" ဆိုင်မသွားဘူးလား... ဒီရက်ပိုင်း ဆမ်းမား စာရင်းမပေါင်းနိုင်တာရယ်... လိုအပ်သမျှ ဘာမှမကြည့်နိုင်ဘူး... "

" မာမီကိုယ်တိုင်က ခုချိန် ဆမ်းမားကို အလုပ်ထဲ



မလာလည်း ရတယ်... မင်္ဂလာပွဲအတွက်ပဲ ပြင်ဆင်လို့ပြောထားတာပဲ မဟုတ်လား... "

" ဟုတ်တော့ ဟုတ်ပါတယ်... ဒါပေမယ့် "

" သွားလိုက်ပါ... "

ဒီအလုပ်တွေက နောက်ဆို မင်းအတွက် ဟုတ်ချင်မှလည်း ဟုတ်မယ်... မင်းရဲ့ အနာဂတ် မင်းရဲ့ ခြေလှမ်းတိုင်းဟာ ဆုံးဖြတ်ချက်တွေနဲ့ ရင်ဆိုင်ရတော့မှာလေ။

" ဆမ်းမား... ကားပေါ်မှာ စောင့်နေခဲ့ဦးနော်... ဖြစ်လား ညီ့သူငယ်ချင်းဆီ ညှိခံပွဲနေ့ လာဖို့ ပြောထားတာ... ပြန်ရောက် မရောက် ကြည့်မလို့... "

ညီ့အကြိုက် ခမ်းနားကြီးကျယ်စွာကလည်း မင်္ဂလာဆောင်ဦးမယ် အချိန်ကလည်း အနည်းလေးပဲ ရှိတာမို့ ပြင်ဆင်ရတာ ပင်ပန်းလွန်းသလိုပါပဲ။ ဒါပေမယ့်... ညီက ဖြစ်ချင်ရာကို ဖြစ်အောင် ဆောင်ရွက်ရတာမို့ မောလည်း နောက် အမောပြန်ဖြေမယ်... ကျေနပ်နှစ်သက်စွာ ခံစားရင်း အမောဖြေတဲ့အခါ... မင်းကရော...။ မနက်ဖြန်ကိုတောင် မတွေးတော့ဘူး ဆမ်းမားရေ...။ ရင်ဆိုင်ရမှာတွေက အများကြီး...။

◈

www.burmeseclassic.com

www.burmeseclassic.com

" ဟယ်… လှလိုက်တာ ဆမ်းမားရယ်…"

ညိုမြာကတော့ ဆမ်းမားလှသတဲ့…။ ဆမ်းမားကို ခြေဆုံးခေါင်းဆုံး ပြင်ဆင်ပေးသမျှ လူတွေဟာ တကယ့်လူတော်တွေပဲ။ အန်တီ့လုပ်ငန်းမှာ ရှိသမျှ အကောင်းဆုံးတွေပဲ တတ်ကျွမ်းတဲ့သူတွေက ပြင်ဆင်ပေးထားတာ… ဆမ်းမား မလှရင်တောင်မှ ကြည့်ကောင်းနေမှာပါလေ…။ ဒါပေမယ့် သတို့သမီးလေးရဲ့ ရင်ထဲမှာ…။

" နင်ပြုံးတာကလည်း… ဘာလို့လဲဟင် အရမ်းစိတ်လှုပ်ရှားနေတာလား… ညီမြင့်မိုရ်က အရပ်မြင့်တော့ အနောက်တိုင်းဝတ်စုံဝတ်လည်း လှတာပဲ… အရမ်းချောတဲ့ သတို့သားနဲ့ တွဲရမှာ… ရင်ခုန်နေပြီပေါ့ ဟုတ်လား…"

ညိုမြာပြောသမျှ နားထောင်နေရုံပါပဲ။

ဒီမျှ ကြီးမားဟဲ့ သတို့သမီးဝတ်စုံကို ဝတ်မယ် အိပ်မက်တောင် မမက်ဖူး…။ သတို့သမီးအဖြစ်လည်း ခုလိုမျိုး မင်္ဂလာဆောင်ဖို့ မစဉ်းစားခဲ့တဲ့ ဆမ်းမားကိုမှ ဒီအဖြစ်မျိုးနဲ့ လာတွေ့နေရတယ်။

" ဆမ်းမား… ဘဲရုပ်ဆိုးက ခုတော့လှလို့…"

လက်ချင်းချိတ်ရင်း သည်သို့ပြောသေးတယ်။

ညီ့ရင်ထဲ သိပ်ကို ပျော်ရွှင်နေပြီလား။

ဟုတ်မှာပါလေ။ ညီ့စိတ်ထဲမှာ… ဖြစ်ချင်တာတွေ ဖြစ်ရတော့



မယ်လို့… ပျော်ရွှင်နေမှာပါ။

နှုတ်ဆက်နေရင်းမှ စကားတွေပြောနေတဲ့ ညီ့ကို ဆမ်းမားအသာလေး ခိုးကြည့်ရတယ်…။ ဘာလို့များ အခုကျတော့… စိတ်ဆိုတာ ဒီလိုပဲ ပြောင်းလဲလွန်းပါသလား။ အချစ်ဆိုတာ ပိုပြီးမထူးဆန်းပေဘူးလား။ ဆမ်းမား သိလိုက်တဲ့အချိန်မှာ ဆမ်းမားရဲ့နှလုံးသားထဲကို ရောက်နှင့်နေပါရော…။

မေမေ့အပြုံးကို မြင်ရတော့ ဆမ်းမား ဂိတ်တိုင်းတကျဝမ်းမသာရဲတော့သလိုပါပဲ။ မေမေ ငိုရှိုးတော့မည်လား…။ မမခက်နဲ့ ညိုမြာကတော့ အန်တီလင်းကြီးနဲ့အတူ ရယ်မောစကားတွေပြောလို့…။

" နေမကောင်းဘူးလား "

အနားကို တိုးတိုးလေး ကပ်မေးတဲ့အခါမှာ… ပါးပြင်မို့မို့တောင်မှ နွေးထွေးသွားသလိုပါပဲ။ ဒါကြောင့် ပြုံးပြလိုက်တယ်။

" ဆမ်းမားကို ကျေးဇူးတင်ပါတယ်… ညီ့ကို ပြန်ချစ်လို့ပေါ့…"

" အခု ညည့်ခံပွဲပြီးရင် အိမ်ဇာပြန် ခရီးထွက်ရမှာဆိုတော့…"

" ဆမ်းမား အကုန်ပြင်ဆင်ပြီးပြီ မဟုတ်လား… ညီလည်း အကုန်ပြင်ပြီးပြီ… အဝတ်သေတ္တာတောင် ကားပေါ်တင်ခိုင်းထားခဲ့ပြီ… ဆမ်းမား ရင်မခုန်ဘူးလား…"

ဆမ်းမားကိုယ် ဆမ်းမား အားပေးရင်း ပြုံးနေရတာ… ကြာတော့ ရင်ထဲတောင် ကျပ်ပိတ်နေသလိုပါပဲလေ…။ တကယ်ဆို ခရီးထွက်ဖို့ အားလုံး အဆင်သင့် ဖြစ်နေပြီပဲ ပျားရည်ဆမ်း… ချစ်ခရီးတဲ့။ တွေးရင်တော့ ပျော်စရာပေါ့ ညီ။ ဒါပေမယ့် အဲဒီ…စရာရက်ကလေးက ဘယ်နှစ်ရက်လဲ…။

www.burmeseclassic.com

www.burmeseclassic.com



" နင်တို့ရဲ့ ခရီးစဉ်လေးကို ငါလိုက်လို့ရမလား "

ညီမှာတာတော့ ဆမ်းမားရှားကပ်ပြီး တိုးတိုးလေး ပြောပါတယ်။ ဆမ်းမားက လိုက်ခဲ့လေဆိုတော့ ရယ်နေပါတယ်။ ဘွားဘွားကတော့ ငါ့မြေးလေးဘဝက မိန္နင်းဘဝထက် သာယာပျော်ရွှင်ရမယ်တဲ့... ဟုတ်နိုင်ပါ့မလား။ ဘွားဘွားစကားကြောင့် သက်ပြင်းမောတွေ ရှိုက်မိပါပေါ့...။

အိမ်အပြန်မှာတော့ ကားပေါ်မှာ ညီက အဝတ်သေတ္တာကို ကြိုတင်ထားလို့ဆို ကိုကိုက ပြောမဆုံး ရယ်မဆုံးပါပဲ။ ညီတစ်ယောက် ပျားရည်ဆမ်းခရီး မသွားချင်ရှာဘူး ထင်ပါရဲ့ ဆိုပြီးတော့လေ...။

" ဆမ်းမား... အိမ်ပဲလိုက်ခဲ့တော့လေ... အိမ်မှာပဲ ထမင်းစား အဝတ်လဲပြီး သွားကြမယ်... ဒါမှ ကားမောင်းရတာ နေမှုဦးမှာနဲ့..."

" ပစ္စည်းတွေက အိမ်မှာထားခဲ့တယ်... ဆမ်းမား အိမ်ကပဲ စောင့်မယ် ညီ..."

" မရဘူး... နည်းနည်းလေးတောင် မခွဲနိုင်ပါဘူး... ညီအဲဒီအိမ် အရင်လိုက်မှာ... ပြီးတော့မှ အိမ်မှာ ထမင်းသွားစားမယ်..."

" မင်းကတော့ ညီရယ်... မင်းပြောတော့ ဘဲရုပ်ဆိုးဆို..."

" ကိုကို... ကျွန်တော်တို့လင်မယားကို ရန်မတိုက်ပေးနဲ့နော်..."

ဆမ်းမား ပစ္စည်းတွေကို ညီကိုယ်တိုင် လိုက်ဝယ်ပေးတော့ မေမေက ပြုံးတယ်။ မေမေ့တို့ကို တစ်ခါတည်း ကန်တော့လိုက်တယ်။ မမခက်ကတော့ ဝမ်းသာတယ် ဆမ်းမားရယ်တဲ့။ သာယာပျော်ရွှင်နေကြမှာပါတဲ့... သူတို့က ဘာမှမှ မသိကြပဲလေ...။

" ဆမ်းမား "



" ရှင် "

" ဘာဖြစ်နေလဲ... တစ်ခုခု ဖြစ်နေတယ် "

" မဟုတ်ပါဘူး... ဆမ်းမား သိပ်ပျော်လို့ပါ "

ထမင်းဝိုင်းလေးမှာ အန်ကယ်... အန်တီ ကိုကိုတို့နဲ့ အတူ ပြန်ဆုံတဲ့အခါ... သူက ဆမ်းမားအနား ကပ်ထိုင်နေတယ်။ အန်ကယ်ကတော့ ကားကိုဂရုစိုက်မောင်းဖို့ မှာပါတယ်။ ကိုကိုကတော့ မကျေနပ်သလိုပါပဲကွာ... နောက်ကား ကျော်တက်တယ်လို့ ပြောနေတယ်။

" ကိုကိုတို့ မင်္ဂလာပွဲကျရင် ကိုကိုဘာမှ ဝင်မပါရဘူး ဆိုတဲ့အထိ အားလုံး ကူညီပါမယ်... ညီ့အစွမ်းအစတွေ တွေ့ပြီ မဟုတ်လား "

" ဟုတ်ပါပြီဗျာ... "

စကားတွေပြောနေသော်မှ ဆမ်းမား ရင်ထဲတော့ လေးလံနေသလိုပါပဲလား။ အန်ကယ်ကတော့ ညီကို ကားမောင်းတာ ဂရုစိုက်ဖို့နဲ့ အိမ်ကိုလည်း ဖုန်းပြန်ဆက်ဖို့ရယ်... စိတ်အေးချမ်း သာယာပျော်ရွှင်စွာ နေပါတဲ့။ ဘဝမှာ တစ်သက်လုံး ဘယ်သောအခါမှ မေ့နိုင်မှာ မဟုတ်တဲ့ ပျားရည်ဆမ်းရက်တွေမို့ တစ်လောကလုံး နှစ်ယောက်ထဲရှိသလို ပျော်ရွှင်စွာနေတဲ့လေ...။

" ဆမ်းမား "

" ဘဲရုပ်ဆိုးလို့ မခေါ်တော့ဘူးလား "

" အဲဒါကတော့ မမေ့ရအောင် ခဏခဏတော့ ပြန်ပြန် ခေါ်ပေးရမှာပေါ့... တွေ့ကတည်းက ချစ်စနိုးမှည့်ထားတာ... ရင်ထဲမှာ မသိစိတ်က ချစ်နေတာနဲ့ ချစ်စနိုးခေါ်နေမိ...

www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်လို့လား... သေချာလို့လား "

" ဟုတ်တယ် သေချာတယ်..."

ကားမောင်းနေတဲ့ ညီ့ကို ဆမ်းမား ခုတော့လည်း သေချာကြည့်မိနေပါပြီ။ အခုတော့ ဆမ်းမားနှစ်သက်တဲ့ အပြင်အဆင်မျိုးကို ပြင်ထားတာပါလား။ သိပ်ကို ချောမောလှပတဲ့လူရဲ့ နှလုံးသားဟာ ညစ်ထေးနေပါလားလို့ ဆမ်းမား မထင်လိုက်ခဲ့ပေမယ့်ကွယ်...။

◈

အနုန်းလက်တွေက ဆည်းဆာမှာ လှပနေသလိုပါပဲ။ ပင်လယ်ကို ဖြတ်တိုက်လာတဲ့ လေကြောင့်လည်း တငြိမ့်ငြိမ့် လှုပ်ခတ်နေပြန်တာပါလား။ တည်းခိုဆောင်လေးရဲ့ ဘေးဘက် ဝရန်တာ လက်တန်းပေါ်မှာ ညီထိုင်ရင်း မကြာခင် မှောင်စပျိုးပြီလို့ ကြည့်နေမိတယ်။ ညီ ခုလိုမျိုးဖြစ်အောင် လုပ်ခဲ့တာ မှားသလား။ မမှားပါဘူး။

" ညီ... ရေချိုးတော့လေ... အေးတယ်..."

" ဆမ်းမား... လှလို့ပါလား... သနပ်ခါးတွေ အများကြီး မလိမ်းတော့ဘူးလား "

" ပြောပြီးပြီပဲ... ညီကြိုက်တာတွေကို တတ်နိုင်သရွေ့ ဆမ်းမား လိုက်လျောမှာပါ... သွားလေ... ရေချိုးချေ... ပြီးရင် ထမင်းစားရအောင်..."

ရေချိုးပြီးရင် အမှောင်လာတော့မှာပါ...။ ဒီနေ့ မင်္ဂလာဦးနေ့ပါပဲ။ လူတစ်ယောက်အတွက်တော့ အပျော်ရွှင်ဆုံး နေ့ထဲမှာ ပါတယ်ဆိုပေမယ့် ညီ့အတွက် ဘာလို့များ...

ရေချိုးပြီးတော့ မျက်နှာသုတ်ပဝါ ယူပေးတဲ့ ဆမ်းမားရဲ့ အနမ်းတစ်ပွင့်နဲ့ နှုတ်ဆက်တဲ့အခါ...။

" အဝတ်အစားတွေ ထုတ်ထားတယ် "

www.burmeseclassic.com

www.burmeseclassic.com



" ညီ့အဝတ်အစားတွေ… ဆမ်းမားက ညီဘာဝတ်မယ်ဆိုတာ သိလို့လား…"

ဒီတစ်ခါမှာတော့ မျက်ဝန်းတွေက အေးအေးစက်စက်နဲ့ စိုက်ကြည့်နေပါပြော… ကုတင်ပေါ်မှာ တင်ထားတဲ့ ဝတ်စုံကို မြင်တော့ ဆမ်းမားကို လှမ်းကြည့်မိပါပြီ…။

" ဒီအပြင်အဆင်မျိုးကို ဆမ်းမား မနှစ်သက်ဘူးဆို… ဘာလို့ ဒီတောက်ပတဲ့ ဝတ်စုံကို…"

" ညီ… ဆမ်းမားဘဝမှာ စိတ်အညစ်ရဆုံး ခံစားချက်က ဟန်ဆောင်နေရတာပါပဲ… ဆမ်းမားတို့ ဟန်မဆောင်ပဲ ရင်ဆိုင်ကြပါစို့လား "

" ဘယ်လို…"

" ကျန်ခဲ့တဲ့ တစ်ပတ်လောက်တည်းက ညီ့ဒိုင်ယာရီကို ဆမ်းမား ခိုးဖတ်လိုက်တယ်… သူတစ်ပါးရဲ့ ကိုယ်ရေးကိုယ်တာကို ရိုင်းပျစွာ စပ်စုသလို ဖြစ်မယ်ဆိုတာ သိပေမယ့် ညီက ဆမ်းမားကို တကယ်ချစ်မချစ် သိချင်လို့ပါ…"

" ဟင် "

ဒိုင်ယာရီကို ခိုးဖတ်လိုက်သတဲ့။ ကိုကိုခိုးဖတ်မှာစိုးရိမ်လို့ ကားထဲ ထည့်ထားကာမှ ဆမ်းမားတွေသွားတယ် ထင်ပါရဲ့လေ…။ ညီမြင့်မိုရ်ရဲ့ ပုံစံကို သိပ်စိတ်ပျက်တာပဲ… အတူသွားရမှာတော့ ရှက်တယ်… မုန်းတယ်ဆိုတဲ့ ဆမ်းမားအပေါ် နာကျင်စွာ ခံစား ရင်းကနေ…။

မင်္ဂလာဦးညကျမှ အဲဒီဒိုင်ယာရီကို ပေးဖတ်မယ်… နောက် လည်း မင်းမကြိုက်သလို အပြင်အဆင် အနေအထိုင်တွေအပေါ်



ပြန်နေမယ်… ဘေးနားမှာ နေရမှာ ရှက်ရင် မနေနဲ့… ဒီထက်ပိုလာရင် မပေါင်းချင်တော့ဘူးဆိုလည်း ကွာရှင်းကြတာပေါ့… ဘဲရုပ်ဆိုးလို မိန်းမမျိုးတော့ မရှိလည်း အရေးမကြီးပါဘူး…။ သည်သို့ နာကျင် ခံစားမှုတွေမျိုးစုံကို ရင်ဖွင့်ခဲ့မိတယ်။

ဒါကြောင့်လည်း အခု ခရီးထွက်ပြီဆိုတာနဲ့ ဆမ်းမား မနှစ်သက်သော အဝတ်အစား အသုံးအဆောင်တွေသာ ထည့်လာခဲ့တာ ပါ။ အရင်အတိုင်း ပြင်ဆင်မယ်… ဘေးနားမှာ လိုက်ရမှာ ရှက်တယ်ဆို… မလိုက်နဲ့လို့ ပြောရုံပဲ…။

" ဒါတွေကို… ဒါတွေကို မင်း ခိုးဖတ်ပြီးပြီဆို ဘာလို့… ဘာလို့ လက်ထပ်ခဲ့လဲ… သိတဲ့အချိန်က ပြင်ဆင်မယ်ဆို အချိန်ရ ပါတယ်…"

ဒါကြောင့်လည်း မင်္ဂလာပွဲ တစ်လျှောက်လုံးမှာ ဆမ်းမားရဲ့ အေးစက်တဲ့မျက်ဝန်းတွေကိုသာ တွေ့နေရတာပဲ။ ပြင်ဆင်ချိန်မှီပါလျက် ဘာလို့ မပြင်ဆင်ခဲ့ရတာလဲ။

" အဝတ်အစားလဲလိုက်ပါ… ညီအအေးမိနေပါမယ်… ပြီးတော့မှ ထမင်းစားရင်း အေးအေးဆေးဆေး ပြောမယ်လေ…"

အဝတ်အစားလဲဆိုတော့မှ ဆမ်းမားမကြိုက်တဲ့ အဝတ်အစား မျိုးတွေသာ ရွေးယူခဲ့မိတာလေ…။ ဒါပေမယ့် ဘာလို့လဲ… ဘာလို့လဲ ကွာ တမင်သက်သက်… ဘေးမှာနေရင် ရှက်နေတဲ့ ဒီမိန်းမကို ယူ ရှက်နေစေချင်ပါလျက်…။

အရောင်ရင့်သော ဝတ်စုံကို ရွေးလိုက်မိပါတယ်။ ဆမ်းမား ကတော့ ဘာမှမပြောပါပဲ ငြိမ်သက်စွာ ကြည့်နေတယ်လေ။ သိနေပါလျက် ဘာလို့များ မင်း ဒီနေ့ထိ စောင့်နေခဲ့တာလဲ။

www.burmeseclassic.com

www.burmeseclassic.com



အတူထွက်လာခဲ့တဲ့အချိန် ဖျတ်ခနဲဆို ဆမ်းမား ပခုံးကို ဖက်လိုက်တယ်... ဘေးနားမှာ လိုက်ရမှာတောင် ရှက်ရင် ခုလိုဆို ပိုပြီးတော့ ရှက်နေမှာလား။

" မင်း အခုရော မရှက်ဘူးလား "

" ဟုတ်တယ်... မနှစ်သက်တဲ့ အပြင်အဆင်အတွက် ဆမ်းမား စိတ်ပျက်တာ ဝန်ခံပါတယ်... ဒါပေမယ့် ဆမ်းမား မနှစ်သက်လည်း ညီနှစ်သက်တယ် မဟုတ်လား... ညီ့ဘက်က အနည်းငယ် လျှော့ပေးစေချင်ပေမယ့် ညီ့ရည်ရွယ်ချက်ကို သိနေပြီပဲ... ဆမ်းမားဘက်ကတော့ ညီနှစ်သက်တဲ့ အပြင်အဆင်ထိ လိုက်မပြင်နိုင်ပေမယ့် အတတ်နိုင်ဆုံး လိုက်လျောညီထွေ နေပေးမှာပါ..."

ကိုကိုပြောသလိုဆို အကြိုက်မတူတဲ့ ဒက်ဒီနဲ့ မာမီ ရန်ပွဲလေး ပြန်အမှတ်ရပါတယ်။ ရှားရှားပါးပါးတွေ့ရတဲ့ ရန်ပွဲလေးမှာ ဓော နည်းနည်းလျှော့တဲ့ ကို့ဘက်ကလည်း နည်းနည်းပြန်ပြင်တဲ့။ ညီရော... ဆမ်းမား ပြောသလို အနည်းငယ် လျှော့ပေးသင့်သလား။

" ညီ့သဘောနဲ့ တစ်သက်လုံး နေမလား "

" ဟင့်အင်း... မနေပါဘူး "

" အရင်ကတော့ အစစ ညီ့သဘောဆို "

" ဒါတွေက တတ်နိုင်သရွေ့ ညှိနှိုင်းလျှော့ချလို့ရတဲ့ ကိစ္စတွေဆိုတော့ ညီ့သဘောပါပဲ... ဒါပေမယ့် ညီက ဆမ်းမား အတွက်... သိက္ခာကျမယ့် ကိုယ်ကျင့်တရား ထိခိုက်စေမှာမျိုးတွေ လုပ်ခိုင်းခဲ့ရင်တော့ မလိုက်လျောနိုင်ပါဘူး "

" ဟာကွာ... ကိုယ်ကျင့်တရားကို ထိခိုက်မှာမျိုး မင်းကို ခိုင်းဖို့မပြောနဲ့ ကိုယ်တိုင်တောင် မလုပ်ဘူး..."



" မှန်ကန်တဲ့ ကိစ္စမျိုးဆို ညီ့သဘောပါ... "

" ဒါဆို ဆမ်းမား မျက်မှန်ပြန်လဲ... မင်းမျက်နှာနဲ့ မလိုက်ဘူးဆိုရင်ကော "

" ဒီလောက်က အသေးအမွှားပဲ ရန်ကုန်ပြန်ရောက်တာနဲ့ လဲလိုက်မယ်... "

ညီမြင့်မိုရ်... မင်းရဲ့ရည်ရွယ်ချက်တွေ ဘယ်ရောက်သွားလဲ။ မင်းရဲ့ စကားတွေကော ပြောလေ... မင်းလို ဘဲရုပ်ဆိုးကို ငါ ကွာချင်တဲ့နေ့ ကွာပစ်မယ်လို့ ပြောမယ်ဆို။ အခု ပြောလေ... တွေးတော့ တစ်မျိုးပါလား...။

ဘာလို့လဲ ဆမ်းမား...

မင်းဟာ ငါ တွေ့ကာစကနေ သိပ်မကြာခင်အချိန်ထိ မင်း ထင်ရာစိုင်းနေတဲ့ ဘဲရုပ်ဆိုးပါ... စကားပြောရင်လည်း... ဘယ်တော့မှ မချောမွေ့ခဲ့ပါဘူး။ လုပ်ချင်ရာလုပ်မယ့် အပြောအဆိုတွေနဲ့ တွေ့ခဲ့ကြတာ မဟုတ်လား။ ခုမှ ဘာလို့ ပြောင်းလဲသွားခဲ့လဲ...။

◈

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ညဘက်မို့လား... ပင်လယ်ကို ဖြတ်တိုက်လာတဲ့ လေက ပိုပြင်းသလို အေးနေတယ်။ လှိုင်းသံကိုတော့ ဆူဆူညံညံ ကြားရတာပါလား...။ သောင်ပြင် တစ်လျှောက် ဖွဖွလျှောက်ခဲ့တာ...။ လရောင် အနည်းငယ်ရှိနေတယ်။ ဒါကြောင့်လည်း ကျောက်ဆောင်တွေကို မပီဝိုးတဝါး မြင်ရပါလား။

ဆမ်းမား အနှစ်သက်ဆုံးက အုန်းလက်တွေရဲ့ ရိုက်ခတ်သံပါပဲ။ ပြီးတော့ အုန်းလက်ပေါ်မှာ အလင်းရောင် အနည်းငယ် ရှိတယ်။

" ငါက မင်းကို ဒုက္ခပေးဖို့ နှိပ်စက်ဖို့ လက်ထပ်ခဲ့တာကို စာထဲမှာ ဖတ်ရပါလျှက် ဘာလို့ လက်ထပ်ခဲ့လဲ..."

" ဆမ်းမား သိတယ်... ဆမ်းမားရဲ့ခြေလှမ်းတွေက အစမှာ မဝံ့ရဲပေမယ့်... အချစ်ကို တွေ့တဲ့အခါမှာတော့ ညီရဲ့နှလုံးသားဟာ နွံအိုင်တစ်အိုင်လို့ သိပေမယ့်... ဆမ်းမား ဘဝတစ်ခုလုံး နစ်မြုပ်ပြီး သေဆုံးရလိမ့်မယ် သိပေမယ့်... ရဲဝံ့တဲ့ ခြေလှမ်းတွေ ဖြစ်စေဖို့ အချစ်က ပို့ပေးခဲ့တာပါ... ညီကို ဆမ်းမား မကြိုက်နှစ်သက်ခဲ့တာ အပေါ်ယံအပြင်အဆင်ပါ ဒါပေမယ့် ညီ့နှလုံးသားကိုတော့ ချစ်ခဲ့မိတယ်... ဆမ်းမားရဲ့ ခြေလှမ်းတွေဟာ အဲဒီ နွံအိုင်မှာ ကျွံနစ်ဝင်စေမယ် သိသိနဲ့ လှမ်းခဲ့တာ... ညီကို ချစ်လို့ပါ...



ဝန်ခံလိုက်မယ်။ ဆမ်းမားမှာ အပြစ်တွေလည်း ရှိခဲ့တာပဲ။ မိန်းကလေး တစ်ယောက်ဟာ ယောကျ်ားလေးတစ်ယောက်ကို ဘယ်လိုပဲ မနှစ်သက်ပါစေ စိတ်မှာ သိုဝှက်လို့ အလိမ္မာလေးနဲ့သာ ငြင်းသင့်တာ။ ဆမ်းမားကတော့ တစ်ဖက်သားကို မနှစ်သက်တဲ့အတိုင်း ပြောခဲ့မိတယ်... တစ်ဖက်သားကို အရှက်သည်းပြီး နာကျင်စေခဲ့လို့သာ ခုလိုမျိုး.. ပြန်လည်နစ်နာခြင်းတွေကို ရခဲ့တာ...။

ဖက်ရွက်ကလေးက ဆူးဒဏ်ရာ မရဖို့ လှပစွာ ရှောင်ရှားသင့်ပါလျှက်...။ ညီက ဝရန်တာလက်ဟန်းပေါ်မှာ ထိုင်နေရင်း ဟိုးအမှောင်ဆီ ကြည့်နေတယ်လေ... ညီ့ရင်ထဲ ဘာတွေရှိနေမလဲ။ ဆမ်းမားကတော့ ရတ်တရက် ဝင်လာတတ်ပြီး နှလုံးသားမှာ ချက်ချင်း ရဲဝံ့စေတဲ့ အချစ်ကို တွေ့ရှိအံ့သြခဲ့ရပြီးပါပြီ...။

ရှေတိုးရင် ခံစားရင်ဆိုင် နာကျင်ရမှာတွေ အများကြီးလို့ သိခဲ့ပါလျက်...။ ခြေလှမ်းတွေက ဘာလို့များ မရပ်နိုင်ခဲ့ရလဲ... မတွန့်ဆုတ်ခဲ့ရပါသလဲ...။

ညီထိုင်နေတဲ့ ဝရန်တာ လက်တန်းကို မှီပြီး ရပ်နေမိတယ်။

ပြောပါလား။ တစ်နေ့နေ့ တစ်ချိန်ချိန် ဆမ်းမားကို ထားရစ်ထွက်ခွာမှာပါပဲလို့ ပြောနိုင်ပါတယ်။

ကောင်းကင်ပေါ်မှာတော့ လခြမ်းကလေး ရှိနေပါလား။ တစ်ချို့နေရာလေးတွေမှာ မီးရောင်ကြောင့် လရောင်ဟာ နေရာမရနိုင်ရှာပါဘူး။

" လှိုင်းရိုက်သံက အတော်ပြင်းတယ်... ရေစပ်မှာ လမ်းလျှောက်ရရင် ပျော်မလား "

" လရောင်က နည်းနည်းလေးပဲ ရှိနေတာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



သလိုပါပဲ... ဒီနေရာလေးမှာ ထိုင်နေရတာ ပိုမကောင်းဘူးလား..."

" ညီက ရေထဲဆင်းလျှောက်ချင်တယ် ဆိုရင်ကော..."

ဆမ်းမားတို့နှစ်ယောက်ဟာ လိုက်လျောညီထွေ နေတတ်ဖို့ လိုတယ်လို့ စိတ်မှာ ခံယူပြီးမှတော့ ညီသွားချင်တယ်ဆိုရင် သွားပေါ့လို့ ပြောမိတယ်။ အဲဒီအခါမှာ တိုးတိုးလေးရယ်နေပြီးတော့ ဒီလောက် လည်း အလိုလိုက်လို့ရတယ် ဆိုပါတော့တဲ့...။

" ဆမ်းမားကို တွေ့တွေ့ချင်းမှာကို... ဘယ်လိုပုံမှန်းမသိဘူးဆို ရင်ထဲဝင်လာတယ်... ဒါပေမယ့် အချစ်ရဲ့ လှည့်စားမှုကို ညီ အချစ်ပါလို့ လက်ခံမရခဲ့ဘူး..."

" ဆမ်းမားလည်း ဒီလိုပါပဲ... ညီ့ကို ကြည့်မရဘူး... ကြည့်မရဘူးနဲ့... ကိုကိုနဲ့ နီးနီးကပ်ကပ်နေရရင် ညီနဲ့ ရန်ဖြစ်ရတာ ပိုကောင်းတယ်လို့ တွေးမိတာဟာ... အဲဒါ အချစ်လား..."

ပန်းစွန်းကို ဖွဖွဖက်ထားတဲ့အခါမှာတော့ ရင်ခွင်ကို ငြင်သာစွာ မှီထားမိပါပြီ...။

" ဒီလောက်လှပတဲ့နှလုံးသားကိုများ နှံ့အိုင်တစ်အိုင်လို့ မင်းထင်တယ်လား "

" ဆမ်းမား နစ်မြုပ်သွားမှာလို့ ခံစားခဲ့ရတာကိုး... ဒါပေမယ့်... ခြေလှမ်းတွေ နည်းနည်းမှ မတွန့်ဆုတ်ခဲ့တာ ညီ ယုံကြည်..."

" အဲဒီလောက်တောင် ချစ်တယ်..."

" ညီကရော..."

" ညီက မချစ်ဘူး... ဆမ်းမားကို နည်းမျိုးစုံနဲ့ နှိပ်စက်မလို့..."



" ဒါကြောင့် ပြောတာပေါ့ ညီ့နှလုံးသားက နှံ့အိုင် တစ်အိုင်ပါလို့ ဆမ်းမား နစ်မြုပ်သေဆုံးရလိမ့်မယ်..."

နှမ်းယောက်အတူ ရယ်မိပြီ...။ လွင့်ပျံသွားတဲ့ ရယ်မောသံ လေးက ဖြတ်တိုက်လာတဲ့ လေညင်းလေးမှာ ပါသွားပြီး အုန်းလက် တွေကို တငြိမ့်ငြိမ့် လှုပ်ခတ်စေသလားကွယ်...။

" အခု ညီ့ရင်ခွင်မှာနေတော့ မရက်တော့ဘူးလား "

" ရက်တယ်... အုန်းလက်တွေလည်း ရှိတယ်... လှိုင်းတွေလည်း ရှိတယ်... ပြီးတော့ လခြမ်းပဲ့လေးလည်း ရှိတယ်..."

" ညီတို့နှစ်ယောက် တစ်ယောက်အကြိုက် တစ်ယောက် ကြည့်ပြီး... လျှော့လိုက်ပြင်လိုက်နဲ့... ထာဝရအတူရှိဖို့ ချစ်ခင်နိုင်ဖို့ ကြိုးစားကြရအောင်လား..."

" ဟုတ်ပြီလေ... အချစ်ကို အချစ်လို့ သိတဲ့အချိန်ကစ ထာဝရအနားမှာရှိဖို့ ဘယ်လို ပြင်ဆင်ကြမလဲ ဆမ်းမား စဉ်းစား ပါတယ်... မခွဲခွာချင်ရင်တော့ ညှိနှိုင်းတိုင်ပင်ပြီး အလျှော့ပေးနိုင်တာ အလျှော့ပေး... အတ္တတွေတော့ ဖယ်ရမှာပေါ့..."

" ဘဲရုပ်ဆိုးက လိမ္မာတာပဲ "

" ခေါ်ပြန်ပြီလား..."

" ဘဲရုပ်ဆိုးရဲ့ ဖြူစင်တဲ့ နှလုံးသားမှာ ပန်းရောင် ရောင်စဉ်တွေနဲ့ ပြည့်စုံတဲ့ အချစ်ကို ဘယ်သူက အရောင်ဆိုးပေး ခဲ့တာလဲ..."

" ကြည့်မရတဲ့ ကိုအလှကြိုက်ပေါ့..."

" ဆမ်းမားအကြိုက် လိုက်ဝတ်ရင်းက ညီတောင်မှ အရင်လို တောင်ပနေတာတွေ မဝတ်ရဲသလို ဖြစ်နေတယ်..."

www.burmeseclassic.com

www.burmeseclassic.com



" ကောင်းတယ်..."

" ဒါပေါ့လေ... ချစ်သူအကြိုက် လိုက်ရှီးမှာပေါ့... ဒါလည်း အလျှော့ပေးတာပဲ မဟုတ်လား..."

" ချစ်သူ..."

" ဟုတ်သားပဲ မေ့လို့... ချစ်ဇနီးလေး ဘဲရုပ်ဆိုးပါ "

" လာပြန်ပြီ... ဒီဘဲရုပ်ဆိုးမပါရင် မဖြစ်ဘူးလား "

" ကားတွန်းပေးတဲ့ အချောလေးကို ကြည့်ပြီး ဘာပုံလေးလဲဆို ညီရယ်ခဲ့ဖူးတယ်... နောက်မှ ညီ့ချစ်ဇနီးဖြစ်လာလိမ့်မယ်မှ မထင်ခဲ့တာ..."

မနက်ဖြန်ဆိုတာ ဘာမှမသိခဲ့ပါဘူးလေ...။ အမုန်းလို့ ထင်ရာက အချစ်ကို ရင်မှာ အမြစ်တွယ် စွဲငြိမှ ဆမ်းမားသိခဲ့ရတာ...။

" ဆမ်းမားကို ချစ်တယ် "

" ငါ့ကို နင်ချစ်တယ် မဟုတ်လားလို့ မမေးတော့ဘူးလား"

" မမေးတတ်ခဲ့လို့ပါ... ဆမ်းမားဆီက အချစ်ကို ရယူချင်တာကတော့ အတူတူပါပဲ... ဆမ်းမားကို ချစ်တယ်..."

" အရင်တစ်ခါလို သစ်ခွပွင့်လေးပေးပြီး ချစ်တယ်လို့ မပြောတော့ဘူးလား "

" ဒီတစ်ခါတော့ သစ်ခွပွင့်လေးတော့ မရှိဘူး အနမ်းပွင့်လေးပဲ ရှိတယ် "

ပါးမို့မို့ကို တိုက်ခတ်လာတဲ့ လေညင်းက နွေးထွေးလွန်းပါလား။ အဲဒီလေညင်းလေးက အနမ်းပွင့်များစွာကို သယ်ဆော ပြီးတော့... အုန်းပင်တန်းဆီ ဖြတ်သန်းသွားတဲ့အခါမှာ...။

တိမ်မိုင်ဖြူတွေကလည်း ရွေ့လျားသွားတယ်။ အုန်းလက်...



ကလည်း တငြိမ့်ငြိမ့် လှုပ်ခတ်နေတုန်းပါ။ လခြမ်းပုံလေးကတော့ အနမ်းပွင့်တွေကို ရှက်ရွံ့စွာနဲ့ အုန်းလက်တစ်ခက်ကို ကွယ်ပြီး ပုန်းအောင်းနေခဲ့ပြီ...။

ရင်ခုန်သံလား... လှိုင်းခတ်သံလားတော့မသိ။

တိုးညင်း... နွေးထွေးပြီးတော့ စည်းချက်ညီညီ လှုပ်ရှားလူးလွန့်နေလေရဲ့။

အခုတော့လည်း နှလုံးသားမှာ အချစ်များ ပြည့်လျှံစွာ ပျော်ရွှင်ကြည်နူးခြင်းတွေနဲ့... ရဲရဲဝံ့ဝံ့ ခြေလှမ်းတွေကို ဆက်လက် လျှောက်လှမ်းရင်း...။

သိပ်ချစ်တတ်ခဲ့ပါပြီ။

နိုင်ဇင်သက်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com